# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက် | ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၉၆)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
အမိန့်အမှတ် ၂၄၅/၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင်

*စာမျက်နှာ ၄ ကော်လံ ၁* ❑

**ယနေ့ မာတိကာ**


**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနိုင်ရေး ရုံးပိတ်ရက်များတွင်လည်း ဆောင်ရွက်ပေးလျက်ရှိ** စာ - ၅

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ ရွေးကောက်ပွဲရလဒ်များနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်** စာ - ၁၀


## ရန်ကုန်မြို့၌ Oxygen Tank Station တစ်ခုကို ဇူလိုင်လအကုန်တွင် ပြီးစီးနိုင်ရေးတည်ဆောက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၅**

ရန်ကုန်မြို့၏ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင် - ၁၀၀၀ ၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ပေါင်း ၁၄၄၀ ဖြည့်ဆည်းပေးနိုင်မည့် Oxygen Tank Station တစ်ခုကို ဇူလိုင်လအကုန်တွင် ပြီးစီးနိုင်ရေး အတွက် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Oxygen Tank Station ၏ အောက်ဆီဂျင်ထုတ်လုပ်ပေးမည့်နည်းစနစ်မှာ Liquid Oxygen အား Oxygen Tank Station အတွင်းသို့ ထည့်သွင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❁

# ပရိတ်အရံအတားနှင့် ကပ်ရောဂါ

မြတ်စွာဘုရားရှင်လက်ထက် ဝေသာလီပြည်တွင် အနာရောဂါ ဘေး၊ ဘီလူးသရဲတို့၏ ဘေး၊ ငတ်မွတ် ခေါင်းပါးခြင်းဘေး ဟူသော ဘေးအန္တရာယ်ကြီးသုံးမျိုး ကျရောက်ခဲ့သည်။ ယင်းဘေးအန္တရာယ်ကြီးများမှ လွတ်မြောက်ပါစေခြင်းအကျိုးငှာ ဝေသာလီပြည် လိစ္ဆဝီမင်းတို့က ဂင်္ဂါမြစ်တစ်ဖက်ကမ်းတွင်ရှိပြီး ရှစ်ယူဇနာကွာဝေးသော ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေသည့် မြတ်စွာဘုရားကို ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးမှတစ်ဆင့် ပင့်ဖိတ်လျှောက်ထားသောအခါ ဘုရားရှင်သည် ညီတော်အာနန္ဒာနှင့်အတူ ရဟန္တာငါးရာ ခြံရံ၍ ဝေသာလီပြည်သို့ ကြွချီတော်မူသည်။

မြတ်စွာဘုရား ဝေသာလီပြည်သို့ ရောက်သည်နှင့် ကောင်းကင်ယံ၌ မိုးတိမ်များ အုံ့ဆိုင်းကာ မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး သေဆုံးပုပ်ပွနေသည့် ရုပ်အလောင်းများ ရေနှင့်မျောပါကာ မကောင်းသည့် အနံ့များကင်းစင်၍ သန့်ရှင်းသွားသည်။ မြတ်စွာဘုရားသည် တံတိုင်းသုံးထပ်ကာရံထားသည့် ဝေသာလီမြို့၏ တတိယတံတိုင်းတွင် ရတနသုတ်ကို ညီတော်အာနန္ဒာအား ဟောပြောသင်ကြားပေးပြီး ညီတော်အာနန္ဒာမထေရ်က တံတိုင်းသုံးခုစလုံးတွင် ညလုံးပေါက် ရွတ်ဖတ်သရဇ္ဈာယ်ပေးခဲ့သည်။ မြတ်စွာဘုရားသည် ရတနသုတ်ကို ဝေသာလီတွင် ခုနစ်ရက်တိုင်တိုင် ဟောတော်မူခဲ့သည်။

ဘယာဥပဒ်၊ သတ်ဖြတ်ခန္ဓာ၊ ဒုဗ္ဘိက္ခာနှင့်၊ ရောဂါဖျက်ဆီး၊ မှုကြီးထွေရာ၊ တွေ့ရောက်လာသော်၊ ယာနီဓဘူတ၊ ရတနဟု၊ တေဇလျှံထိပ်၊ သုတ်ပရိတ်ကို၊ စိတ်သစ္စာမှု၊ ရွတ်ဖတ်ပြုလေ့ ဆိုသည့် လင်္ကာလေးအတိုင်း ကပ်ကြီးသုံးပါးမှ လွတ်မြောက်ခြင်း၊ စုန်းတစ္ဆေ၊ ပယောဂတို့ကို နိုင်ခြင်း၊ အမှုအခင်းတို့နှင့် ရင်ဆိုင်ရခြင်းတို့မှ လွတ်မြောက်ခြင်းဟူသော အကျိုးကျေးဇူးတို့ကို ရတနသုတ်ပရိတ် ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ရရှိနိုင်သည်ဟု ဗုဒ္ဓဘာသာဝင်တို့က ယုံကြည်ကြသည်။ အစားအစာ ငတ်မွတ်ခေါင်းပါးခြင်း၊ ကပ်ရောဂါများ ကျရောက်ခြင်း၊ စစ်မက်လက်နက်တို့ကြောင့် ဘေးအန္တရာယ်ကျရောက်ရခြင်း ဟူသော ကပ်သုံးပါးတို့မှာ လူတို့တွင် လောဘဖုံးလွှမ်းခြင်း၊ မောဟဖုံးလွှမ်းခြင်း၊ ဒေါသဖုံးလွှမ်းခြင်းတို့မှ အစပြုခြင်းဖြစ်သည်။ ပရိတ်တရားတို့ကို နာယူခြင်း၊ ရွတ်ဖတ်ပူဇော်ခြင်းတို့သည် ကုသိုလ်အမှုများဖြစ်ကြပြီး လောဘ၊ မောဟ၊ ဒေါသတို့ လျော့ပါးကင်းစင်စေခြင်းက လိုရင်းဖြစ်သည်။ ပရိတ်တရား၏ အကျိုးကိုရခြင်း၊ မရခြင်းတို့မှာ ရွတ်သူ၊ နာသူတို့အပေါ်တွင်တည်သည်။

မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်တို့၏ အမေးအဖြေတွင် ပရိတ်အရံအတားတို့၏ အကျိုးနှင့်စပ်လျဉ်း၍ "ကံပိတ်ပင်တားမြစ်ခြင်းမှ လွတ်ကင်းသူ၏ အကျိုးငှာ ပရိတ်အရံအတားကို မြတ်စွာဘုရားက ဟောကြားခြင်းဖြစ်သည်" ဟု ရှင်နာဂသိန်က ဖြေခဲ့ပြီး" မဟာရာဇာ-ဥပမာ-သေ၍ ခြောက်သွေ့ကာ အဆီသြဇာမရှိသော အခေါင်း ရှိသည့် သစ်ပင်အား ရေအိုးတစ်ထောင်ဖြင့် ပက်ဖျန်းသော်လည်း တစ်ဖန်ပြန်၍ စိမ်းစိုကာ ရွက်ညွှန့်ထွက်ရန် မဖြစ်နိုင်ပါ။ ထို့အတူပင် အသက်ကုန်ခါနီးသူအား ဆေးကုခြင်း၊ ပရိတ်ရွတ်ခြင်းတို့ဖြင့် အကျိုးမရှိပါ" ဟု ဆက်လက်ရှင်းပြခဲ့သည်။ အမေးအဖြေ၏ နောက်တစ်နေရာတွင် "ဘန္တေ-သို့ဖြစ်ပါလျှင် အလုံးစုံသော သူတို့အား ပရိတ်အရံအတားသည် ကာကွယ်စောင့်ရှောက်ပါသလော"၊ "မဟာရာဇ-အချို့ကို စောင့်သည်၊ အချို့ကိုကား မစောင့်ပါ"၊ "သို့ဖြစ်ပါလျှင် ဘန္တေ- ပရိတ်သည် အလုံးစုံသော အကျိုးကို မပြီးပါတကား" ဟု မိလိန္ဒမင်းကြီးက ကောက်ချက်ချသဖြင့် လူတို့စားသော အစာအာဟာရသည်ပင် အချို့သူတို့အတွက် ဘေးဖြစ်ကြောင်း၊ အစာအာဟာရကို ကောင်းစွာမမှီဝဲသည့်အခါ အသက်အန္တရာယ်ပင်ဖြစ်ကြောင်း ရှင်နာဂသိန်က ဟောကြားခဲ့ပြီး ပရိတ်သည် အချို့ကိုမစောင့်၊ အချို့ကိုစောင့်သည်။ အကုသိုလ်ကံအားကြီးသောသူ၊ အစဉ်ထာဝရ အယူအဆမှားယွင်းနေသူနှင့် အယုံအကြည်ကင်းမဲ့သူအား ကာကွယ်စောင့်ရှောက်သော်လည်း အကျိုးမရောက် ဖြစ်ရသည်။ ဥပမာ အမိသည် များစွာသော အပြစ်ဒဏ်တို့ဖြင့် အချုပ်အနှောင်ခံရသော သားမိုက်ကို စောင့်ရှောက်လိုသော်လည်း မစောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ အရှိန်အဟုန်မြင့်တက်နေချိန်တွင် အရံအတားအဖြစ် ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ကြမည့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့အတွက် ဝေမျှအပ်ပါကြောင်း။ ။

# ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဦးတည်လူအုပ်စုများ သတ်မှတ်၍ ဆက်လက်ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၅**

ကိုဗစ်-၁၉ ကာကွယ်ဆေး၏အာနိသင်သည် အကျိုးရှိထိရောက်သည့်အတွက် ကမ္ဘာ့နိုင်ငံကြီးများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကာကွယ်ဆေးထိုးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသလို မြန်မာနိုင်ငံတွင်လည်း ဦးတည်လူအုပ်စုများသတ်မှတ်၍ မကြာမီ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သိရသည်။

"ယခင်ကာကွယ်ဆေးထိုးဖို့ ရေးဆွဲထားတဲ့ စီမံချက်အပေါ် ခေတ်ကာလနဲ့အညီ အနည်းငယ်ပြုပြင်ပြီး ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ နံပါတ်တစ် ဦးတည်အုပ်စုက ကျန်းမာရေးဝန်ထမ်းတွေ၊ နိုင်ငံဝန်ထမ်းတွေ၊ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေသူတွေ၊ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် မဖြစ်မနေဆောင်ရွက်နေရတဲ့ (လမ်းပန်းဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွား) အုပ်စုတွေက ဦးစားပေး အုပ်စုထဲမှာပါပါတယ်" ဟု ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

ထို့ပြင် ရောဂါဖြစ်ပွားမှုများပြားနိုင်သည့် ဒေသအလိုက် ရောဂါဖြစ်ပွားလာပါက အသက်အန္တရာယ်ရှိနိုင်သည့် အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများ၊ ရောဂါအခံရှိသူများကို ကာကွယ်ဆေးရရှိမှုအပေါ်မူတည်ပြီး ဦးတည်အုပ်စုအလိုက်၊ ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဦးတည်အုပ်စုအားလုံးကို ကာကွယ်ဆေးရရှိမှုအပေါ်မူတည်ပြီး အသုတ်လိုက်၊ အဆင့်အလိုက်၊ အပိုင်းအလိုက် ထိုးနှံပေးသွားမှာဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ ဦးတည်အုပ်စုတွေရဲ့ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးဖို့ လမ်းညွှန်ချက်တွေနဲ့အညီ ဖြစ်မြောက်အောင် ဆောင်ရွက်နေပါတယ်။ ဒါက ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့ သတင်းကောင်းတွေပါ။ မိဘပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံပေးမယ့် အစီအစဉ်မှာ ပူးပေါင်းပါဝင်ပေးကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ထက်လျှံ

# ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့် ကာလအတွင်း စားဝတ်နေရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့် သက်ကြီးအနုပညာရှင်များအား ထောက်ပံ့ငွေများနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၅**



ပြည်သူများကို ရုပ်ရှင်၊ ဂီတ၊ အနုသုခုမ ပညာရပ်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး နိုင်ငံတော်၏ အနုပညာကဏ္ဍ တိုးတက်အောင် လုပ်ဆောင်နေကြသည့် အနုပညာရှင်များ၊ ၎င်းတို့နှင့် ဆက်စပ် လုပ်ကိုင်နေကြသူများသည် အနုပညာလုပ်ငန်းများ လုပ်ကိုင်နေမှသာလျှင် အဆင်ပြေကြသူများဖြစ်၍ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အလုပ်အကိုင် ရှားပါးလျက်ရှိသဖြင့် စားဝတ်နေရေး အခက်အခဲများဖြစ်ပေါ်လျက်ရှိသည့် သက်ကြီးအနုပညာရှင်များအား ထောက်ပံ့ငွေနှင့် စားသောက်ကုန် ပစ္စည်းများကို ထောက်ပံ့ပေးလျက်ရှိသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် သက်ကြီးအနုပညာရှင် ဒါရိုက်တာ ငါးဦး၊ သရုပ်ဆောင် လေးဦး၊ ဇာတ်ပို့၊ ဇာတ်ရံ ၁၀ ဦး၊ ဇာတ်ညွှန်း လေးဦး၊ စက်မှု ငါးဦး၊ တည်းဖြတ် တစ်ဦး၊ ကင်မရာ တစ်ဦး၊ စုစုပေါင်း ၃၀ တို့အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ဆန်၊ ဆီ၊ ကြက်ဥ၊ တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက အဆိုပါ သက်ကြီးအနုပညာရှင် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ရာ **(အပေါ်ပုံ)** သက်ကြီးအနုပညာရှင်များက ဝမ်းပန်းတသာ လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြသည်။

အဆိုပါ သက်ကြီးအနုပညာရှင်များအတွက် ထောက်ပံ့ပေးအပ်ခဲ့သည့် ထောက်ပံ့ငွေနှင့် စားသောက်ကုန် ပစ္စည်းများ၏ တန်ဖိုးမှာ စုစုပေါင်းငွေကျပ် ၃၂၄ သိန်းကျော် ဖြစ်ကြောင်းနှင့် စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် အခြား သက်ကြီး အနုပညာရှင်များကိုလည်း ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ပါးစပ်၊ နှာခေါင်းစည်းများ ပေးဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၅**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ လူစည်ကားရာ ဘုရားစေတီများ၊ ရပ်ကွက်များ၊ ဈေးများ၊ လမ်းများ၌ ပြည်သူများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပါးစပ်၊ နှာခေါင်းစည်း အခု ၂၀၀ တို့ကို ပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မိုး/ဇလ**

## ပူးပေါင်းဆောင်ရွက်ပေးမှု လိုအပ်

စေတနာ့ဝန်ထမ်းများ ခေါ်နေတာ ရှိပါတယ်။ တချို့လည်း လာရောက်သတင်းပို့ကြတာရှိပါတယ်။ ဒါပေမယ့်လည်း အကြောင်းအမျိုးမျိုးကြောင့် ဟိုကလည်း ခြိမ်းခြောက်၊ ဒီကလည်း ခြိမ်းခြောက်ဆိုတော့ မလာရဲ၊ မပြုရဲနဲ့ လုပ်ကြတာရှိတယ်။ တချို့လည်း အပြင်ရောက်နေတဲ့သူတွေ လာချင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲဖြစ်နေတာကို တွေ့ရတယ်။ ဒါတွေကို ကြိုဆိုတယ်လို့ ကျွန်တော် ပြောထားပြီးသားဖြစ်ပါတယ်။ ကြိုဆိုတယ်လို့ ပြောထားပြီးသားဖြစ်တာကြောင့် ပူးပေါင်းဆောင်ရွက်ပေးမှု လိုအပ်တယ်ဆိုတာ ပြောလိုပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၈-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် နေပြည်တော်အချုပ်ထောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အချုပ်ထောင်ကို ကြည့်ရှုစစ်ဆေးသည်။

### လိုက်နာလေ့ကျင့်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အချုပ်ထောင်အဝင်ဝရှိ ကျန်းမာရေးစစ်ဆေးနေမှုနှင့် အချုပ်ထောင်ရှိ အကျဉ်းသူ၊ အကျဉ်းသားများ နေ့စဉ် နံနက်ခင်း ဆောင်ရွက်လျက်ရှိသည့် ကိုယ်လက်ကြံ့ခိုင်ရေးပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစီအစဉ်ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်လျက်ရှိသည့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများနှင့်အညီ လိုက်နာလေ့ကျင့်စေရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အချုပ်ထောင်စားဖိုဆောင်တွင် ထမင်း၊ ဟင်းချက်ပြုတ်နေမှု၊ အမျိုးသားအဆောင် (၁၊ ၂၊ ၃)နှင့် အမျိုးသမီးအဆောင်ကို စစ်ဆေးပြီး နေ့စဉ်ထုတ် မြဝတီ၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများကိုအဆောင်အလိုက် ထားရှိပေးရေးနှင့် အဆောင်တိုင်းတွင် ရုပ်မြင်သံကြားစက်များ အသစ်ထပ်မံ တပ်ဆင်ပေးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ အချုပ်ထောင်ရှိ ဆေးခန်းကို စစ်ဆေးပြီး လိုအပ်သည့်ဆေးဝါးများကို ထပ်မံတင်ပြတောင်းခံရေး၊ အချုပ်ထောင်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေး မှာကြားသည်။

### ကာကွယ်ဆေး အမြန်ထိုးနှံ

ထို့နောက် အချုပ်ထောင်ရှိ စည်းကမ်းထိန်းသိမ်းရေး ရုံးခန်းအတွင်း အချုပ်သား ခြောက်ဦးနှင့် အပြစ်ကျတရားခံ နှစ်ဦးတို့ကို တွေ့ဆုံကာ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြားချက်များကို သိရှိလိုက်နာကြရန် လိုအပ်ကြောင်း၊ ထပ်မံရောက်ရှိလာသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်၊ အချုပ်ထောင်များရှိ အကျဉ်းသူ၊ အကျဉ်းသားများနှင့် အချုပ်သူ၊ အချုပ်သားများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ညွှန်ကြားစီမံမှုဖြင့် ကာကွယ်ဆေး အမြန်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ထုတ်လွှင့်နေသည့် သတင်းများကို ကြည့်ရှုခြင်းအားဖြင့် သတင်းအမှန်များ သိရှိနိုင်မည်ဖြစ်ကြောင်းနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ပွင့်လင်းစွာ မေးမြန်း ဖြေရှင်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အချုပ်ထောင်ရှိ ဝန်ထမ်း၊ မိသားစုများနှင့် တွေ့ဆုံကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ညွှန်ကြားချက်များကို တိတိကျကျ၊ တင်းတင်းကျပ်ကျပ် လိုက်နာကြရန်နှင့် ဝန်ကြီးဌာန မိသားစုများ စည်းလုံးညီညွတ် ပျော်ရွှင်စွာနေထိုင်ကြရေး၊ လုံခြုံရေး ဂရုပြုကြရေးတို့ကို မှာကြားပြီး အာလူး၊ ကြက်သွန်၊ ကြက်ဥ၊ ဆီနှင့် ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်သည်။

### လိုက်လံကြည့်ရှုစစ်ဆေး

ဆက်လက်၍ နေပြည်တော် အချုပ်ထောင်၏ မြေလွတ်နေရာများတွင် နေပြည်တော် ပတ်ဝန်းကျင်ရှိ အကျဉ်းထောင်၊ အချုပ်ထောင်များသို့ ရိက္ခာတင်ပို့နိုင်ရေးအတွက် အသားတိုး နွားနှင့် ဥစားကြက်မွေးမြူရေး၊ မြေနေရာဖော်ထုတ်ထားရှိမှုနှင့် တစ်ရှူးငှက်ပျောပင် ၂၀၀၀ စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

### အသေးစိတ်မှာကြား

ပြည်ထောင်စုဝန်ကြီးအနေဖြင့် အချုပ်သား၊ အကျဉ်းသား၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို တွေ့ဆုံစဉ် ကောလာဟလသတင်းများနှင့် ပတ်သက်၍ အကျဉ်းထောင်၊ အချုပ်ထောင်များအလိုက် ကိုဗစ်-၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆောင်ရွက်နေမှုတို့ကို ပြည်သူလူထုနှင့် အကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်သူ၊ အချုပ်သားများ သိရှိစေရေး သတင်းမှန်ပြန်ကြားရေးကို စနစ်တကျဆောင်ရွက်ပေးရန်နှင့် လက်ရှိဆောင်ရွက်နေသည့် ကာကွယ်ရေး၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားသည်။

### သာမန်ကူးစက်မှုအဆင့်သာ

ကိုဗစ်-၁၉ တတိယလှိုင်းကာလ မြန်မာနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်များတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ အကျဉ်းသား၊ အချုပ်သား ၅၆၆ ဦးရှိခဲ့ပြီး ကုသပျောက်ကင်းသူ ၂၃၄ ဦး၊ လက်ရှိအကျဉ်းထောင်များရှိ သီးသန့်ဆေးရုံများတွင် ကုသနေသူ ၃၁၄ ဦးနှင့် သေဆုံးသူ ကိုးဦးရှိကြောင်း သိရှိရပြီး သေဆုံးသူ ကိုးဦးမှာလည်း မူလရောဂါအခံရှိသူများ ဖြစ်ကြောင်းနှင့် ကုသဆဲလူနာများတွင်လည်း သာမန်ကူးစက်မှု အဆင့်သာရှိပြီး စိုးရိမ်ရသည့် လူနာများ မရှိကြောင်း သိရသည်။

**သတင်းစဉ်**



**စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် နေပြည်တော် အချုပ်ထောင်၌ ကြည့်ရှုစစ်ဆေးစဉ်။**

❀ ရှေ့ဖုံးမှ

သို့လှောင်ပြီး ၎င်းမှတစ်ဆင့် Gas Oxygen အဖြစ် ပြန်လည်ထုတ်ပေးသောစနစ် ဖြစ်သည်။ ၎င်း Oxygen Tank Station ၏ ဝင်ဆံ့မှုမှာ တန် ၅၀ ဖြစ်ပြီး Gas Oxygen ထုတ်လုပ်နိုင်မှုအနေဖြင့် ၄၀ လီတာ အိုး ၇၅၀၀ ဖြစ်၍ တစ်နာရီလျှင် Gas Oxygen ၄၀ လီတာအိုး အလုံး ၆၀ ကို တစ်ပြိုင်နက်တည်း ဖြည့်ဆည်းပေးနိုင်ကာ တစ်ရက် ထုတ်လုပ်နိုင်မှုအနေဖြင့် Gas Oxygen ၄၀ လီတာအိုး ၁၄၄၀ ကို ၂၄ နာရီ အဆက်မပြတ် ထုတ်လုပ်နိုင်သည်။

### နေ့ညမပြတ် ဆောင်ရွက်

ယခုအခါ Oxygen Tank Station ၏ Oxygen Tank ထားရှိမည့် ခုတုံး (၃၀ x ၃၀) ပေနှင့် Filling Station (၆၀ x ၄၀) ပေ အား တည်ဆောက်ရာ၌ Oxygen Tank ခုတုံး Foundation အား Ground Level အောက် ၁၀ ပေ ခန့်နှင့် Plinth Level ၃ ပေ ထားရှိနိုင်ရေးအတွက် ဇူလိုင်လကုန်တွင် ပြီးစီးနိုင်ရေး နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

## မိုးပိုနေမည်

**နေပြည်တော် ဇူလိုင် ၂၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

❏ ရှေ့ဖုံးမှ

နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

(က) **ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
- (၁) လယ်ဝေးမြို့နယ်။

(ခ) **မကွေးတိုင်းဒေသကြီး**
- (၁) ပွင့်ဖြူမြို့နယ်၊
- (၂) မင်းဘူးမြို့နယ်၊
- (၃) အောင်လံမြို့နယ်။

(ဂ) **ရှမ်းပြည်နယ်**
- (၁) ညောင်ရွှေမြို့နယ်၊
- (၂) တောင်ကြီးမြို့နယ်၊
- (၃) ရပ်စောက်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် -
- (၁) အစိုးရဌာနများတွင်တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
- (၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေး ဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံး ပစ္စည်းထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများ မပါ၊
- (၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှု လုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင်အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်း မွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊
- (၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေ ကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/ သွင်းကုန် သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊
- (၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေး ဆောင်ရွက်သော လက်ခစား လုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင် တစ်ဦးသာ သွားရောက်ရန်၊

(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင် နှစ်ဦးသာ သွားရောက်ရန်၊

(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊

(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊

(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၆-၇-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

## မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ ပီတာ ဗောင်းစ် အား ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဒယ်နီယယ် ပထရစ် ဘရန်ဒန် ချဂ် ၏နေရာတွင် မစ္စတာ ပီတာ ဗောင်းစ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ပီတာ ဗောင်းစ် ကို ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလတွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် အက်ဒင်ဘရာတက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ဘာမင်ဂမ်တက္ကသိုလ်မှ ကျန်းမာရေးစောင့်ရှောက်မှု စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် မဟာဘွဲ့ကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်မှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဗြိတိန်နိုင်ငံပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုဌာန၊ ကမ္ဘာ့ဘဏ်နှင့် ပုဂ္ဂလိကကဏ္ဍတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၃ ခုနှစ်မှ စတင်၍ ဗြိတိန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကဘူးလ်မြို့၊ ကင်ရှာဆာမြို့နှင့် နိုင်ရိုဘီမြို့များရှိ ဗြိတိန်သံရုံးများ၊ ဒါကာမြို့နှင့် နယူးဒေလီမြို့များရှိ ဗြိတိန်မဟာမင်းကြီးရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် ဗြိတိန်နိုင်ငံခြားရေး၊ ဓနသဟာယနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အာရှ၊ ကာရီဘီယံနှင့် ပင်လယ်ရပ်ခြားနယ်မြေများဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ပီတာ ဗောင်းစ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီး (၂) ဦးရှိသည်။ **သတင်းစဉ်**

## ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ Mobile Swab Van လွှဲပြောင်းပေးအပ်ခြင်းနှင့် PPE ဝတ်စုံများအပါအဝင် ကိုဗစ်-၁၉ ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**ပြည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီမှ ပေးအပ်သော Mobile Swab Van အား ပြည်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲက ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က Mobile Swab Van အား ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ (ဓာတ်ပုံ)




အဆိုပါ Mobile Swab Van ကို ကျန်းမာရေးဝန်ထမ်းများအား မြို့တွင်း၌သာမက ကျေးရွာများအထိ သွားရောက်၍ ကိုဗစ်-၁၉ သံသယလူနာများအား ကွင်းဆင်းစစ်ဆေးနိုင်ရန် ရည်ရွယ်ပေးအပ်ခြင်းဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။

ထို့အပြင် အခမ်းအနားတွင် ပြည်မြို့ ခေတ္တရာလူငယ်များ သာရေး၊ နာရေး ကူညီမှုအသင်းအတွက် PPE ဝတ်စုံများ အပါအဝင် ကိုဗစ်-၁၉ ကျန်းမာရေးသုံးပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဘဏ်လုပ်ငန်းနှင့် အကောက်ခွန်လုပ်ငန်းဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၅**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံပိုင်ဘဏ်များဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဌာနအကြီးအကဲများနှင့် Virtual စနစ်ဖြင့် တွေ့ဆုံ၍ အများပြည်သူရုံးပိတ်ရက် ဆက်လက်ကြေညာထားသည့် ကာလအတွင်း ဆောင်ရွက်ရမည့် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများနှင့် အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးသည်။ (ယာပုံ)




ဆွေးနွေးစဉ် အများပြည်သူရုံးပိတ်ရက်အဖြစ် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ကြေညာထားစဉ်ကာလအတွင်း အစိုးရဘဏ်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဘဏ်ဖွင့်ချိန်ကာလအတိုင်း ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ဆက်စပ်ဆေးနှင့် ဆေးကိရိယာ၊ အသုံးအဆောင်ပစ္စည်းများ၊ အခြားဆေးနှင့် ဆေးပစ္စည်းများ၊ အရေးကြီး မရှိမဖြစ် ကုန်ပစ္စည်းများတို့ကို လွယ်ကူလျင်မြန်ချောမွေ့စွာ စစ်ဆေးထုတ်ပေးနိုင်ရေး၊ ဘဏ်ဝန်ထမ်းများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ နေထိုင်ရေး၊ ဘဏ်သို့လာရောက်သူ ပြည်သူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများအတိုင်း လိုက်နာစေရေး၊ ပင်စင်လစာများ၊ ဌာနဆိုင်ရာ လစာများ စနစ်တကျထုတ်ပေးနိုင်ရေး၊ ဌာနဆိုင်ရာ ငွေထုတ်ငွေသွင်း၊ ကုမ္ပဏီများ ငွေထုတ်ငွေသွင်း၊ ဘဏ်စာရင်းပြောင်း၊ ငွေလွှဲကိစ္စများတွင် လူစုလူဝေးဖြစ်ပေါ်မှုကို ရှောင်ရှားနိုင်ရေးအတွက် ကြိုတင်စီမံပြင်ဆင်ရေး၊ စိုက်ပျိုးစရိတ် ချေးငွေကြွေးဟောင်းပြေကြေပြီးသူ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေသစ် ထုတ်ပေးရေး၊ ပြည်ပပို့ကုန်/သွင်းကုန်များအတွက် နိုင်ငံခြားငွေရရှိ၊ ထုတ်ပေးခြင်းကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအကြီးအကဲများ၏ စီမံထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနိုင်ရေး ရုံးပိတ်ရက်များတွင်လည်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အရေးတကြီး လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည် မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရက်များတွင် ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန်သွင်းကုန် လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန် လိုင်စင် လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြု ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပင်လယ်ရေကြောင်း ဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများဖြစ်သည့် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ကော့သောင်းတို့မှ အဆက်မပြတ် တင်သွင်းခွင့်ပြုလျက်ရှိသည်။

ဇူလိုင် ၂၅ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၂၆၇၁ လုံး၊ Oxygen Generator ငါးခုနှင့် Test Kit ၄၇၂၉၃ ခုတို့ အပါအဝင် မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် အရည် (Bowser) ယာဉ်သုံးစီးဖြင့် ၅၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၁၆ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၂၇၈၅ ခု၊ နှာခေါင်းစည်း ၃၁ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၂၅ ခုမှ ယာဉ်စီးရေ ၃၇ စီးဖြင့် တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။



ကော့သောင်းကုန်သွယ်ရေးစခန်း၌ အောက်ဆီဂျင်အိုးများကို မော်တော်ယာဉ်ပေါ်သို့ တင်ဆောင်နေမှုကို တွေ့ရစဉ်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ၂၅ ရက်အထိ ယာဉ်စီးရေ ၄၂၅ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် ၅၃၃ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၀၅ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၀၂ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၀၈၇၇ ခု၊ Test Kit ၂၄၅၈၆၈ ခု၊ နှာခေါင်းစည်း ၆၆၅ တန်၊ Oxygen Plant လေးခု၊ Oxygen Generator ၁၄ ခု တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည် သယ်ဆောင်လာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

# ရှုလော့ . . စဉ်းစားလော့ . . သင်ယူလော့ . . အားကုန်ထုတ်၍ အလုပ်လုပ်ကြလော့


ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)

**ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)**

*(ယမန်နေ့မှအဆက်)*

၁၉၅၃ ခုနှစ်မှာ အမေရိကန်သိပ္ပံပညာရှင် ဂျိမ်းစ်ဝက်(တ်)ဆန် (James Watson) နဲ့ ဗြိတိသျှပါမောက္ခ ဖရန့်စစ်ခရစ်(က်) (Francis Crick) တို့ဟာ မျိုးရိုးဗီဇအခြေခံဖြစ်တဲ့ ဒီအောက်ဆီရိုင်ဗိုနျူကလီးယစ်အက်စစ် (Deoxyribonucleic Acid) (DNA) ကို တွေ့ရှိခဲ့တာဟာ တိုးတက်မှုကြီးပဲ။ သိပ္ပံနဲ့နည်းပညာလမ်းကြောင်းပေါ်က DNA ဟာ အနာဂတ် အပြောင်းအလဲကြီးဖြစ်နိုင်တဲ့ ၂၁ ရာစုဟာ မျိုးရိုးဗီဇခေတ် (Genome) ဂျီနူန်းခေတ်ပဲ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ဆက်စပ်ယှက်နွယ်နေတဲ့ ပညာရေးဟာလည်း ဟန်ချက်ညီညီ ပြုပြင်ပြောင်းလဲရမှာဖြစ်ပါတယ်။

၁၉၅၇ ခုနှစ် အောက်တိုဘာ ၄ ရက်မှာ ဆိုဗီယက်က စပွတ်နစ် (Sputnik) ဂြိုဟ်တုတစ်လုံး ကောင်းကင်မှာလွှတ်တင်တော့ ကျွန်တော်တို့ ကလေးဘဝမှာ အံ့သြပြီး မော့ကြည့်ခဲ့တာ အမေတကော တစ်မျှော်တစ်ခေါ်ပါပဲ။

## အင်တိုက်အားတိုက် မောင်းနှင်ခဲ့

စပွတ်နစ် (Sputnik) ဂြိုဟ်တုကိစ္စဟာ သိပ္ပံနဲ့ နည်းပညာ၊ စစ်ရေးနဲ့ စီးပွားရေးထိ တာသွားတာ မြင်တဲ့ အမေရိကန်တို့ဟာ ဆိုဗီယက်ပညာရေးကို လေ့လာခဲ့တယ်လို့ ဖတ်ရှုရပါတယ်။ ထိုကာလများက အမေရိကန်တို့ရဲ့ လိုအင်တစ်ခုကတော့ ကာကွယ်ရေး၊ စစ်ရေးအတွက် ကောင်းကင်ယံမှာ ဆိုဗီယက်တို့ကဲ့သို့ ပါဝင်နိုင်ရေး NASA (National Aeronautics and Space Administration) ကဲ့သို့ ပြည်သူ့အဖွဲ့အစည်းတစ်ရပ် သုတေသနတွေလုပ်ဖို့




လုပ်နိုင်ဖို့ အမေရိကန်တက္ကသိုလ်တွေဟာ ငွေအားတွေရယူပြီး တက္ကသိုလ်သုတေသီတွေကို မွေးထုတ်ခဲ့ပါတယ်။ အမေရိကန်တို့ဟာ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းမှာ သူတို့ရဲ့ တက္ကသိုလ်ပေါင်း ၂၀၀၀ ကျော်ထိ ဖွင့်လှစ်ပြီး ကျောင်းသား ၃.၆ သန်းကို သိပ္ပံနှင့်နည်းပညာနယ်ပယ်မှာ ဇောက်ချ သင်ပေးခဲ့ပါတယ်။ အမေရိကန်တို့ဟာ "Education for all, Science for all" အတွက် ၁၉၆၅ ခုနှစ်မှာ တစ်နိုင်ငံလုံးကို အင်တိုက်အားတိုက် မောင်းနှင်ခဲ့ပါတယ်။ ပြည်တွင်းငြိမ်းချမ်းမှုရှိတော့ လူအားငွေအားတွေ ပုံအောပြီး သုံးနိုင်ခဲ့ပါတယ်။

- မြန်မာဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာ သိပ္ပံနဲ့နည်းပညာကို ဦးစားပေး သင်ကြားမည်ဆိုတဲ့ ပေါ်လစီချခဲ့ပါတယ်။ ကျွမ်းကျင်မှုအမယ်စုံ (Skilled based) ရရှိရေးအတွက်




ဒေသကောလိပ်တွေ ဖွင့်လှစ်ခဲ့ပါတယ်။ သိပ္ပံပညာရပ်တွေမှာ ထူးချွန်ရေး လူရည်ချွန်စီမံကိန်းလည်း ပေါ်ပေါက်ခဲ့ပါတယ်။

ယနေ့အချိန်အခါမှာ အမေရိကန်နိုင်ငံက တက္ကသိုလ်၊ ကောလိပ်ပေါင်း ၃၅၀၀ ကျော် ရှိပါတယ်။ လူဦးရေက သန်း ၃၀၀ ဆိုပါစို့။ ကျွန်တော်တို့နိုင်ငံက လူဦးရေ ၅၄ သန်းထားပါ၊ ဒီအချိုးအရ ကျွန်တော်တို့ဟာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၄၀၀ ကျော် လိုပါလိမ့်မယ်။ အရေအတွက်ကိုပဲ ကျွန်တော်တို့ လုပ်ရပါဦးမယ်။

## အင်္ဂလန်ထက် ပိုပြီးချမ်းသာ

သယံဇာတမရှိတဲ့ စင်ကာပူနိုင်ငံ၊ ထိုင်ဝမ်တို့ဟာ လွန်ခဲ့တဲ့ နှစ် ၇၀-၈၀ က ဆင်းရဲခဲ့ပါတယ်။ ၁၉၇၄ ခုနှစ်မှာ ထိုင်ဝမ်ဟာ တက္ကသိုလ်ဝင်ခွင့်ကို ပြင်းပြင်းထန်ထန် တင်းကျပ်ခဲ့ပါတယ်။ စာတတ်မြောက်ရေးထက် တစ်ဆင့်တက်ပြီး သိပ္ပံပညာတတ်မြောက်ရေးကို အလေးထား ဆောင်ရွက်ခဲ့ပါတယ်။ စက်ရုံတွေကြီးထွားလာခဲ့ပါတယ်။ စင်ကာပူကတော့ ပထဝီအနေအထား အချက်အချာကျပုံကို သိတဲ့အတွက် မဖြစ်စလောက်သော သယံဇာတကို အားမကိုးတော့ဘဲ စီးပွားဖြစ်မယ့် ပညာ၊ စီမံခန့်ခွဲမှုပညာတွေကို ထိထိရောက်ရောက် ကြပ်ကြပ်မတ်မတ်သင်ပေးတာကြောင့် အင်္ဂလန်ထက် ပိုပြီးချမ်းသာသွားပါတယ်။

## ကမ္ဘာကို ဒီလို ပြောကြား

ယနေ့ တိုးတက်ပြီ၊ ချမ်းသာပြီဆိုတဲ့ နိုင်ငံတွေဟာ ဒီလိုပဲ အမြဲတိုးတက် ချမ်းသာမြဲ ချမ်းသာနေကြမှာလား။ ဆင်းရဲတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာလည်း အမြဲပဲ ဒုက္ခပင်လယ်ဝေနေဦးမှာလား။ ဒီလိုအမြဲမဟုတ်ကြပါဘူး။ လူတိုင်း၊ နိုင်ငံတိုင်းမှာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ စိန်ခေါ်မှုတွေရှိသလို အခွင့်အလမ်းတွေလည်း ရှိတယ်ဆိုတာသိဖို့၊ ရှုဖို့၊ စဉ်းစားဖို့၊ သင်ယူဖို့က အဓိကကျကြောင်း အာဖရိကကျေးလက်ပုံပြင်လေးက ကမ္ဘာကို ဒီလို ပြောကြားလိုက်ပါတယ်။

> **"နံနက်အချိန်ရောက်တိုင်း သမင်၊ ဒရယ်၊ ချေ(ဂျီ)ငယ်လေးတွေက အိပ်ရာကထ၊ စဉ်းစားကြပါတယ်။ တို့တစ်တွေ အသက်ရှင်ဖို့ဆိုရင် အလွန်လျင်မြန်တဲ့ ကျား၊ ကျားသစ်၊ ခြင်္သေ့တွေထက် ပို၍မြန်အောင် ပြေးနိုင်မှ ဖြစ်မယ်။ အာဖရိကလွင်ပြင်နဲ့ တောင်ကုန်းပေါ်က သားရဲတိရစ္ဆာန် သတ္တဝါကြီးတွေကလည်း စဉ်းစားပြန်တယ်။ တို့တစ်တွေ အစာပြတ်လို့မဖြစ်ဘူး။ အပြေးနှေးတဲ့ သတ္တဝါလေးတွေထက် မြန်မြန်ပြေး သားကောင်ဖမ်းနိုင်မှ ငတ်မွတ်ခေါင်းပါးခြင်းမှ ကင်းဝေးမယ်တဲ့။"**

ဒီပုံပြင်လေးကပြောတဲ့စကားကို နိုင်ငံကြီးငယ်မဟူ ရှေ့ရေးအတွက် မှတ်ယူကျင့်သုံးကြတာကို တွေ့ရပါတယ်။ ကြီးငယ်မဟူ သတ္တဝါတွေဟာ တောကြီး တောင်ကြီးထဲမှာ ရပ်တည်နိုင်ဖို့ သင်ယူကြရတာချည်းပဲ။

- မြန်မာနိုင်ငံရဲ့ ပန်းတိုင်ကတော့ ၂၀၃၀ ပြည့်နှစ်မှာ ဝင်ငွေအလယ်အလတ်မြင့်တဲ့ နိုင်ငံဖြစ်ဖို့ တစ်နိုင်ငံလုံးက ဆောင်ရွက်ကြရပေမည်။ မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၅၄ သန်း ၁.၈၉ ရာခိုင်နှုန်းနဲ့ နှစ်စဉ် တိုးတက်နေပါတယ်။ လုပ်သားအင်အားစုနဲ့ ၅၂ ရာခိုင်နှုန်းသော လယ်ယာလုပ်သားက တိုင်းပြည်ရဲ့ ဂျီဒီပီ ၃၆ ရာခိုင်နှုန်းကို ထုတ်ပေးနေပါတယ်။ သယံဇာတမျိုးစုံကို ထုခွဲရောင်းချရတဲ့အပေါ် နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်



> **❍ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံကြီး နှစ်နိုင်ငံကြားမှာရှိလို့ အချက်အချာလည်းကျ၊ သယံဇာတလည်း ကြွယ်ဝဆိုပြီးငြိမ်နေရုံနဲ့ ဘာမှဖြစ်မလာပါဘူး။ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့်ထုတ်ပေးခြင်း၊ လူသား အရင်းအမြစ်ရဲ့ အရည်အသွေး၊ အရည်အချင်း၊ ကြံ့ရည်ဖန်ရည်၊ စိတ်ကောင်းစေတနာကောင်းနဲ့ စွမ်းဆောင်ရည်၊ တရားမျှတမှုနဲ့ ကိုယ်ချင်းစာတရားတွေကိုလည်း တိုးတက်ပွားများအောင် ဆောင်ကြဉ်းပေးခြင်းအားဖြင့် အေးချမ်းသာယာတဲ့လူမှုဘဝကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်**

မှုဟာ ဒီနေ့ထိ မူတည်နေဆဲဖြစ်ပါတယ်။

- မြန်မာ့လယ်သမားအင်အားကို ခေတ်မီအင်အားစုဖြစ်ဖို့ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ လက်ရှိဖွင့်လှစ်ထားတဲ့ တက္ကသိုလ်တွေမှာ ဆန်စပါး စိုက်ပျိုး၊ ငါးမွေးမြူရေး မဟာဌာနကြီးတွေအဖြစ် ပြောင်းလဲသင့်ကပြောင်းလဲရမှာ ဖြစ်ပါတယ်။ ရေမြေသဘာဝရဲ့ တကယ့်တောင်းဆိုမှုကို အဲဒီ တက္ကသိုလ်တွေက ဖြည့်ဆည်းပေးခြင်းဟာ ကိုယ့်ဒေသ လိုအပ်တဲ့ လူ့စွမ်းအား အရင်းအမြစ်ဘွဲ့ရတွေ အိုးမခွာ အိမ်မခွာရဘဲ ကိုယ့်တက္ကသိုလ်၊ ကိုယ့်ဒေသကို ချစ်မြတ်နိုးသူတွေ ခေတ်မီလယ်သမား သူဌေးကြီးတွေ ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရဲ့ ဆန်တင်ပို့မှုကို ပြန်လည်ယှဉ်ပြိုင်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတက္ကသိုလ်များရဲ့ ပညာရေးဟာ အရေးပါ ပညာရှင်များရဲ့တာဝန်တွေဟာလည်း ၂၁ ရာစုမှာ ပို၍ ကျယ်ဝန်းနက်ရှိုင်းလာပါတယ်။ တက္ကသိုလ်များဟာ သူတည်ရှိရာဒေသရဲ့ ကြွယ်ဝမှုအသီးသီးကို ပိုင်ဆိုင်ထားကြပါတယ်။ တက္ကသိုလ်များက သူတည်ရှိရာဒေသ လူ့အဖွဲ့အစည်းအတွက် ပညာတတ်မြောက်မှု၊ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်မှုတွေမှာ မြင့်မားနိုင်သမျှမြင့်မားအောင် တောင်းဆိုမှုတွေကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင်ဖန်တီးပေးရမှာဖြစ်ပါတယ်။

## တက္ကသိုလ်က ဖြည့်ဆည်းပေး

ဥပမာတစ်ခုအနေနဲ့ တင်ပြရရင် ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံမြောက်ဖျား ဆီးနှင်းတွေဖုံးအုပ်တဲ့ တောင်တန်းကြီးနှင့် စိမ်းလန်းစိုပြည်တဲ့ သစ်တောကြီးက စီးဆင်းတဲ့ရေဟာ အကောင်းဆုံးပဲ။ ကမ္ဘာက ကြိုက်နှစ်သက်လောက်တဲ့ (Mineral water) သဘာဝဓာတ်တွေ ပါဝင်တဲ့ရေဖြစ်ပါတယ်။ ရေသန့်စက်ရုံ မလိုလောက်အောင် ကောင်းတဲ့ရေဖြစ်ပါတယ်။ ရေသန့်ကို မြစ်ကြီးနားအထက်မှာထုတ်၊ တရုတ်ယူနန် ဘက်ကိုပို့၊ ရောဝတီမြစ်ကြောအတိုင်း နိုင်ငံအလယ်ပိုင်းသို့ ပို့ဆောင်ရင် စီးပွားဖြစ်ပြီပဲ။ သစ်သီးဝလံတွေဟာလည်း လတ်ဆတ်၊ ပွင့်တဲ့ပန်းမန်တွေကလည်း အမျိုးစုံတဲ့အပြင် သစ်ခွတွေကလည်း ထူးခြားတဲ့ ဂုဏ်အင်တွေ ရှိပါတယ်။ စီးပွားဖြစ်မည့် လုပ်ငန်းတွေရဲ့ လိုအပ်ချက်ဖြစ်တဲ့ သုတေသနတွေကို မြစ်ကြီးနားတက္ကသိုလ်က ဖြည့်ဆည်းပေးရလိမ့်မယ်။

*စာမျက်နှာ ၇ သို့*

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**❒ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
### သတင်းထုတ်ပြန်ချက်
### အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

*စာမျက်နှာ ၆ မှ*

- ကချင်ပြည်နယ်ရဲ့ ကြွယ်ဝမှုကို နက်နက်နဲနဲ နားလည်ပြီး၊ လူထုကို လွှဲပြောင်းပေးနိုင်ရင် မြစ်ကြီးနားတက္ကသိုလ်ဟာ ကချင်ပြည်နယ် လူ့အဖွဲ့အစည်းရဲ့ အရင်းအမြစ်ပဲ။ ဒီလူ့အဖွဲ့အစည်းဟာလည်း မြစ်ကြီးနားတက္ကသိုလ်ရဲ့ အရင်းအမြစ်ဖြစ်ပြီမို့ တက္ကသိုလ်နှင့် လူ့အဖွဲ့အစည်းဟာ တစ်သားတည်းဖြစ်လာမှာ ဖြစ်ပါတယ်။

**ကောင်းပါပြီ...**သင့်အား တစ်စုံတစ်ယောက်သောသူက နိုင်ငံတကာသို့ ပန်းတင်ပို့ရောင်းချဖို့ နိုင်ငံတစ်နိုင်ငံအား ရွေးပေးပါဆိုလျှင် ရေမြေ ရာသီဥတု ကောင်းမွန်တဲ့နိုင်ငံ၊ လုပ်အားခသက်သာတဲ့ နိုင်ငံ၊ ပူနွေးတဲ့နိုင်ငံကို ရွေးချယ်ကောင်း ရွေးချယ်ပါလိမ့်မယ်။ တကယ်တော့ အဲဒီလို မဟုတ်တော့ပါဘူး။ ဥရောပတစ်ခွင်နဲ့ ကမ္ဘာကို ပန်းတင်ပို့တဲ့နိုင်ငံဟာ ဟော်လန်ဖြစ်နေပါတယ်။ ဟော်လန်ဟာ ပန်းစိုက်ကျွမ်းကျင်ပါတယ်။





### စွမ်းရည်မြင့်မားမှ အရာရာအောင်မြင်

ဟော်လန်ဟာ နိုင်ငံငယ်ငယ်လေး ဆီးနှင်းတွေရှိတဲ့ နိုင်ငံဖြစ်နေပါတယ်။ ဒါကို ပန်းမျိုးစုံတွေက မနှစ်သက်ကြတော့ ဖန်လုံအိမ် အာနိသင်ရှိအောင် ဖန်တီးပြီး ပန်းတွေ စိုက်ပါတယ်။ ပါမောက္ခများကလည်း ပန်းတွေလှအောင်၊ ကြာရှည်ခံအောင် သုတေသနတွေလုပ်၊ သူ့နိုင်ငံရဲ့ လိုအပ်ချက်ကို ပါမောက္ခတွေက ဖြည့်ဆည်း၊ ပြည်သူနဲ့အစိုးရကလည်း အဲဒီပါမောက္ခတွေကို ဂုဏ်ပြုပါတယ်။ ဟော်လန်ရဲ့ ထူးခြားချက်တစ်ခုကတော့ စီမံခန့်ခွဲမှုစွမ်းရည် မြင့်မားခြင်းပဲ။ ရှီဖိုလ်လေဆိပ် (Schiphol airport) ရဲ့ဝန်ဆောင်မှု၊ စီမံခန့်ခွဲမှုဟာ ဥရောပမှာ အမြင့်မားဆုံးပဲ။ ဝန်ဆောင်မှုစီးပွားရေးဟာ ဘက်ပေါင်းစုံတော်မှ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု စွမ်းရည်မြင့်မားမှ အရာရာအောင်မြင်တာ ဖြစ်ပါတယ်။

- ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံကြီး နှစ်နိုင်ငံကြားမှာရှိလို့ အချက်အချာလည်းကျ၊ သယံဇာတလည်း ကြွယ်ဝဆိုပြီးငြိမ်နေရုံနဲ့ဘာမှဖြစ်မလာပါဘူး။ သယံဇာတမျိုးစုံကို တန်ဖိုးမြှင့်ထုတ်ပေးခြင်း၊ လူသားအရင်းအမြစ်ရဲ့ အရည်အသွေး၊ အရည်အချင်း၊ ကြံ့ရည်ဖန်ရည်၊ စိတ်ကောင်းစေတနာကောင်းနဲ့ စွမ်းဆောင်ရည်၊ တရားမျှတမှုနဲ့ ကိုယ်ချင်းစာတရားတွေကိုလည်း တိုးတက်ပွားများအောင် ဆောင်ကြဉ်းပေးခြင်းအားဖြင့် အေးချမ်းသာယာတဲ့လူမှုဘဝကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။
- သဘာဝအရင်းအမြစ်ကိုလည်း အားကိုး၊ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်း၊ လုံ့လဝီရိယလည်းပါ၊ ပညာအမြော်အမြင်နဲ့ပေါင်းစပ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာနဲ့ တွဲသုံးလိုက်ရင် ဧကန်မုချ ဖွံ့ဖြိုးတိုးတက်ချမ်းသာလာမယ်လို့ ဆိုချင်ပါကြောင်း မေတ္တာဖြင့်ရေးသား တင်ပြအပ်ပါတယ်။

အို မြန်မာတို့ . . . ရှုလော့ . . . စဉ်းစားကြလော့ . . . သင်ယူကြလော့ . . . အားကုန်ထုတ်၍ အလုပ်လုပ်ကြလော့ . . .။ ။

# ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**ဘားအံ ဇူလိုင် ၂၅**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ (၁၀/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

**ကာကွယ်ဆေး ထိုးနှံရန်**

အစည်းအဝေးတွင် ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောမြင့်ဦးက အောက်ခြေတွင် ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် သတင်းများကို ပြောရေးဆိုခွင့်ရှိသူများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းအမှန်များကို ထုတ်ပြန်ပေးသွားရန် လိုကြောင်း၊ အချို့မှာ အွန်လိုင်းပေါ်မှ ရရှိသည့် အကြောင်းအရာများ ဖြစ်ပြီး သတင်းရင်းမြစ် ခိုင်မာမှု၊ တိကျမှန်ကန်မှုမရှိသည့်အပြင် ပြည်သူများအတွက် တိကျမှန်ကန်သည့် အခြေအနေမှန် သတင်းများကို ထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်အိုးများ သိုလှောင်၍ စီးပွားရေးအရ၊ နိုင်ငံရေးအရ အမြတ်ထုတ်နေ သူများရှိ၍ ကြပ်မတ်စစ်ဆေးကာ အရေးကြီးကုန်စည်များ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ကာကွယ်ဆေးအသစ်များ ရောက်ရှိနေကာ ဦးစားပေးအလိုက် ထိုးနှံပေးသွားနိုင်ရေး ကြိုတင်စီမံဆောင်ရွက် ထားကြရန်လိုကြောင်း၊ အမျိုးသားရေးဖြစ်သည့်အတွက် နိုင်ငံရေးပါတီများ၊ အစိုးရဝန်ထမ်းများ၊ အသင်းအဖွဲ့များစသည်ဖြင့် အဖြူအမည်း မခွဲခြားဘဲ မည်သူမဆို ပါဝင်ကူညီဆောင်ရွက်နိုင်ကြောင်း ပြောသည်။

**အောက်ဆီဂျင် ရရှိရေး**

ထို့နောက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီတွဲဖက် အတွင်းရေးမှူး ဦးကျော်စိုး၊ အဖွဲ့ဝင် ဦးစိုးလွင်တို့က အမှန်တကယ် လိုအပ်သူများထံ အောက်ဆီဂျင် အမြန်ဆုံးရောက်ရှိရေးနှင့် မလိုအပ်သူများထံ ရှိမနေစေရေး၊ သက်ဆိုင်ရာ ရပ်/ကျေး ကိုဗစ်စင်တာများကို စစ်ဆေးခြင်းနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက ဘေးအန္တရာယ် ဆိုင်ရာ ကြိုတင်ပြင်ဆင်ထားမှု၊ ကိုဗစ်စင်တာများ တိုးချဲ့ဆောင်ရွက်နေမှု၊ သင်တန်းဖွင့်လှစ်နိုင်မှုနှင့် လက်စွဲစာအုပ်များ ဖြန့်ဝေပေးနိုင်မှုတို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းနောက် ကိုဗစ်ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေသော လူမှုကူညီရေးအသင်းအဖွဲ့များ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများ၊ အခက်အခဲများ၊ လိုအပ်ချက်များ၊ ကူညီဖြည့်ဆည်းပေးစေလိုသည်များ၊ ဝါတွင်းကာလ ဘုန်းကြီးကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေး ကြိုတင်စီမံဆောင်ရွက်ချက်များ၊ ရေဘေး ကြိုတင်ကာကွယ်ရေး စီမံချက်များအား ဆွေးနွေးတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**




## မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကိုဗစ်-၁၉ အထောက်အကူပြု လိုအပ်သည့် အောက်ဆီဂျင်များ ပေးအပ်လှူဒါန်းမှု လက်ခံခြင်းနှင့် ပိုးတွေ့လူနာ ကူညီပေးသူများကို ထောက်ပံ့ရေးပစ္စည်းပေးအပ်

**မော်လမြိုင် ဇူလိုင် ၂၅**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲက မော်လမြိုင်မြို့ ကျောက်တန်းစက်ရုံစု၌ ကိုဗစ်-၁၉ ပိုးတွေ့လူနာများအတွက် လိုအပ်သည့် အောက်ဆီဂျင် အရည်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ ဆောင်ရွက်သည့် မွန်ပြည်နယ်အတွက် ပထမဦးဆုံး အကြိမ် Liquid Oxygen ၅ တန်ဆံ့ ယာဉ်ကို ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းမှုကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မော်လမြိုင်အထွေထွေရောဂါကုပြည်သူ့ဆေးကြီးရှိ Isolation Ward-1 ၊ Isolation Ward-3 ၊ ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးသူများကို ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကိုဗစ်-၁၉ ပိုးတွေ့လူနာများအတွက် လိုအပ်သည့် အောက်ဆီဂျင်များ၊ ကျန်းမာရေးသုံးပစ္စည်းများအပြင် အခြားလိုအပ်သည်များကို ထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါပိုးတွေ့ လူနာများ ထားရှိရာနေရာများဖြစ်သည့် မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးရှိ Isolation Ward-1၊ Isolation Ward- 3၊ မော်လမြိုင်တက္ကသိုလ် (၁၀) မြို့နယ်ဆောင်၊ ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီးတို့တွင်လည်း တပ်မတော်ဆေးဘက်ဆိုင်ရာ သမားတော်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ ပရဟိတအဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသကဲ့သို့ ပြင်ပပုဂ္ဂလိက ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကရင်ပြည်နယ်မှ ကြိုတင်မှာယူထားသည့် အောက်ဆီဂျင်အိုး ၁၀၀ ကိုသာ ရယူခြင်းဖြစ်ပြီး သိမ်းယူခြင်း၊ လုယူခြင်း မရှိကြောင်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပြောကြား

**ဘားအံ ဇူလိုင် ၂၅**

ကိုဗစ်-၁၉ ကူးစက်မြန်ကမ္ဘာ့ကပ်ရောဂါ တတိယလှိုင်း ပြည်တွင်းကူးစက်ဖြစ်ပွားမှု မြင့်တက်နေချိန်တွင် ကုသရေးလုပ်ငန်းများ၌ အသုံးပြုလျက်ရှိသော အောက်ဆီဂျင်ကို ပြည်တွင်း Oxygen Plant များနှင့် ပြည်ပနိုင်ငံအချို့မှ မှာယူတင်သွင်း အသုံးပြုလျက်ရှိရာ ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက The Irrawaddy သတင်းဌာန Burmese Edition Facebook Page တွင် ရေးသားဖော်ပြထားသော သတင်းနှင့် ပတ်သက်၍ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီးမျိုးမင်းနောင် က ကရင်ပြည်နယ်မှ ကြိုတင်မှာယူထားသည့် အောက်ဆီဂျင်အိုး ၁၀၀ ကိုသာ ရယူခြင်းဖြစ်ပြီး သိမ်းယူခြင်း၊ လုယူခြင်း မရှိကြောင်း ပြောသည်။

The Irrawaddy – Burmese Edition သတင်းဌာန Facebook Page တွင် ထိုင်းနိုင်ငံမှ တင်သွင်းလာသော အောက်ဆီဂျင်အိုးများအား ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး သိမ်းယူဟူသည့် သတင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီးမျိုးမင်းနောင်က "တစ်ဖက်နိုင်ငံနဲ့ ကုန်သွယ်မှုကို လွတ်လွတ်လပ်လပ် ပေးထားပါတယ်၊ တစ်နေ့တစ်နေ့လည်းသွားနေတဲ့ စာရင်းတွေ နေ့အလိုက်ရှိပါတယ်၊ ကိုဗစ်-၁၉ ဆိုင်ရာ ကုန်ပစ္စည်းတွေကို ကရင်ပြည်နယ်အနေနဲ့ မည်သည့်အရာမှ အနှောင့်အယှက်မပေးဘဲ အတတ်နိုင်ဆုံး စီးဆင်းမှုချောမွေ့အောင် ဆောင်ရွက်ပေးလျက် ရှိပါတယ်၊ ဒီနေ့ The Irrawaddy ကတင်တဲ့ သတင်းကလည်း ကရင်ပြည်နယ်အတွက် လုယူတယ်ဆိုတဲ့ဟာက မဟုတ်ပါဘူး၊ ကရင်ပြည်နယ်အနေနဲ့ ကြိုတင်မှာထားတဲ့ အိုး ၁၀၀ ရှိပါတယ်၊ ဒီနေ့ရယူရမှာ ဖြစ်ပါတယ်၊ ပိုက်ဆံလည်း ကြိုတင်ပေးချေထားပြီးသားပါ၊ အဲဒီ အတွက် ဒီအိုး ၁၀၀ ကို ရဖို့မှာ ယခင်ကမနက်ရရ ညနေရရဖြစ်သော်လည်း ဒီကနေ့မှာ ယခင်ရယူနေတဲ့ မော်လမြိုင်ဘက်က စက်ချွတ်ယွင်းမှုဖြစ်တဲ့အတွက် အရေးတကြီး လိုအပ်နေတဲ့ ဆေးရုံနဲ့ စင်တာတွေ အတွက် အရင်ဆုံးဝင်လာတဲ့ အိုး ၁၀၀ ကိုတော့ ယူမယ်ဆိုပြီးတော့ ရယူခဲ့တာဖြစ်ပါတယ် " ဟု ပြောသည်။

The Irrawaddy – Burmese Edition သတင်းဌာန Facebook Page တွင် လက်နက်ပြကာ သိမ်းယူသွားသည်ဟု ရေးသားဖော်ပြထားခြင်းအပေါ် "ကျွန်တော်က ဘားအံမှာရှိနေပြီး လက်နက်ပြပြီး သိမ်းယူစရာအကြောင်းလည်း မရှိပါဘူး၊ ကျွန်တော်တို့က မြဝတီက ကိုယ်စားလှယ်နဲ့ပဲ ဆက်သွယ်ဝယ်ယူဆောင်ရွက်တာဖြစ်ပြီး ဘားအံမြို့မှာ အောက်ဆီဂျင် လိုအပ်ချက်အရ စောစောရယူခဲ့တာဖြစ်ပါတယ်၊ လုတယ်ဆိုတဲ့အပိုင်းကတော့ မရှိပါဘူး၊ မမှန်သတင်းလွှင့်နေတာကိုပဲ ပြန်ပြီးစိစစ်ဖို့ ရှိပါတယ်" ဟု ဗိုလ်မှူးကြီးမျိုးမင်းနောင်က ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၂၅**

ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှုမခံရစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းတို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပြင်ထွက်တိုင်း Mask တပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏ ဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်းမပြုလုပ်ရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျလိုက်နာရန် အသိပေး နှိုးဆော်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖေ့စ်ဘွတ်က ဘဝမဟုတ်

ကျော်ကျော်လှိုင် (SMART)

ကမ္ဘာပေါ်တွင် ဆိုရှယ်မီဒီယာများစွာရှိသည့်အနက် လူအများဆုံးအသုံးပြုသည့် ဆိုရှယ်မီဒီယာမှာ ဖေ့စ်ဘွတ် ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၉ ဘီဘီယံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၂ ဒသမ ၇ ဘီလီယံ ရှိပါသည်။ ကမ္ဘာ့လူဦးရေ၏ ၃၄ ရာခိုင်နှုန်း ဖေ့စ်ဘွတ် သုံးစွဲပါသည်။ မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၂၈ ဒသမ ၇ သန်း ရှိသည်ဟု မှတ်တမ်းများက ဆိုပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၅၁ ရာခိုင်နှုန်းက ဖေ့စ်ဘွတ်သုံးစွဲနေသည့်သဘောပါ။ ကမ္ဘာမှာ သုံးစွဲသည့် ရာခိုင်နှုန်းထက် များစွာပိုနေပါသည်။ ဤအချက်သည် စိုးရိမ်စရာ ဖြစ်ပါသည်။

**အဘယ့်ကြောင့်ဆိုသော်**

၁။ ပျမ်းမျှ မြန်မာနိုင်ငံသားတစ်ဦးသည် တစ်နေ့လျှင် ဖေ့စ်ဘွတ်ကို ၁၄၄ မိနစ်သုံးစွဲသည်ဟု စစ်တမ်းများက ဆိုပါသည်။ နေ့စဉ် ၁၄၄ မိနစ် ဖေ့စ်ဘွတ်သုံးသည့်အတွက် မိမိဘဝဖွံ့ဖြိုးတိုးတက်မှု ထူးထူးခြားခြားဖြစ်ရဲ့လားဟု မိမိကိုယ်မိမိ မေးခွန်းထုတ်ကြည့်စေချင်ပါသည်။ ၁၄၄ မိနစ်တွင် ၆၀ မိနစ်က အကျိုးမရှိဟုဆိုလျှင် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသူ ၂၈ ဒသမ ၇ သန်းက နေ့စဉ် နာရီပေါင်း ၂၈ ဒသမ ၇ သန်းကို ဖြုန်းပစ်လိုက်ခြင်း ဖြစ်ပါသည်။ နာရီ ၂၈ ဒသမ ၇ သန်း၏ ကာယ၊ ဉာဏစွမ်းအားသည် တိုင်းပြည်တိုးတက်မှုကို များစွာဖြစ်စေနိုင်ပါသည်။

၂။ ဖေ့စ်ဘွတ်အကောင့်တစ်ခုမကရှိခြင်း သို့မဟုတ် ဖေ့စ်ဘွတ်အကောင့်အတုများကြောင့် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲသည့် ရာခိုင်နှုန်းများနေခြင်းလည်းဖြစ်နိုင်ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်မတ်လအထိ ကမ္ဘာပေါ်ရှိ ဖေ့စ်ဘွတ်အကောင့်အတုပေါင်း သန်း ၁၃၀၀၀ကို ဖြုတ်ချခဲ့ရသည်ဟု ဖေ့စ်ဘွတ်က ဆိုပါသည်။ မဖြုတ်ချနိုင်သည့် ဖေ့စ်ဘွတ်အကောင့်အတုများစွာရှိနေဦးမည်ကို ယုံကြည်ပါသည်။ မြန်မာနိုင်ငံတွင်လည်း ဖေ့စ်ဘွတ်အကောင့်အတုများစွာရှိနေမည် ဖြစ်ပါသည်။

**ဖေ့စ်ဘွတ်အကောင့်အတု အများစုသည်**

- အမုန်းစကားဆိုခြင်း၊
- မမှန်သတင်း ဖြန့်ဝေခြင်း၊
- အစိုးရကို သိက္ခာချခြင်း၊
- ဥပဒေချိုးဖောက်ရန် လှုံ့ဆော်ခြင်း၊
- သူတစ်ပါးကို ပြစ်တင်၊ စော်ကားတိုက်ခိုက်ခြင်း၊
- အုပ်စုဖွဲ့၍ လူမှုရေးအရ အနိုင်ကျင့်ခြင်း၊
- အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း

စသည်တို့ကို လုပ်လေ့ရှိပါသည်။ အကောင့်အတုအများစုသည် လူ့အဖွဲ့အစည်းကို ဆိုးကျိုးသာ ပေးပါသည်။

**ဖေ့စ်ဘွတ်ကို စည်းကမ်းတကျသုံးတတ်လျှင်မူ**

၁။ အဝေးရောက် ဆွေမျိုးများ၊ ချစ်ရသူများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများနှင့် လွယ်ကူစွာ ဆက်သွယ်နိုင်ပါသည်။



**နေ့စဉ် မိမိဘဝဖွံ့ဖြိုးတိုးတက်မှုရှိမှသာ အနာဂတ်က လှပပါမည်။ ဖွံ့ဖြိုးတိုးတက်မှုသည် အလိုအလျောက်မဖြစ်ပါ။ တစ်နေ့တခြား အသက်ကြီးလာပြီး အိုလာခြင်းသာ အလိုအလျောက် ဖြစ်ပါသည်။ နေ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရှိရန် အစီအစဉ်ဆွဲရပါမည်။ အစီအစဉ်ဆွဲသည့်အခါ အချက်များစွာရှိမည်ဖြစ်သော်လည်း ဖေ့စ်ဘွတ်ကို စည်းကမ်းတကျသုံးစွဲခြင်းသည် ဦးစားပေးရမည့်အချက် ဖြစ်ပါသည်။**

၂။ အများကို ဗဟုသုတများ၊ ပညာရပ်များ ပေးနေသော အကောင့်များ၊ စိတ်ခွန်အားဖြစ်စေသော စာများရေးသည့်အကောင့်များကို အရင်ဆုံးကြည့်ခွင့် တောင်းခံထားခြင်း (see first ), ပေချ့်များကို ဖော်လို (follow) လုပ်ထားခြင်းဖြင့် မိမိဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောဗဟုသုတများ၊ နည်းပညာရပ်များကို လေ့လာဆည်းပူးနိုင်ပါသည်။ စိတ်ဓာတ်ခွန်အားများ တိုးလာပါမည်။

၃။ မှန်ကန်သော သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပါသည်။

၄။ မိမိပြုလုပ်သော ကောင်းမှုကုသိုလ်များ၊ ပရဟိတအလုပ်များကို တင်ခြင်းဖြင့် လူအများကို မုဒိတာပွားစေနိုင်ပါသည်။

၅။ မိမိလိုအပ်နေသော အကူအညီများ၊ သတင်းများကို ဖေ့စ်ဘွတ်မှ အကူအညီတောင်းခံနိုင်ပါသည်။

၆။ ဖေ့စ်ဘွတ်ပေချ့်ဖွင့်၍ မိမိကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ရောင်းချနိုင်ပါသည်။

၇။ မိမိအလိုရှိသော ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ဖေ့စ်ဘွတ်မှ အလွယ်တကူ ရှာဖွေဝယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိပါမည်။

သို့သော် ဖေ့စ်ဘွတ်သုံးစွဲသူ အများစုသည် ညဖက်တွင် ဖေ့စ်ဘွတ်ပေါ်မှ အမုန်းစကားဆိုခြင်း၊ တိုက်ခိုက်ခြင်း၊ မမှန်သတင်းများကို တစ်ခုပြီးတစ်ခု ကြည့်ခြင်းဖြင့်သာ အချိန်ကုန်လွန်ကြပါသည်။ အချိန်ကုန်မှန်းမသိကုန်သွားသဖြင့် ညမိုးချုပ်မှ အိပ်ရာဝင်ရပါသည်။ ညက အိပ်ရေးပျက်သဖြင့် မနက် နောက်ကျမှ အိပ်ရာကနိုးပါသည်။ မနက် အိပ်ရာနိုးသည်နှင့် ခုတင်ဘေးက ဖုန်းကို ကောက်ကိုင်ပြီး ဖေ့စ်ဘွတ်ပွတ်ပါသည်။

ညကတင်ထားသော ပို့စ်ကို လိုက်(like)ပေးတာများလျှင် သဘောကျ၊ ဟဟ (ha ha ) ပေးထားလျှင် ဒေါသဖြစ်၊ ကောင်းသော ကွန်မန့်များကို ပီတိဖြစ်၊ မိမိနှင့် အမြင်မတူလျှင် တိုက်ခိုက်သည်ဟု ယူဆပြီး အမုန်းစကားကို ကွန်မန့်ပြန်ရေး။ အချိန်ကကုန်မှန်းမသိ ကုန်သွား၊ အလုပ်သွားခါနီး ကမူးရှူးထိုး ပြင်ဆင်ရသဖြင့် မနက်စာကိုပင် အာဟာရပြည့်အောင်မစားနိုင်။ အလုပ်ကို မချိန်မီမရောက်။

အလုပ်ထဲရောက်သည့်အခါ အိပ်ရေးပျက်သဖြင့် ခေါင်းကမကြည်။ ခေါင်းမကြည်သဖြင့် အလုပ်တွေကမှား။ မှားတော့ နစ်ကြိမ်ပြန်လုပ်ရ။ အချိန်မီမပြီးတော့ အထက်လူကြီးကဆူ။ နေ့လယ်စာလွတ်။ ဒီလိုနှင့် ရုံးဆင်းချိန်ရောက်။ ပျော်ရွှင်စရာနေ့တစ်နေ့ ပျောက်ဆုံးခဲ့။ အိမ်ရောက်ထမင်းစားပြီးသည်နှင့် ဖုန်းကောက်ကိုင်ကာ ဖေ့စ်ဘွတ်ပွတ်ပြန်ပါသည်။ ညအိပ်ရာဝင်နောက်ကျပြန်ပါသည်။ ဘဝကြီးက ဒီလိုနှင့် သံသရာလည်နေပါသည်။ ဘဝကြီးကို ဖေ့စ်ဘွတ်က ကြိုးစိုးထားမှန်းလည်း မသိတော့ပါ။ ဖေ့စ်ဘွတ်ပွတ်လိုက်ရသည့်အခါ ပျော်လိုက်၊ ကျေနပ်လိုက်၊ ဒေါသဖြစ်လိုက်၊ အမုန်းစကားဆိုလိုက်၊ ပြစ်တင်စော်ကားတိုက်ခိုက်လိုက်နှင့် ဘဝက လုံးခြာပတ်ခြာလိုက်နေပါသည်။ ဖွံ့ဖြိုးတိုးတက်မှုကတော့မရှိပါ။

နေ့စဉ် မိမိဘဝဖွံ့ဖြိုးတိုးတက်မှုရှိမှသာ အနာဂတ်က လှပပါမည်။ ဖွံ့ဖြိုးတိုးတက်မှုသည် အလိုအလျောက် မဖြစ်ပါ။ တစ်နေ့တခြား အသက်ကြီးလာပြီး အိုလာခြင်းသာ အလိုအလျောက် ဖြစ်ပါသည်။ နေ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရှိရန် အစီအစဉ်ဆွဲရပါမည်။ အစီအစဉ်ဆွဲသည့်အခါ အချက်များစွာရှိမည် ဖြစ်သော်လည်း ဖေ့စ်ဘွတ်ကို စည်းကမ်းတကျသုံးစွဲခြင်းသည် ဦးစားပေးရမည့်အချက် ဖြစ်ပါသည်။ ဖေ့စ်ဘွတ်ကို စည်းကမ်းတကျသုံးလိုလျှင် အောက်ပါလူမှုကျင့်ဝတ်များကို လိုက်နာရန် လိုပါသည်။

၁။ ပရိဖိုင်အမှန်ကို သုံးပါ။

၂။ အမုန်းစကားဆိုခြင်း ရှောင်ပါ။

၃။ လူမှုရေးတိုက်ခိုက်ခြင်းကို ရှောင်ပါ။

၄။ ရိုင်းပြစွာ ဆဲဆိုရေးသားခြင်းကို ရှောင်ပါ။

၅။ မိမိကို စိတ်အနှောင့်အယှက်ပေးသော အကောင့်များကို ဘလော့ပါ။

၆။ မူရင်းဇာစ်မြစ်၊ မူရင်းရေးသားသူကို မသိဘဲ share ခြင်းကို ရှောင်ပါ။

၇။ ဗဟုသုတ ရှာဖွေခြင်း၊ အသိပညာ ရှာဖွေခြင်းအတွက် အချိန်အများဆုံးသုံးပါ။

နိဂုံးချုပ်အနေဖြင့် အနာဂတ်မှာ အောင်မြင်လာမည့်သူကိုပြပါဆိုလျှင် ပြသရန် ခက်ခဲမည်ဖြစ်သော်လည်း အနာဂတ်တွင် လမ်းပျောက်မည့်သူကို ပြပါဆိုလျှင် ဖေ့စ်ဘွတ်ကို စည်းကမ်းမရှိ သုံးစွဲပြီး ဖေ့စ်ဘွတ်ကို ဘဝလုပ်နေသူကို ညွှန်ပြလျှင် လွဲမည်မထင်ပါ။ ယနေ့ပင် မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်ပြီး ဖေ့စ်ဘွတ်ကို ဘဝလုပ်နေခြင်းမှ ရုန်းထွက်ပါ။

မိမိဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ်ချပြီး နေ့စဉ်အချိန်ပေးကြိုးစားမှသာလျှင် အနာဂတ်ဘဝများ လှပသာယာမည်ဖြစ်ကြောင်းကို ရိုးသားစွာ တင်ပြလိုက်ရပါသည်။ ။

---

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၅

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းတပ်ဦးကျောင်းတိုက် ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ လယ်ဝေးမြို့နယ် ရတနာပုံကျောင်းတိုက်၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၊ ပြည်ထောင်စုနယ်မြေ မြို့နယ် ၈ မြို့နယ်၊ ရခိုင်ပြည်နယ် မြို့နယ် ၈ မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်တို့၏ မဲစာရင်းများကို တစ်မြို့နယ်ချင်းအလိုက် အသေးစိတ်စိစစ်ခဲ့ပြီး မြို့နယ်အသီးသီးရှိ မဲရုံ တစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး/ မဲရုံအဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ အောက်ပါအတိုင်း ပါဝင်ယှဉ်ပြိုင်/ ဆန္ဒမဲပေးခဲ့ကြပါသည်-

(က) မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်တွင် နိုင်ငံရေးပါတီ ၁၉ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၅၄၄၇ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၄၉၄၁၄၇၁ ဦး ရှိသည့်အနက် ၃၈၇၀၃၃၄ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၈.၃၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။

( ခ ) ပြည်ထောင်စုနယ်မြေ မြို့နယ် ၈ မြို့နယ်တွင် နိုင်ငံရေးပါတီ ၁၁ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၆၄၆ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၉၀၆၂၂၆ ဦး ရှိသည့်အနက် ၆၉၁၀၅၄ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၆.၂၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။

( ဂ ) ရခိုင်ပြည်နယ် မြို့နယ် ၈ မြို့နယ်တွင် နိုင်ငံရေးပါတီ ၁၁ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၇၈၄ ရုံ၊ မဲဆန္ဒရှင်စုစုပေါင်း ၄၇၇၉၅၇ ဦးရှိသည့်အနက် ၃၂၉၂၆၄ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၆၈.၈၉ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

(ဃ) ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်တွင် နိုင်ငံရေးပါတီ ၄၂ ပါတီ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မဲရုံပေါင်း ၅၈၀၉ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၆၁၃၇၀၄၇ ဦး ရှိသည့်အနက် ၄၁၈၈၂၄၉ ဦး မဲပေးခဲ့ကြသဖြင့် မဲပေးမှုရာခိုင်နှုန်း ၆၈.၂၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။

၃။ မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၉၄၁၄၇၁ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများမှာ ၄၂၈၇၆၀၉ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၈၈၂၈၂ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၈၀၉၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၅၁၆၇၇၆ ဦး၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်းထပ်နေသူ ၂၁၇၆၆၈ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၃၁၅၁ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၁၂၃၉ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၄။ မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်တွင် မဲရုံပေါင်း ၅၄၄၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၄၆၇၈၈၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၇၉၂၃၄၇ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၇၅၅၃၇ ၊ မြေပြင်လက်ကျန် ၁၅၀၇၇၇၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၂၁၅၄၆ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၃၇၈၇ ဖြစ်သည်။

၅။ ပြည်ထောင်စုနယ်မြေ မြို့နယ် ၈ မြို့နယ်၏ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၉၀၆၂၂၆ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများမှာ ၇၀၃၅၄၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၀၈၃၃၃ ဦး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၉၀၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၇၆၂၂၂ ဦး၊ ပြည်ထောင်စုနယ်မြေအတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း(Cross Check)အရ မဲစာရင်းထပ်နေသူ ၃၈၆၉၀ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၂၈၉ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၃၁၄ ဦး ဖြစ်ကြောင်း စိစစ် တွေ့ရှိရသည်။

၆။ ပြည်ထောင်စုနယ်မြေ မြို့နယ် ၈ မြို့နယ်တွင် မဲရုံပေါင်း ၆၄၆ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၉၄၇၅၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၈၇၉၀၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၀၆၈၄၈၊ မြေပြင်လက်ကျန် ၂၉၁၅၀၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသောမဲလက်မှတ်အရေအတွက် ၁၆၉၀၀ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၅၆၁ ဖြစ်သည်။

၇။ ရခိုင်ပြည်နယ် မြို့နယ် ၈ မြို့နယ်၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၄၇၇၉၅၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၆၃၀၀၅၂ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၇၅၇၃ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၄၁၀၁ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၄၇၇၁၂ ဦး၊ ပြည်နယ်အတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်းထပ်နေသူ ၃၅၉၈ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင် ပါဝင်နေသူ ၃၄၁ ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၂၂၃ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၈။ ရခိုင်ပြည်နယ် မြို့နယ် ၈ မြို့နယ်တွင် မဲရုံပေါင်း ၇၈၄ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၅၇၃၂၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၃၂၈၉၁၈ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၅၂၈၄၀၃ ၊ မြေပြင်လက်ကျန် ၅၂၂၅၀၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၉၇၃၈ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၃၈၃၇ ဖြစ်သည်။

၉။ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၆၁၃၇၀၄၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများမှာ ၃၉၇၉၆၉၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၄၇၁၃၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၁၀၇၀ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၆၉၄၁၂ ဦး၊ တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်း အပြန်အလှန်စစ်ဆေးခြင်း (Cross Check)အရ မဲစာရင်းထပ်နေသူ ၄၀၅၃၆၆ ဦး၊ အသက် ၁၀၀ နှစ်အထက် မဲစာရင်းတွင်ပါဝင်နေသူ ၂၂၂၂ ဦး၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်း၌ ပါဝင်နေသူ ၁၉၀၉ ဦး ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

၁၀။ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်တွင် မဲရုံပေါင်း ၅၈၀၉ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၆၈၉၂၇၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၀၈၅၆၈၆ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၆၀၃၅၈၄ ၊ မြေပြင်လက်ကျန် ၂၃၃၇၁၅၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၃၅၇၉၃၇ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၁၅၀၃ ဖြစ်သည်။

၁၁။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ မဲဆန္ဒရှင်စာရင်းများနှင့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

စာမျက်နှာ ၁၁ သို့ »»»

| စဉ် | တိုင်း/ ပြည်နယ် | ပြည်သူ့လွှတ်တော် | | အမျိုးသား လွှတ်တော် | | တိုင်း/ပြည်နယ် လွှတ်တော် | | တိုင်းရင်းသား လူမျိုး | | မြို့နယ် အရေ အတွက် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် မဲဆန္ဒရှင် စာရင်း | လဝက လူဦးရေ စာရင်း | ထုတ်ယူရရှိ ဆန္ဒမဲ လက်မှတ် | အသုံးပြု ဆန္ဒမဲ လက်မှတ် | ကျန်ရမည့် ဆန္ဒမဲ လက်မှတ် | မြေပြင် လက်ကျန် ဆန္ဒမဲ လက်မှတ် | ဆန္ဒမဲလက်မှတ် ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | မဲဆန္ဒနယ် | ယှဉ်ပြိုင် ဦးရေ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | မန္တလေး | ၂၈ | ၁၃၈ | ၁၀ | ၄၁ | ၅၆ | ၂၆၃ | ၁ | ၄ | ၂၈ | ၅၄၄၇ | ၄၉၄၁၄၇၁ | ၄၂၈၇၆၀၉ | ၅၄၆၇၈၈၄ | ၃၇၉၂၃၄၇ | ၁၆၇၅၅၃၇ | ၁၅၀၇၇၇၈ | ၂၂၁၅၄၆ | ၅၃၇၈၇ |
| ၂ | ပထစ | ၈ | ၅၅ | ၂ | ၁၁ | - | - | - | - | ၈ | ၆၄၆ | ၉၀၆၂၂၆ | ၇၀၃၅၄၆ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၆၁ |
| ၃ | ရခိုင် | ၈ | ၄၃ | ၅ | ၂၄ | ၁၄ | ၇၉ | ၁ | ၈ | ၈ | ၇၈၄ | ၄၇၇၉၅၇ | ၆၃၀၀၅၂ | ၈၅၇၃၂၁ | ၃၂၈၉၁၈ | ၅၂၈၄၀၃ | ၅၂၂၅၀၂ | ၉၇၃၈ | ၃၈၃၇ |
| ၄ | ရန်ကုန် | ၄၅ | ၂၄၉ | ၁၂ | ၅၈ | ၉၀ | ၄၈၁ | ၂ | ၁၁ | ၄၅ | ၅၈၀၉ | ၆၁၃၇၀၄၇ | ၃၉၇၉၆၉၅ | ၆၆၈၉၂၇၀ | ၄၀၈၅၆၈၆ | ၂၆၀၃၅၈၄ | ၂၃၃၇၁၅၀ | ၃၅၇၉၃၇ | ၉၁၅၀၃ |

**☆ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့**

**☆ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူး များနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရ**

**☆ ယင်းသို့ စာရင်းများကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအတွင်း အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသား စိစစ်ရေးကတ် ရှိ/မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရ**

**☆ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ" ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများ ကောက်ယူရာတွင် ဥပဒေနှင့်ညီညွတ်ခြင်း မရှိသော မှားယွင်းမှုများကိုတွေ့ရှိရ**

»»» **စာမျက်နှာ ၁၀ မှ**

၁၂။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၇-၁၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၃၂/၂၀၁၇) ဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ယင်းနောက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၄-၁၂-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ်(၃၃/၂၀၁၇)နှင့် ၆-၁၂-၂၀၁၇ ရက်စွဲပါကြေညာချက် အမှတ်(၃၄/၂၀၁၇)တို့ ဖြင့် တိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် NLD ပါတီ အမာခံများ ထည့်သွင်း၍ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ကြေညာချက်များကို ထပ်မံထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကြေညာချက်များတွင် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၃။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၄-၈-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၇ / ၄၆၄-အထွေထွေ/ အဖရ(၂၀၂၀) ဖြင့် ညွှန်ကြားချက်အရ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများ ထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ် နှင့်အထက် ပါဝင်မှုများဖြစ်ပွားခဲ့ရကြောင်း စိစစ်တွေ့ရှိရသည်။ ယင်းအဖွဲ့၏ ညွှန်ကြားချက်အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လူဦးရေစာရင်းများ ကျန်ရှိသေးကြောင်း ထပ်မံပေးပို့လာသည့် စာရင်းများကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများအနေဖြင့် မဲဆန္ဒရှင်စာရင်းများတွင် ထပ်မံထည့်သွင်းခဲ့ရကြောင်း တွေ့ရှိရသည်။ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ရပ်ကွက်/ကျေးရွာအုပ်စု)တို့မှ အောက်ခြေတွင် သေချာစွာစိစစ်ခြင်းမရှိဘဲ ထပ်မံပေးပို့လာသည့် လူဦးရေစာရင်းများကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီးသူများ ထပ်မံပါဝင်လာသဖြင့် မဲစာရင်းများ ဖောင်းပွခြင်း၊ ထပ်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၄။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မဲစာရင်းများပြုစုရန်အတွက် လူဦးရေစာရင်း အချက်အလက်များ ကောက်ယူရာတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်စာရင်းများ မြေပြင်ကောက်ယူရာတွင် NLD အစိုးရက ခန့်အပ်ထားသည့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင်ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း စိစစ်သိရှိရသည်။ ယင်းသို့ စာရင်းများ ကောက်ယူရာတွင် ရပ်ကွက်/ ကျေးရွာအတွင်း အမှန်တကယ် နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသား စိစစ်ရေးကတ် ရှိ/ မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မဲပေး ပိုင်ခွင့်ရှိသူ ဟုတ်/ မဟုတ် စိစစ်နိုင်ခြင်း မရှိခဲ့သည့်အတွက် မဲစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသည်။ **သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း(၆) မဲစာရင်း ပြုစုခြင်းပါ ပုဒ်မ ၁၅(ဂ)တွင် "မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်းပါဝင်ခြင်း မရှိစေရ"**ဟု ပြဋ္ဌာန်းထားသော်လည်း မဲစာရင်းများကောက်ယူရာတွင် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကိုတွေ့ရှိရသည်။ **သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၉(ခ)အရ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်း တွေ့ရှိလျှင် ထိုအမည်များကို မဲစာရင်းမှပယ်ဖျက်ရမည်** ဟု ပြဋ္ဌာန်းထားသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့်သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၁၅။ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန်အတွက် ရွေးကောက်ပွဲနေ့ မတိုင်မီ ၂၉-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ကြသဖြင့် ဥပဒေနှင့် မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ ပေးရန် အသိပေးကြေညာချက်ကို ၈-၁၀-၂၀၂၀ ရက်နေ့နှင့် ညွှန်ကြားချက်ကို ၁၁-၁၀-၂၀၂၀ ရက်နေ့တို့တွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့သည်။ ယင်းညွှန်ကြားချက်များကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးခဲ့ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

၁၆။ မဲဆန္ဒရှင်များ ဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉-၈-၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက် ထုတ်ပြန်၍ ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင် သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်ရရှိခဲ့ကြသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါကလည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများတွင် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၇။ မဲစာရင်းများ အရေအတွက်များပြားစွာ မဲရုံတိုင်း၌ မှားယွင်းမှုများ ဖြစ်ပေါ်ရခြင်းသည် မတော်တဆ ဖြစ်ပေါ်ခဲ့သော မှားယွင်းမှုမျိုး မဟုတ်ဘဲ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ထို့ပြင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း စသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုလုပ်၍ ဝင်ရောက် စွက်ဖက် မလျော်သြဇာအသုံးပြုကာ မသမာမှုများဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည့်အပြင် အခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအားလုံးကို COVID- 19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်၍ နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့ခြင်းတို့ကို စိစစ်တွေ့ရှိရသည်။

၁၈။ အထက်ပါ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ကျင်းပခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေများနှင့် ညီညွတ်မှု မရှိသည်ကို စိစစ်တွေ့ရှိရသည့်အပြင် လွတ်လပ်၍ တရားမျှတမှု မရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မြို့နယ် ၂၈ မြို့နယ်၊ ပြည်ထောင်စုနယ်မြေ မြို့နယ် ၈ မြို့နယ်၊ ရခိုင်ပြည်နယ် မြို့နယ် ၈ မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခဲ့သော ရွေးကောက်ပွဲရလဒ်များကို ဥပဒေနှင့်အညီ ပယ်ဖျက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ မြို့နယ်အလိုက် ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် စစ်ဆေးတွေ့ရှိချက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများစိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော် ယှဉ်ပြိုင်မှု (ဦးရေ) | အမျိုးသားလွှတ်တော် | | တိုင်းလွှတ်တော် မဲဆန္ဒနယ်(၁/၂) ယှဉ်ပြိုင်မှု (ဦးရေ) | | တိုင်းရင်းသားလူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိမဲလက်မှတ် | အသုံးပြုမဲလက်မှတ် | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန်မဲလက်မှတ် | ဆန္ဒမဲလက်မှတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု (ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ကျောက်ဆည် | ၅ | ၁ | ၄ | ၅ | ၃ | | ၂၂၀ | ၁၉၈၀၇၄ | ၁၈၃၆၀၁ | ၂၂၄၁၀၂ | ၁၆၈၇၁၂ | ၅၅၃၉၀ | ၅၃၉၆၁ | ၂၅၀၁ | ၁၀၇၂ |
| ၂ | စဉ့်ကိုင် | ၅ | | | ၄ | ၅ | | ၁၄၂ | ၁၁၈၄၇၉ | ၁၀၃၇၁၆ | ၁၃၃၂၀၈ | ၁၀၃၇၃၄ | ၂၉၄၇၄ | ၂၇၉၃၄ | ၂၆၉၁ | ၁၁၅၁ |
| ၃ | မြစ်သား | ၄ | | | ၃ | ၄ | | ၂၀၀ | ၁၅၈၄၉၃ | ၁၅၅၀၅၈ | ၁၈၁၃၂၃ | ၁၃၃၄၄၅ | ၄၇၈၇၈ | ၄၄၇၃၀ | ၃၂၉၀ | ၁၄၂ |
| ၄ | တံတားဦး | ၅ | | | ၇ | ၆ | | ၂၀၄ | ၁၁၅၂၃၂ | ၁၀၄၈၂၂ | ၁၃၄၇၅၂ | ၉၆၂၆၇ | ၃၈၄၈၅ | ၃၃၄၈၉ | ၅၁၀၉ | ၁၁၃ |
| ၅ | ကျောက်ပန်းတောင်း | ၃ | ၂ | ၃ | ၃ | ၃ | | ၃၇၉ | ၂၃၇၃၀၃ | ၁၈၁၇၁၁ | ၂၅၇၈၉၃ | ၁၇၁၃၇၈ | ၈၆၅၁၅ | ၇၂၁၀၆ | ၁၆၀၈၈ | ၁၆၇၉ |
| ၆ | ညောင်ဦး | ၅ | | | ၅ | ၄ | | ၂၃၆ | ၂၀၆၀၄၈ | ၁၆၉၁၅၁ | ၂၃၂၉၆၃ | ၁၆၀၂၈၁ | ၇၂၆၈၂ | ၆၆၀၈၉ | ၁၀၁၁၂ | ၃၇၁၉ |
| ၇ | စဉ့်ကူး | ၅ | ၃ | ၅ | ၄ | ၅ | | ၁၀၆ | ၁၁၇၀၂၂ | ၁၀၀၈၆၆ | ၁၃၀၇၀၀ | ၉၁၈၁၄ | ၃၈၈၆၆ | ၂၉၁၇၀ | ၉၉၄၆ | ၂၅၀ |
| ၈ | မိုးကုတ် | ၅ | | | ၆ | ၆ | | ၁၄၄ | ၁၄၇၁၂၀ | ၁၁၁၁၇၄ | ၁၆၃၈၅၃ | ၉၀၆၉၀ | ၇၃၁၆၃ | ၆၄၄၉၇ | ၉၃၁၂ | ၆၄၆ |
| ၉ | သပိတ်ကျင်း | ၄ | | | ၅ | ၄ | | ၁၀၁ | ၁၁၃၆၆၉ | ၁၀၀၄၄၈ | ၁၁၈၉၉၅ | ၈၁၁၁၅ | ၃၇၈၈၀ | ၃၀၅၇၂ | ၇၆၇၈ | ၃၇၀ |
| ၁၀ | မတ္တရာ | ၅ | ၄ | ၄ | ၅ | ၄ | | ၂၆၆ | ၂၀၃၇၃၈ | ၁၆၉၂၂၆ | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |
| ၁၁ | ပြင်ဦးလွင် | ၇ | | | ၆ | ၇ | | ၂၀၀ | ၁၉၇၀၀၆ | ၁၈၁၄၃၇ | ၂၀၅၈၈၃ | ၁၃၉၆၉၅ | ၆၆၁၈၈ | ၅၇၀၄၇ | ၁၁၂၆၈ | ၂၁၂၇ |
| ၁၂ | ချမ်းမြသာစည် | ၆ | ၅ | ၅ | ၅ | ၆ | | ၈၄ | ၂၀၉၂၀၈ | ၂၁၄၀၈၅ | ၂၂၂၀၅၀ | ၁၄၉၃၄၃ | ၇၂၇၀၇ | ၇၀၇၂၆ | ၉၄၇၄ | ၇၄၉၃ |
| ၁၃ | ပြည်ကြီးတံခွန် | ၆ | | | ၅ | ၅ | | ၇၁ | ၂၀၄၄၀၃ | ၁၆၅၄၁၇ | ၂၀၄၃၀၅ | ၁၃၀၇၉၈ | ၇၃၅၀၇ | ၆၄၉၈၁ | ၉၂၄၂ | ၇၂၆ |
| ၁၄ | အမရပူရ | ၇ | | | ၅ | ၅ | ရှမ်း ၄ | ၁၃၇ | ၁၈၁၆၆၄ | ၁၆၃၅၁၇ | ၁၉၄၃၀၈ | ၁၅၂၄၇၄ | ၄၁၈၃၄ | ၃၉၇၅၃ | ၂၀၈၁ | ၀ |
| ၁၅ | ချမ်းအေးသာစံ | ၇ | ၆ | ၅ | ၇ | ၅ | | ၇၂ | ၁၃၀၄၂၉ | ၁၄၁၇၈၅ | ၁၄၉၁၂၇ | ၉၉၃၃၂ | ၄၉၇၉၅ | ၄၄၃၁၆ | ၅၆၈၆ | ၂၀၇ |
| ၁၆ | ပုသိမ်ကြီး | ၈ | | | ၇ | ၇ | | ၁၃၉ | ၁၉၀၆၀၂ | ၁၇၆၃၀၅ | ၂၀၁၈၃၈ | ၁၄၅၅၅၉ | ၅၆၂၇၉ | ၄၉၅၈၀ | ၈၂၃၉ | ၁၅၄၀ |
| ၁၇ | မဟာအောင်မြေ | ၃ | | | ၃ | ၃ | | ၈၄ | ၁၇၂၇၄၁ | ၁၇၈၀၄၄ | ၁၇၅၇၉၆ | ၁၂၇၃၆၀ | ၄၈၄၃၆ | ၄၇၄၄၇ | ၈၇၀၅ | ၇၇၁၆ |
| ၁၈ | အောင်မြေသာစံ | ၉ | | | ၆ | ၇ | | ၉၂ | ၁၈၆၃၂၃ | ၁၈၅၇၀၆ | ၁၉၆၅၈၈ | ၁၃၆၉၉၆ | ၅၉၅၉၂ | ၄၉၅၀၉ | ၁၄၃၄၀ | ၄၂၅၇ |
| ၁၉ | မလှိုင် | ၃ | ၇ | ၄ | ၃ | ၃ | | ၂၁၀ | ၁၂၂၁၉၁ | ၉၇၀၇၂ | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |
| ၂၀ | မိတ္ထီလာ | ၃ | ၇ | ၄ | ၃ | ၄ | | ၂၉၁ | ၂၅၉၀၃၀ | ၂၀၄၀၆၀ | ၂၈၆၅၂၄ | ၂၀၄၃၅၈ | ၈၂၁၆၆ | ၇၀၅၁၁ | ၁၂၆၁၂ | ၉၅၇ |
| ၂၁ | ဝမ်းတွင်း | ၅ | ၈ | ၄ | ၅ | ၅ | | ၃၁၈ | ၁၉၅၅၄၈ | ၁၆၀၇၈၂ | ၂၂၈၃၅၂ | ၁၆၃၃၀၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၈၉ | ၄၀၁၄ |
| ၂၂ | သာစည် | ၅ | | | ၅ | ၆ | | ၂၄၉ | ၁၅၆၆၇၁ | ၁၃၁၆၈၂ | ၁၈၁၃၃၆ | ၁၂၉၁၈၅ | ၅၂၁၅၁ | ၄၉၄၆၈ | ၂၈၆၂ | ၁၇၉ |
| ၂၃ | ငါန်းဇွန် | ၄ | ၉ | ၄ | ၄ | ၄ | | ၁၄၂ | ၁၁၁၇၀၇ | ၈၁၁၆၃ | ၁၂၇၈၅၀ | ၈၅၂၆၅ | ၄၂၅၈၅ | ၃၅၁၁၇ | ၈၃၆၈ | ၉၀၀ |
| ၂၄ | နွားထိုးကြီး | ၃ | | | ၃ | ၃ | | ၂၂၀ | ၁၆၃၀၇၀ | ၁၂၃၈၄၆ | ၁၈၇၉၆၉ | ၁၂၇၅၅၃ | ၆၀၄၁၆ | ၅၇၅၆၉ | ၃၄၄၄ | ၅၉၇ |
| ၂၅ | တောင်သာ | ၄ | | | ၄ | ၄ | | ၃၂၂ | ၁၉၅၂၁၁ | ၁၅၀၁၈၅ | ၂၂၄၁၈၈ | ၁၃၃၃၁၇ | ၉၀၈၇၁ | ၈၁၁၂၃ | ၁၂၇၈၈ | ၃၀၄၀ |
| ၂၆ | မြင်းခြံ | ၄ | | | ၆ | ၄ | | ၂၇၆ | ၂၃၅၃၅၉ | ၁၉၄၂၉၇ | ၂၆၁၁၃၈ | ၁၇၇၀၃၆ | ၈၄၁၀၂ | ၇၃၀၆၄ | ၁၃၉၇၁ | ၂၉၃၃ |
| ၂၇ | ရမည်းသင်း | ၄ | ၁၀ | ၃ | ၄ | ၄ | | ၂၄၇ | ၁၉၈၄၃၈ | ၁၈၂၇၂၆ | ၂၂၆၁၅၅ | ၁၅၆၃၄၈ | ၆၉၈၀၇ | ၆၅၂၀၂ | ၆၃၂၁ | ၁၇၁၆ |
| ၂၈ | ပျော်ဘွယ် | ၄ | | | ၄ | ၅ | | ၂၉၅ | ၂၁၆၆၉၁ | ၁၇၅၇၂၇ | ၂၅၀၅၃၈ | ၁၇၇၅၂၃ | ၇၃၀၁၅ | ၇၀၁၁၇ | ၇၀၂၃ | ၄၁၂၅ |
| | စုစုပေါင်း | ၁၃၈ | | ၄၁ | ၁၃၂ | ၁၃၁ | ၄ | ၅၄၄၇ | ၄၉၄၁၄၇၁ | ၄၂၈၇၆၀၉ | ၅၄၆၇၈၈၄ | ၃၇၉၂၄၄၇ | ၁၆၇၅၅၃၇ | ၁၅၀၇၇၇၈ | ၂၂၁၅၄၆ | ၅၃၇၈၇ |

**ပြည်ထောင်စုနယ်မြေ၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများစိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော် ယှဉ်ပြိုင်မှု (ဦးရေ) | အမျိုးသားလွှတ်တော် | | တိုင်း/ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်(၁/၂) ယှဉ်ပြိုင်မှု (ဦးရေ) | | တိုင်းရင်းသားလူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိမဲလက်မှတ် | အသုံးပြုမဲလက်မှတ် | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန်မဲလက်မှတ် | ဆန္ဒမဲလက်မှတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု (ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ဇမ္ဗူသီရိ | ၉ | ၁၁ | ၆ | - | - | - | ၄၅ | ၉၅၀၄၇ | ၆၇၄၀၉ | ၉၈၅၅၀ | ၆၇၅၆၅ | ၃၀၉၈၅ | ၂၅၀၀၅ | ၅၉၈၀ | ၀ |
| ၂ | ဒက္ခိဏသီရိ | ၆ | | | - | - | | ၂၀ | ၃၁၆၅၇ | ၁၉၁၄၇ | ၃၅၁၅၃ | ၂၄၄၆၅ | ၁၀၆၈၈ | ၁၀၄၈၅ | ၂၀၃ | ၀ |
| ၃ | ပျဉ်းမနား | ၇ | | | - | - | | ၁၀၁ | ၁၃၈၃၅၆ | ၁၁၉၇၅၉ | ၁၅၀၉၄၁ | ၁၀၅၇၆၂ | ၄၅၁၇၉ | ၄၃၁၉၁ | ၁၉၈၈ | ၀ |
| ၄ | လယ်ဝေး | ၇ | | | - | - | | ၁၄၄ | ၂၂၁၃၈၈ | ၁၇၇၅၁၀ | ၂၄၅၆၁၁ | ၁၆၄၀၁၇ | ၈၁၅၉၄ | ၈၁၆၂၈ | ၂၇၄ | ၃၀၈ |
| ၅ | ဇေယျာသီရိ | ၄ | ၁၂ | ၅ | - | - | | ၇၄ | ၈၂၂၁၄ | ၅၇၁၆၈ | ၉၀၅၄၉ | ၇၂၀၉၂ | ၁၈၄၅၇ | ၁၈၃၁၃ | ၄၃၈ | ၂၉၄ |
| ၆ | ပုဗ္ဗသီရိ | ၈ | | | - | - | | ၇၉ | ၉၈၀၇၇ | ၆၀၇၅၀ | ၁၀၈၉၅၉ | ၇၈၅၇၆ | ၃၀၃၈၃ | ၃၀၃၁၆ | ၉၇၈ | ၉၁၁ |
| ၇ | တပ်ကုန်း | ၈ | | | - | - | | ၁၃၄ | ၁၈၀၈၃၈ | ၁၄၉၈၈၂ | ၂၀၄၃၉၈ | ၁၂၉၂၆၈ | ၇၅၁၃၀ | ၆၈၃၇၄ | ၆၈၀၄ | ၄၈ |
| ၈ | ဥတ္တရသီရိ | ၆ | | | - | - | | ၄၉ | ၅၈၆၄၉ | ၅၁၉၂၁ | ၆၀၅၉၀ | ၄၆၁၅၈ | ၁၄၄၃၂ | ၁၄၁၉၇ | ၂၃၅ | ၀ |
| | စုစုပေါင်း | ၅၅ | | ၁၁ | - | - | - | ၆၄၆ | ၉၀၆၂၂၆ | ၇၀၃၅၄၆ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၆၁ |

စာမျက်နှာ ၁၃ သို့ ❍

❍ စာမျက်နှာ ၁၂ မှ

### ရခိုင်ပြည်နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများစိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော် ယှဉ်ပြိုင်မှု (ဦးရေ) | အမျိုးသားလွှတ်တော် | | ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်(၁/၂) ယှဉ်ပြိုင်မှု(ဦးရေ) | | တိုင်းရင်းသားလူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိမဲလက်မှတ် | အသုံးပြုမဲလက်မှတ် | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန်မဲလက်မှတ် | ဆန္ဒမဲလက်မှတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု(ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | ကျောက်ဖြူ | ၆ | ၁ | ၅ | ၅ | ၅ | ချင်း ၈ | ၃၉ | ၃၃၆၅၇ | ၉၅၄၀၀ | ၁၄၃၆၄၈ | ၁၉၄၃၅ | ၁၂၄၂၁၃ | ၁၂၄၀၀၈ | ၃၀၅ | ၁၀၀ |
| ၂ | မာန်အောင် | ၇ | | | ၇ | ၆ | | ၈၁ | ၅၅၆၃၅ | ၄၉၅၇၈ | ၆၄၈၈၉ | ၃၉၅၉၉ | ၂၅၂၉၀ | ၂၄၈၈၀ | ၆၁၂ | ၂၀၂ |
| ၃ | ရမ်းဗြဲ | ၅ | ၂ | ၅ | ၄ | ၆ | | ၁၇၆ | ၈၀၆၅၈ | ၆၈၁၅၃ | ၉၇၅၂၃ | ၅၂၉၂၁ | ၄၄၆၀၂ | ၄၄၆၁၀ | ၂ | ၁၀ |
| ၄ | အမ်း | ၅ | | | ၇ | ၀ | | ၂၆ | ၂၂၉၄၅ | ၆၈၇၅၂ | ၁၀၀၈၁၅ | ၁၆၃၇၃ | ၈၄၄၄၂ | ၈၄၄၄၂ | ၂၀၀ | ၂၀၀ |
| ၅ | စစ်တွေ | ၄ | ၃ | ၄ | ၄ | ၅ | | ၁၀၈ | ၁၀၇၂၃၂ | ၁၁၇၄၅၁ | ၁၂၆၅၇၆ | ၅၉၃၉၁ | ၆၇၁၈၅ | ၆၅၉၆၉ | ၂၃၃၄ | ၁၁၁၈ |
| ၆ | သံတွဲ | ၇ | ၁၁ | ၆ | ၉ | ၇ | | ၁၉၁ | ၁၀၀၉၂၆ | ၉၄၃၀၉ | ၁၁၈၆၀၉ | ၈၀၀၃၁ | ၃၈၅၇၈ | ၃၆၄၂၄ | ၃၆၄၂ | ၁၄၈၈ |
| ၇ | ဂွ | ၅ | | | ၅ | ၄ | | ၁၃၅ | ၅၄၉၅၂ | ၄၃၆၃၅ | ၆၅၆၂၅ | ၄၅၂၃၆ | ၂၀၃၈၉ | ၁၈၆၄၄ | ၂၂၀၆ | ၄၆၁ |
| ၈ | တောင်ကုတ် | ၄ | ၁၂ | ၄ | ၀ | ၅ | | ၂၈ | ၁၂၉၅၂ | ၉၂၇၇၄ | ၁၃၉၆၃၆ | ၁၅၉၃၂ | ၁၂၃၇၀၄ | ၁၂၃၅၂၅ | ၄၃၇ | ၂၅၈ |
| | စုစုပေါင်း | ၄၃ | | ၂၄ | ၄၁ | ၃၈ | ၈ | ၇၈၄ | ၄၇၇၉၅၇ | ၆၃၀၀၅၂ | ၈၅၇၃၂၁ | ၃၂၈၉၁၈ | ၅၂၈၄၀၃ | ၅၂၂၅၀၂ | ၉၇၃၈ | ၃၈၃၇ |

### ရန်ကုန်တိုင်းဒေသကြီး၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်စာရင်းများစိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | ပြည်သူ့လွှတ်တော် ယှဉ်ပြိုင်မှု (ဦးရေ) | အမျိုးသားလွှတ်တော် | | တိုင်းလွှတ်တော် မဲဆန္ဒနယ်(၁/၂) ယှဉ်ပြိုင်မှု(ဦးရေ) | | တိုင်းရင်းသားလူမျိုး ယှဉ်ပြိုင်မှု (ဦးရေ) | မဲရုံပေါင်း | မြို့နယ်ကော်မရှင် မဲဆန္ဒရှင်စာရင်း | လဝက လူဦးရေစာရင်း | ထုတ်ယူရရှိမဲလက်မှတ် | အသုံးပြုမဲလက်မှတ် | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန်မဲလက်မှတ် | ဆန္ဒမဲလက်မှတ်ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | မဲဆန္ဒနယ် | ယှဉ်ပြိုင်မှု (ဦးရေ) | ၁ | ၂ | | | | | | | | | ပျောက်ဆုံး | အပို |
| ၁ | တိုက်ကြီး | ၈ | ၁ | ၄ | ၆ | ၇ | ရခိုင်၊ ကရင် ၁၁ | ၂၁၆ | ၂၁၆၁၃၃ | ၁၉၀၇၈၅ | ၂၄၁၂၀၄ | ၁၇၁၂၁၁ | ၆၉၉၉၃ | ၆၁၉၅၄ | ၈၀၃၉ | ၀ |
| ၂ | လှည်းကူး | ၃ | | | ၄ | ၄ | | ၁၃၀ | ၂၂၄၅၄၁ | ၉၄၉၉၆ | ၂၄၁၂၆၅ | ၁၆၀၄၇၆ | ၈၀၇၈၉ | ၆၄၈၃၇ | ၁၂၉၆၀ | ၆၀၀၈ |
| ၃ | ထန်းတပင် | ၆ | ၂ | ၅ | ၇ | ၇ | | ၁၁၉ | ၁၄၀၇၆၀ | ၇၀၇၉၂ | ၁၄၇၄၃၃ | ၁၀၄၄၅၄ | ၄၂၉၇၉ | ၄၂၁၅၈ | ၂၃၃၆ | ၁၅၁၅ |
| ၄ | မှော်ဘီ | ၆ | | | ၈ | ၆ | | ၁၇၅ | ၁၉၉၄၇၄ | ၁၀၉၉၁၀ | ၂၁၁၉၀၃ | ၁၄၉၅၀၀ | ၆၂၄၀၃ | ၆၁၅၀၉ | ၅၆၄၉ | ၄၇၅၅ |
| ၅ | ရွှေပြည်သာ | ၇ | | | ၈ | ၆ | | ၁၂၃ | ၃၁၃၇၈၃ | ၂၃၅၄၇၃ | ၃၂၆၉၅၁ | ၁၈၂၃၅၂ | ၁၄၄၅၉၉ | ၁၂၃၉၃၂ | ၂၆၅၇၄ | ၅၉၀၇ |
| ၆ | မင်္ဂလာဒုံ | ၆ | ၃ | ၄ | ၉ | ၇ | | ၁၃၆ | ၂၈၈၅၂၂ | ၁၅၀၄၀၇ | ၂၉၄၀၀၈ | ၁၆၂၆၅၆ | ၁၃၁၃၅၂ | ၁၁၄၀၉၁ | ၂၁၅၂၂ | ၄၂၆၁ |
| ၇ | အင်းစိန် | ၅ | | | ၆ | ၄ | | ၁၉၆ | ၂၃၇၂၃၀ | ၁၇၇၆၈၇ | ၂၆၁၃၅၀ | ၁၆၅၅၁၀ | ၉၅၈၄၀ | ၈၂၈၀၆ | ၁၆၅၂၆ | ၃၄၉၂ |
| ၈ | လှိုင်သာယာ(အရှေ့) | ၁၀ | ၄ | ၇ | ၇ | ၆ | | ၃၄၉ | ၃၆၂၅၈၅ | ၁၂၂၅၄၆ | ၃၈၃၄၈၂ | ၁၇၉၁၄၉ | ၂၀၄၃၃၃ | ၁၈၆၀၉၂ | ၁၈၉၁၁ | ၆၇၀ |
| ၉ | လှိုင်သာယာ(အနောက်) | ၈ | | | ၇ | ၈ | | ၂၈၇ | ၂၇၈၂၁၉ | ၁၃၉၃၁၄ | ၂၉၉၀၀၆ | ၁၄၆၃၂၂ | ၁၅၂၆၈၄ | ၁၃၃၆၇၂ | ၁၉၀၁၂ | ၀ |
| ၁၀ | တာမွေ | ၅ | ၅ | ၆ | ၆ | ၇ | | ၁၂၃ | ၁၂၇၁၀၇ | ၉၇၀၈၃ | ၁၄၀၃၁၄ | ၇၈၇၅၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ |
| ၁၁ | တောင်ဥက္ကလာ | ၆ | | | ၆ | ၅ | | ၁၂၄ | ၁၃၆၁၅၅ | ၁၃၆၂၂၄ | ၁၅၁၁၉၅ | ၉၈၁၅၅ | ၅၃၀၄၀ | ၄၈၇၀၇ | ၄၉၈၆ | ၆၅၃ |
| ၁၂ | ရန်ကင်း | ၄ | | | ၅ | ၄ | | ၅၃ | ၅၆၀၂၈ | ၃၃၃၈၃ | ၆၃၆၈၉ | ၃၆၇၀၄ | ၂၆၉၈၅ | ၂၃၁၁၁ | ၄၂၂၄ | ၃၅၀ |
| ၁၃ | သဃ်န်းကျွန်း | ၆ | ၅ | ၆ | ၅ | ၅ | | ၁၃၉ | ၁၈၄၄၈၅ | ၈၈၆၆၅ | ၂၀၃၇၃၈ | ၁၂၇၉၇၃ | ၇၅၇၆၅ | ၇၄၀၀၁ | ၁၇၆၄ | ၀ |
| ၁၄ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၇ | ၆ | ၅ | ၅ | ၅ | | ၂၂၁ | ၂၉၉၇၆၈ | ၁၃၀၆၈၂ | ၃၂၃၂၈၆ | ၁၉၇၇၁၉ | ၁၂၅၅၆၇ | ၁၁၂၄၄၈ | ၁၄၅၃၉ | ၁၄၂၀ |
| ၁၅ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၄ | | | ၇ | ၆ | | ၁၂၈ | ၁၆၂၆၃၄ | ၅၂၁၄၁ | ၁၇၀၆၂၈ | ၉၀၇၈၆ | ၇၉၈၄၂ | ၆၄၉၇၈ | ၂၀၄၈၃ | ၅၆၁၉ |
| ၁၆ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၈ | ၇ | ၅ | ၆ | ၄ | | ၁၅၄ | ၁၆၆၃၅၂ | ၆၅၀၅၇ | ၁၈၃၆၈၇ | ၁၁၆၁၇၉ | ၆၇၅၀၈ | ၅၈၃၁၇ | ၁၁၉၈၀ | ၂၇၈၉ |
| ၁၇ | ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၇ | | | ၅ | ၆ | | ၁၇၁ | ၁၅၁၉၇၈ | ၅၉၅၁၁ | ၁၆၀၀၃၇ | ၉၉၉၉၅ | ၆၀၀၄၂ | ၅၃၃၇၆ | ၁၁၇၅၈ | ၅၀၉၂ |
| ၁၈ | မြောက်ဥက္ကလာပ | ၆ | | | ၇ | ၆ | | ၂၃၈ | ၂၇၃၄၈၁ | ၁၂၇၃၅၅ | ၂၉၇၆၅၇ | ၁၇၇၁၇၆ | ၁၂၀၄၈၁ | ၁၀၇၆၁၇ | ၂၇၃၉၈ | ၁၄၅၃၄ |
| ၁၉ | ဒေါပုံ | ၅ | ၈ | ၃ | ၅ | ၄ | | ၆၃ | ၇၀၇၅၃ | ၅၈၇၀၈ | ၇၈၀၈၇ | ၄၄၆၀၀ | ၃၃၄၈၇ | ၃၀၆၂၀ | ၃၄၆၁ | ၅၉၄ |
| ၂၀ | ပုဇွန်တောင် | ၅ | | | ၅ | ၄ | | ၂၆ | ၃၅၈၇၁ | ၂၇၃၉၀ | ၃၉၉၈၇ | ၂၃၀၀၁ | ၁၆၉၈၆ | ၁၆၁၆၁ | ၁၃၇၈ | ၅၉၃ |
| ၂၁ | ဗိုလ်တထောင် | ၆ | | | ၅ | ၅ | | ၃၈ | ၃၃၂၈၈ | ၂၅၃၂၇ | ၃၆၁၄၆ | ၂၃၂၂၉ | ၁၂၉၁၇ | ၁၂၅၃၀ | ၅၇၄ | ၁၈၇ |
| ၂၂ | မင်္ဂလာတောင်ညွန့် | ၅ | | | ၇ | ၄ | | ၇၇ | ၁၀၄၀၃၇ | ၆၆၉၉၇ | ၁၁၄၃၂၇ | ၆၄၄၁၀ | ၄၉၉၁၇ | ၄၅၉၂၇ | ၄၈၁၁ | ၈၂၁ |
| ၂၃ | သာကေတ | ၈ | ၈ | ၃ | ၇ | ၆ | | ၂၁၁ | ၁၇၄၇၅၁ | ၁၃၉၆၄၇ | ၁၉၆၁၇၈ | ၁၂၀၁၃၀ | ၇၆၀၄၈ | ၆၂၆၉၁ | ၁၉၅၃၉ | ၆၁၈၂ |
| ၂၄ | ကိုကိုးကျွန်း | ၃ | ၉ | ၄ | ၃ | ၃ | | ၂ | ၁၄၆၆ | ၇၆၁ | ၁၆၃၂ | ၁၄၀၅ | ၂၂၇ | ၂၈၀ | ၀ | ၅၃ |
| ၂၅ | ကော့မှူး | ၆ | | | ၅ | ၄ | | ၁၆၁ | ၉၈၆၇၈ | ၇၆၀၅၅ | ၁၁၄၈၂၂ | ၇၈၂၆၈ | ၃၆၅၅၄ | ၃၅၂၅၉ | ၁၈၉၁ | ၅၉၆ |
| ၂၆ | ကွမ်းခြံကုန်း | ၃ | | | ၃ | ၄ | | ၁၈၀ | ၈၉၉၃၂ | ၈၇၀၀၇ | ၁၀၆၂၀၈ | ၆၈၉၉၃ | ၃၇၂၁၅ | ၃၄၀၅၅ | ၃၆၇၉ | ၅၁၉ |
| ၂၇ | ဆိပ်ကြီး/ခနောင်တို | ၄ | | | ၄ | ၆ | | ၃၅ | ၂၆၀၅၅ | ၂၅၅၇၄ | ၂၉၇၀၇ | ၂၁၀၇၉ | ၈၆၂၈ | ၈၈၁၄ | ၃၉၂ | ၅၇၈ |
| ၂၈ | တွံတေး | ၈ | | | ၈ | ၉ | | ၁၈၄ | ၁၇၄၄၄၁ | ၁၃၅၀၇၉ | ၂၀၇၈၈၀ | ၁၄၂၀၄၇ | ၆၅၈၃၃ | ၆၀၀၀၀ | ၉၆၁၄ | ၃၇၈၁ |
| ၂၉ | ဒလ | ၅ | | | ၅ | ၅ | | ၁၈၂ | ၁၃၀၅၉၉ | ၁၀၇၄၈၈ | ၁၄၆၀၉၃ | ၉၁၅၂၆ | ၅၄၅၆၇ | ၅၀၃၅၂ | ၄၄၅၂ | ၂၃၇ |
| ၃၀ | ကျောက်တန်း | ၆ | ၁၀ | ၆ | ၆ | ၅ | | ၁၉၂ | ၁၃၂၂၀၈ | ၁၁၃၆၅၁ | ၁၅၁၄၆၈ | ၁၀၂၂၂၁ | ၄၉၂၄၇ | ၄၄၁၁၈ | ၆၅၁၁ | ၁၃၈၂ |
| ၃၁ | ခရမ်း | ၄ | | | ၅ | ၄ | | ၂၀၄ | ၁၂၈၁၁၆ | ၁၄၁၅၃၈ | ၁၄၉၂၆၆ | ၁၀၀၄၉၉ | ၄၈၇၆၇ | ၄၅၄၃၇ | ၅၈၀၇ | ၂၄၇၇ |
| ၃၂ | သန်လျင် | ၈ | | | ၆ | ၅ | | ၂၂၉ | ၂၂၂၂၇၅ | ၁၇၆၄၅၄ | ၂၄၂၃၈၉ | ၁၅၇၈၈၆ | ၈၄၅၀၃ | ၇၇၄၄၇ | ၈၀၃၂ | ၉၇၆ |
| ၃၃ | သုံးခွ | ၃ | | | ၄ | ၄ | | ၁၇၅ | ၁၂၆၀၆၃ | ၁၂၃၇၉၉ | ၁၄၄၃၆၆ | ၉၇၅၉၉ | ၄၆၇၆၇ | ၄၅၅၁၉ | ၁၂၄၈ | ၀ |
| ၃၄ | ကျောက်တံတား | ၆ | ၁၁ | ၄ | ၅ | ၆ | | ၂၈ | ၂၃၉၈၄ | ၂၅၇၇၆ | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၃၉ | ၃၀၆ | ၉၆ |
| ၃၅ | စမ်းချောင်း | ၅ | | | ၄ | ၄ | | ၅၂ | ၈၁၇၇၅ | ၇၃၅၄၁ | ၈၆၅၆၃ | ၄၈၆၆၂ | ၃၇၉၀၁ | ၃၀၅၄၄ | ၉၅၁၇ | ၂၁၆၀ |
| ၃၆ | ဒဂုံ | ၄ | | | ၄ | ၄ | | ၁၃ | ၂၁၀၀၄ | ၂၀၉၄၃ | ၂၂၂၅၂ | ၁၅၆၆၃ | ၆၅၈၉ | ၆၁၆၇ | ၅၃၇ | ၁၁၅ |
| ၃၇ | ပန်းဘဲတန်း | ၄ | ၁၁ | ၄ | ၅ | ၅ | | ၂၆ | ၂၅၄၀၈ | ၃၁၄၄၉ | ၂၇၅၄၉ | ၁၅၅၉၀ | ၁၁၉၅၉ | ၁၁၇၈၂ | ၂၆၃ | ၈၆ |
| ၃၈ | ဗဟန်း | ၄ | | | ၅ | ၄ | | ၆၅ | ၆၇၂၂၂ | ၃၆၇၇၈ | ၇၂၄၄၇ | ၄၂၆၃၆ | ၂၉၈၁၁ | ၂၁၇၄၁ | ၉၀၂၁ | ၉၅၁ |
| ၃၉ | မရမ်းကုန်း | ၆ | | | ၅ | ၄ | | ၁၂၁ | ၁၅၈၈၉၈ | ၁၀၁၄၇၅ | ၁၇၈၄၇၀ | ၁၁၁၄၄၈ | ၆၇၀၂၂ | ၆၆၃၈၉ | ၆၃၃ | ၀ |
| ၄၀ | လသာ | ၆ | | | ၄ | ၄ | | ၁၈ | ၁၇၈၆၃ | ၂၀၃၉၁ | ၂၀၄၈၃ | ၁၀၉၃၀ | ၉၅၅၃ | ၉၃၈၉ | ၂၄၉ | ၈၅ |
| ၄၁ | ကမာရွတ် | ၅ | ၁၂ | ၅ | ၅ | ၅ | | ၃၇ | ၇၀၉၉၉ | ၆၂၉၅၆ | ၇၀၄၉၀ | ၄၃၉၉၂ | ၂၆၄၉၈ | ၂၅၄၈၇ | ၂၈၁၆ | ၁၈၀၅ |
| ၄၂ | ကြည့်မြင်တိုင် | ၅ | | | ၇ | ၆ | | ၇၁ | ၈၈၁၈၀ | ၆၀၂၃၁ | ၉၆၂၈၃ | ၆၂၂၅၇ | ၃၄၀၂၆ | ၃၁၂၅၄ | ၃၄၅၅ | ၆၈၃ |
| ၄၃ | လမ်းမတော် | ၄ | | | ၄ | ၄ | | ၂၂ | ၃၄၀၄၄ | ၂၃၅၄၄ | ၃၈၈၈၈ | ၁၉၉၂၀ | ၁၈၉၆၈ | ၁၇၇၉၅ | ၁၁၈၃ | ၁၀ |
| ၄၄ | လှိုင် | ၅ | | | ၅ | ၅ | | ၈၇ | ၁၄၁၄၄၂ | ၁၀၀၇၅၀ | ၁၄၉၂၁၅ | ၉၁၃၂၀ | ၅၇၈၉၅ | ၅၃၀၄၄ | ၇၉၃၆ | ၃၀၈၅ |
| ၄၅ | အလုံ | ၄ | | | ၅ | ၅ | | ၂၈ | ၃၈၄၆၀ | ၃၄၃၇၅ | ၄၀၉၃၇ | ၂၆၂၄၅ | ၁၄၆၉၂ | ၁၃၈၉၉ | ၁၂၂၆ | ၄၃၃ |
| | စုစုပေါင်း | ၂၄၉ | | ၅၈ | ၂၅၀ | ၂၃၀ | ၁၁ | ၅၈၀၉ | ၆၁၃၇၀၄၇ | ၃၉၇၉၆၉၅ | ၆၆၈၉၂၇၀ | ၄၀၈၅၆၈၆ | ၂၆၀၃၅၈၄ | ၂၃၃၇၁၅၀ | ၃၅၇၉၃၇ | ၉၁၅၀၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ထိုင်းနိုင်ငံ၌ ကိုဗစ် - ၁၉ နေ့စဉ်ကူးစက်မှု ၁၅၀၀၀ ကျော်လွန်

ဘန်ကောက် ဇူလိုင် ၂၅

**ထိုင်းနိုင်ငံ၌ ဇူလိုင် ၂၅ ရက်က ကိုဗစ်−၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၅၀၀၀ ကျော် တွေ့ရှိခဲ့ပြီး ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ နေ့စဉ်ကူးစက်မှုမှာ ပထမဆုံးအကြိမ်အဖြစ် ၁၅၀၀၀ ကျော်လွန်ခြင်းဖြစ်သည်။**

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ကူးစက်မှုမှာ ၁၀၀၀၀ အထိ ရှိခဲ့သည်။ နေ့စဉ်ကူးစက်မှုမှာ ၁၅၃၃၅ ဦးဖြင့် အများဆုံးဖြစ်ခဲ့ပြီး သေဆုံးသူ ၁၂၉ ဦး ရှိခဲ့သည်။ အခြားသော အရှေ့တောင်အာရှနိုင်ငံများကဲ့သို့ပင် ထိုင်းနိုင်ငံ၏ ကိုဗစ်−၁၉ ကူးစက်မှုမှာ ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကြောင့် ပိုမိုများပြားလာခဲ့သည်။

မြို့တော်အနီးတစ်ဝိုက်ရှိ ဆေးရုံများတွင် လူနာများနှင့် ပြည့်နှက်နေပြီး အချို့သောလူများမှာ ရောဂါကူးစက်ခံရပြီးနောက် နေအိမ်၌ပင် သေဆုံးခဲ့ကြရသည်။ ကနဦးတွင် ထိုင်းနိုင်ငံသည် ကိုဗစ်−၁၉ ကူးစက်မှုကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သည်။

သို့သော်လည်း ယခုနှစ် ဧပြီလမှစတင်ကာ ကူးစက်မှုများ တဖြည်းဖြည်း များပြားလာခဲ့သည်။ ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်မှာလည်း အခက်အခဲများရှိပြီး လူဦးရေ ၂၀ ရာခိုင်နှုန်းကိုသာ ပထမအကြိမ် ကာကွယ်ဆေးထိုးပေးရသေးသည်။

ကျော်ဒို



ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကိုဗစ်−၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး ဥရောပကားထုတ်လုပ်သူများ ကြိုးပမ်း

**ဘရပ်ဆဲလ် ဇူလိုင် ၂၅**

၂၀၃၅ ခုနှစ် အရောက်တွင် ဓာတ်ဆီနှင့် ဒီဇယ်သုံးကားများ ရောင်းချမှုကို ထိထိရောက်ရောက် ပိတ်ပင်တော့မည်ဟု ဥရောပသမဂ္ဂက ကြေညာပြီးသည့်နောက် လျှပ်စစ်ကားများ ပြောင်းလဲထုတ်လုပ်နိုင်ရေးအတွက် ဥရောပကား ထုတ်လုပ်သူများက အရှိန်အဟုန် မြှင့်ကြိုးပမ်းလျက်ရှိသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး ကားထုတ်လုပ်မှုတွင် တင်းကျပ်မှုများ ဆောင်ရွက်ရန် လုပ်ဆောင်လျက်ရှိသည်။

ဂျာမနီကား ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် Daimler သည် ၎င်းတို့ကုမ္ပဏီ၏ ဇိမ်ခံမော်ဒယ်ဖြစ်သော Mercedes-Benz ကို ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ကားအဖြစ် ထုတ်လုပ်မည်ဟု ၎င်းတို့၏ အစီအစဉ်ကို ပြောကြားခဲ့သည်။



ဥရောပကားထုတ်လုပ်တပ်ဆင်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

ဘက်ထရီနှင့် အခြားသော လိုအပ်သည့် အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေးအတွက် ကုမ္ပဏီအနေဖြင့် ယူရို ၄၀ ဘီလီယံ သို့မဟုတ် ၄၇ ဘီလီယံ ဒေါ်လာကို ရင်းနှီးမြှုပ်နှံမည်ဟုလည်း ပြောကြားခဲ့သည်။

အခြားသော ဥရောပကား ကုမ္ပဏီကြီးများဖြစ်သည့် Jaguar၊ Audi နှင့် Volvo တို့သည်လည်း အဆိုပါ အစီအစဉ်အတိုင်း လိုက်နာမည်ဟု သိရသည်။

ကာဗွန်ကင်းစင်ရေးအတွက် ပြုလုပ်နိုင်ရေးမှာ တစ်ကမ္ဘာလုံး အနှံ့ တောင်းဆိုမှုများ များပြားနေသည်။

အင်န်အိတ်ချ်ကေ

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၄၅၄၁၆ ဦး ထပ်မံတွေ့ရှိ

ဂျကာတာ ဇူလိုင် ၂၅

အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင် ၂၄ ရက်က ကိုဗစ်−၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၅၄၁၆ ဦးရှိပြီး နောက်ထပ်သေဆုံးသူ ၁၄၁၅ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ကြောင့် စုစုပေါင်း ကူးစက်ခံရသူ ၃၁၂၇၈၂၆ ဦး ရှိပြီး သေဆုံးသူပေါင်း ၈၂၀၁၃ ဦး ရှိလာခဲ့သည်။ ကိုဗစ်−၁၉ ကူးစက်မှုမှာ ပြည်နယ်ပေါင်း ၃၄ ခုသို့ ပျံ့နှံ့လျက်ရှိပြီး ဗီဇပြောင်းဒယ်လ်တာကူးစက်မှုကြောင့်လည်း နောက်ထပ်ကူးစက်ခံရသူ များပြားလာခဲ့ရသည်။

အရှေ့တောင်အာရှနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် ကာကွယ်ဆေးထိုးနှံပေးမှုများကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်ပေးနေသကဲ့သို့ ကူးစက်မှုမြင့်မားသည့် နေရာများတွင်လည်း အများပြည်သူများ သွားလာလှုပ်ရှားရာတွင် ကန့်သတ်ချက်များ ထုတ်ပြန်ထားသည်။

အကယ်၍ ကူးစက်မှုနှုန်း သိသိသာသာ လျော့ကျလာပါက လာမည့်သီတင်းပတ်မှစတင်ကာ ဖြေလျှော့ပေးမှုအချို့ ပြုလုပ်ရန် အစိုးရက စဉ်းစားလျက်ရှိသည်။

ဆင်ဟွာ

## ဘဂ္ဂဒက်ဗုံးပေါက်ကွဲမှုနှင့် ဆက်စပ်မှုရှိသည့် အကြမ်းဖက်သမားများကို ဖမ်းဆီးမိ

ဘဂ္ဂဒက် ဇူလိုင် ၂၅

မကြာသေးမီက အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုနှင့် ဆက်စပ်မှုရှိသည့် အကြမ်းဖက်အုပ်စုတစ်စုကို ဖြိုဖျက်နိုင်ခဲ့သည်ဟု အီရတ်ဝန်ကြီးချုပ် မူစတာဖာ အယ်ခက်ဟီမီက ဇူလိုင် ၂၄ ရက်တွင် ကြေညာခဲ့သည်။

အဆိုပါ အကြမ်းဖက်အဖွဲ့တစ်ဖွဲ့လုံးကို ဖမ်းဆီးနိုင်ခဲ့သည်ဟု အီရတ်ဝန်ကြီးချုပ်က တွစ်တာပေါ်တွင် ကြေညာခဲ့သည်။ ယခုသီတင်းပတ်အစောပိုင်းတွင် ဘဂ္ဂဒက်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၃၀ သေဆုံးခဲ့ပြီးလူ ၅၀ ဒဏ်ရာရရှိခဲ့သည်။

အိုင်အက်စ်တို့က ယင်းပေါက်ကွဲမှုမှာ ၎င်းတို့၏ လက်ချက်ဟု ပြောဆိုခဲ့သည်။ အီရတ်နိုင်ငံတွင် လုံခြုံရေးတိုးမြှင့်ပြီးနောက် မြို့တော် ဘဂ္ဂဒက်ကဲ့သို့သော နေရာမျိုးတွင် ပေါက်ကွဲမှုဖြစ်စဉ်မှာ ရှားပါးသည့် ဖြစ်ရပ်ဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ကိုဗစ်ကန့်သတ်ချက်များနောက်ထပ်ဖြေလျှော့မှုများ ပြုလုပ်

**နယူးဒေလီ ဇူလိုင် ၂၅**

အိန္ဒိယနိုင်ငံ ဒေလီမြို့ အာဏာပိုင်များသည် ဇူလိုင် ၂၄ ရက်က မြို့တော်အနီးတစ်ဝိုက်တွင် ကိုဗစ်−၁၉ ကန့်သတ်ချက်အချို့ကို ဖြေလျှော့မှုများပြုလုပ်ရန် ခွင့်ပြုပေးခဲ့သည်ဟု သိရသည်။ ဇူလိုင် ၂၆ ရက်မှစတင်ကာ ရထားပြေးဆွဲမှုနှင့် ဘတ်စ်ကားပြေးဆွဲမှုတို့တွင်လူဦးရေအပြည့် တင်ဆောင်ခွင့်ပေးတော့မည်ဖြစ်ပြီး ရုပ်ရှင်ရုံများကို လူဦးရေ တစ်ဝက်ဝင်ခွင့်ပေးခြင်းဖြင့် ပြန်လည်လည်ပတ်ခွင့်ပေးမည်ဟု သိရသည်။

ဒေလီမြို့ သဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ထုတ်ထားသော အမိန့်အရ ဘားများကို မွန်းလွဲပိုင်းမှ ည ၁၀ နာရီအထိ လူဦးရေတစ်ဝက်သာ ဝန်ဆောင်မှုပေးခြင်းဖြင့် ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။

ဆိုင်များ အားလုံးကိုလည်း နံနက် ၁၀နာရီမှ ည ၈ နာရီအထိ တစ်ပြေးညီ ဖွင့်လှစ်ခွင့်ပေးမည်ဖြစ်သည်။ မင်္ဂလာဆောင်များနှင့် အသုဘများတွင် လူစုလူဝေးပြုလုပ်ခွင့်ကို ယခင် ၅၀ သတ်မှတ်ထားရာမှ ၁၀၀ အထိ တိုးမြှင့်လိုက်ကြောင်း သိရသည်။

ဒေလီမြို့တွင် ကိုဗစ်−၁၉ ကြောင့် သေဆုံးမှုနှင့် နောက်ထပ်ကူးစက်မှု လျော့ကျလာသည့်အတွက် ယခုလိုဖြေလျှော့မှုများ ပြုလုပ်ပေးခြင်း ဖြစ်သည်ဟု သဘာဝဘေးစီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့က ပြောသည်။

ဇူလိုင် ၂၃ ရက်တွင် ဒေလီမြို့၌ ကိုဗစ်−၁၉ ကူးစက်ခံရသူ ၅၈ ဦးတွေ့ရှိခဲ့ပြီးသေဆုံးသူတစ်ဦးရှိခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**




ဒေလီမြို့ ဘူတာရုံ၌ ခရီးသွားများကို တွေ့ရစဉ်။

## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း COVID–19 တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတစ်ဝှမ်း COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များ ဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

◆ *ကျောဖုံးမှ*

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၁၅၃)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၈၅,၄၀၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၅၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၇,၁၁၁) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၅–၇–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၃၆) ခု | (၁၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၆) ခု | (၄၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀၇) ခု | (၂၄၄) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၆၇) ခု | (၅၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၃) ခု | (၁၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၉၈) ခု | (၁,၁၅၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၈၁၇) ခု | (၃,၂၇၁) ဦး |
| **စုစုပေါင်း** | (၁၂,၄၇၄) ခု | (၄,၉၉၈) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်– ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်– ၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်– ၁၉ ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

### ၂၅-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၁၈၄၆၇၁ | ၂၉၅၀၇၁၂၃ | ၆၂၆၇၁၃ |
| ၂။ | အိန္ဒိယ | ၃၁၃၇၁၉၀၁ | ၃၀၅၄၃၁၃၈ | ၄၂၀၅၈၅ |
| ၃။ | ဘရာဇီး | ၁၉၆၇၀၅၃၄ | ၁၈၃၄၀၇၆၀ | ၅၄၉၅၀၀ |
| ၄။ | ရုရှား | ၆၁၂၆၅၄၁ | ၅၄၉၀၆၃၄ | ၁၅၃၈၇၄ |
| ၅။ | ပြင်သစ် | ၅၉၇၈၆၉၅ | ၅၆၇၄၅၈၇ | ၁၁၁၆၁၆ |
| ၆။ | ဗြိတိန် | ၅၆၆၉၂၆၀ | ၄၄၄၂၆၁၇ | ၁၂၉၃၃၀ |
| ၇။ | တူရကီ | ၅၅၈၇၃၇၈ | ၅၄၁၅၉၃၇ | ၅၀၈၇၉ |
| ၈။ | အာဂျင်တီးနား | ၄၈၃၉၁၀၉ | ၄၄၈၀၃၃၆ | ၁၀၃၅၈၄ |
| ၉။ | ကိုလံဘီယာ | ၄၇၁၆၇၉၈ | ၄၄၇၇၁၅၅ | ၁၁၈၅၃၈ |
| ၁၀။ | အီတလီ | ၄၃၁၂၆၇၃ | ၄၁၂၂၂၀၈ | ၁၂၇၉၄၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၅ – ၇ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၁၆၆၅၀၅ | ၂၅၀၉၃၁၈ | ၈၃၂၇၉ |
| ဖိလစ်ပိုင် | ၁၅၄၈၇၅၅ | ၁၄၆၇၂၆၉ | ၂၇၂၂၄ |
| မလေးရှား | ၁၀၁၃၄၃၈ | ၈၄၄၅၄၁ | ၇၉၉၄ |
| ထိုင်း | ၄၉၇၃၀၂ | ၃၃၄၆၉၃ | ၄၀၅၉ |
| မြန်မာ | ၂၆၉၅၂၅ | ၁၈၅၄၀၂ | ၇၁၁၁ |
| ဗီယက်နမ် | ၉၄၉၁၃ | ၁၇၅၈၃ | ၃၇၀ |
| ကမ္ဘောဒီးယား | ၇၂၉၂၃ | ၆၅၂၆၄ | ၁၂၈၃ |
| စင်ကာပူ | ၆၄၁၇၉ | ၆၂၅၉၅ | ၃၇ |
| လာအို | ၄၇၆၂ | ၂၀၇၄ | ၅ |
| ဘရူနိုင်း | ၃၂၁ | ၂၆၉ | ၃ |



တတ်နိုင်သမျှ မိမိအိမ်တွင်သာ နေပါ



အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# “နိုင်ငံတိုင်းက ကာကွယ်ဆေးတွေရရှိဖို့၊ မိမိနိုင်ငံသားတွေကို ထိုးနှံပေးဖို့နဲ့ အမြန်ဆုံး ကာကွယ်ပေးနိုင်ဖို့အတွက် ဘက်ပေါင်းစုံကနေ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ကာကွယ်ဆေးထိုးဆောင်ရွက်ခြင်းသည် ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို ကာကွယ်နိုင်ဖို့အတွက် အရေးပါတဲ့ လက်နက်တစ်ခုလည်း ဖြစ်ပါတယ်”

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

### ထက်လျှံ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဇူလိုင် ၂၄ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။ ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။**

ဒီနေ့မှာ ကာကွယ်ဆေးနဲ့ ပတ်သက်ပြီး ဘယ်လို အကျိုးကျေးဇူးတွေရှိသလဲဆိုတာကို ရှင်းပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ လက်ရှိမှာ ကိုဗစ်–၁၉ ဖြစ်ပွားမှုက ကမ္ဘာတစ်ဝန်းလုံးမှာ မြင့်တက်နေဆဲ ဖြစ်ပါတယ်။ ရောဂါကြောင့် သေဆုံးမှုတွေ များနေဆဲဖြစ်ပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးဖို့လိုအပ်တဲ့နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဖို့ အားနည်းနေတဲ့ နိုင်ငံတွေမှာ ကိုဗစ်ရောဂါ ဖြစ်ပွားမှုနဲ့ သေဆုံးမှုက များနေတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတိုင်းက ကာကွယ်ဆေး တွေရရှိဖို့၊ မိမိနိုင်ငံသားတွေကို ထိုးနှံပေးဖို့နဲ့ အမြန်ဆုံးကာကွယ်ပေးနိုင်ဖို့အတွက် ဘက်ပေါင်းစုံကနေ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို ကာကွယ်ဆေးထိုး ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ကပ်ရောဂါဆိုးကြီးကို ကာကွယ်နိုင်ဖို့အတွက် အရေးပါတဲ့ လက်နက်တစ်ခုလည်း ဖြစ်ပါတယ်။

**ကာကွယ်ဆေးတွေထိုးခြင်းဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေရမလဲနဲ့ ပတ်သက်ပြီး Centers for Disease Control and Prevention (CDC) ကနေထုတ်ပြန်ထားတဲ့ ကာကွယ်ဆေးတွေ ထိုးခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူး နှစ်ချက်ရှိပါတယ်။ နံပါတ် (၁) အချက်က ကာကွယ်ဆေးတွေ ထိုးခြင်းဖြင့် ကိုဗစ် –၁၉ ကာကွယ်ဆေးတွေက စိတ်ချရတယ်၊ ဘေးကင်းပါတယ်လို့ ပြောထားပါတယ်။ ဘာကြောင့် ဒီလိုပြောရတာလဲဆိုရင် ကာကွယ်ဆေးတွေ ထုတ်လုပ်တဲ့အခါမှာ သိပ္ပံပညာကိုအခြေခံပြီး ထုတ်လုပ်ထားခြင်း ဖြစ်ပါတယ်။ ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ဆယ်စုနှစ်ပေါင်းများစွာ၊ ရာစုနှစ်ပေါင်းများစွာ သုတေသနတွေလုပ်ခဲ့တဲ့ အစဉ်အလာတွေရှိပါတယ်။** ဒီကာကွယ်ဆေးက သိပ္ပံပညာရပ် အပေါ် အခြေခံပြီးလုပ်တဲ့အတွက်ကြောင့် ဆေးရဲ့ စိတ်ချယုံကြည်ရမှုနဲ့ အန္တရာယ်ကင်းစင်မှုက ကောင်းမွန်တယ်လို့ ပြောချင်ပါတယ်။

ဒီနေရာမှာ ကာကွယ်ဆေးတွေကို ထိုးနှံပေး နေတယ်ဆိုတာ လူတွေမှာ စမ်းသပ်ပေးနေတာ မဟုတ်ပါဘူး။ အဆင့်လိုက် စမ်းသပ်မှုတွေနဲ့ သုတေသနပြုမှုတွေအပေါ်မှာ ကျေနပ်မှုရှိမှသာ ထိုးနှံပေးခြင်း ဖြစ်ပါတယ်။ Clinical Trial လို့ခေါ်တဲ့ လူတွေမှာ စမ်းသပ်တဲ့အဆင့်ပေါင်း (၃) ဆင့် လုပ်ရပါတယ်။ ဒီအဆင့်တွေကို မပြုလုပ်ခင်မှာ တိရစ္ဆာန်တွေမှာ စမ်းသပ်တာတွေ လုပ်ပါတယ်။ ဒီလို စမ်းသပ်တဲ့အခါမှာလည်း သူ့ရဲ့အဆင့်တိုင်းမှာ ဘေးကင်းလုံခြုံမှု၊ စိတ်ချရမှု၊ အာနိသင်ရှိမှု၊ ကာကွယ်ဆေးရဲ့ထိုးနှံရတဲ့ပမာဏ ဒါတွေကို အသေးစိတ် ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုမျိုး စမ်းသပ်စစ်ဆေးမှုလုပ်တဲ့အခါမှာ လိုအပ်တဲ့စစ်ဆေးမှုတွေကို ပြင်းပြင်းထန်ထန် လုပ်ပါတယ်။ နောက်ပြီး ကာကွယ်ဆေးရဲ့ အဆင့်တိုင်းမှာ ဘေးထွက်ဆိုးကျိုးတွေ ရှိ/မရှိ၊ ဆေးရဲ့အာနိသင်ကောင်းမွန်မှု၊ စိတ်ချရမှုတွေကို အမြဲမပြတ်စောင့်ကြည့်စစ်ဆေးပါတယ်။ ဒီလိုစောင့်ကြည့်ပြီးမှရလာတဲ့ စိတ်ချရပြီး ထိရောက်တဲ့ ကာကွယ်ဆေးတွေကို အသုံးပြုတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကာကွယ်ဆေးတွေရဲ့ ထုတ်လုပ်မှုစနစ်တိုင်းမှာ စိတ်ချရမှုကို စောင့်ကြပ်ကြည့်ရှုတဲ့လုပ်ငန်းကို သာမန်ဆောင်ရွက်ခြင်း မဟုတ်ဘဲ သေသေချာချာ ဂရုတစိုက် စောင့်ကြပ်ကြည့်ရှုပြီးလုပ်တဲ့ ကာကွယ်ဆေးတွေဖြစ်တဲ့အတွက်ကြောင့် ကာကွယ်ဆေးတွေသည် စိတ်ချရပါတယ်။



ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီး ရှင်းလင်းဖြေကြားစဉ်။

နံပါတ် (၂) အချက်က ကာကွယ်ဆေးတွေသည် ထိရောက်ပါတယ်။ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုနဲ့ပတ်သက်ပြီး ကာကွယ်ဆေး ထိုးနှံခံရတဲ့သူတွေကို ကိုဗစ်ရောဂါကြောင့် ပြင်းထန်စွာ နာမကျန်းဖြစ်ခြင်း၊ ဆေးရုံတက်ရောက်ရခြင်းနဲ့ သေဆုံးမှုကနေ ကာကွယ်ပေးပါတယ်။ ကမ္ဘာပေါ်မှာ ဘယ်ကာကွယ်ဆေးကမှ (၁၀၀) ရာခိုင်နှုန်း ကာကွယ်မှု မပေးနိုင်ပါဘူး။ ကာကွယ်ဆေးရဲ့ ကာကွယ်ပေးနိုင်မှုက အကန့်အသတ် ရှိပါတယ်။ ဒါကလည်း ဆေးထိုးနှံခံရသူရဲ့ အသက်အရွယ်၊ ကိုယ်ခံအားနဲ့ နောက်ခံရောဂါအခြေအနေ၊ တခြားသော အကြောင်းအရင်းတွေ အများကြီးပါပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပြောရရင် ကျွန်မတို့ ရာသီတုပ်ကွေး ကာကွယ်ဆေးတွေကို နှစ်စဉ်ထိုးနှံတယ်။ ဒီဆေးရဲ့ ကာကွယ်နိုင်မှုက ၅၀ ရာခိုင်နှုန်းပဲ ရှိပါတယ်။ သို့သော် ရာသီတုပ်ကွေးကာကွယ်ဆေး ထိုးနှံထားရင် တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုတွေကနေ အများကြီး ကာကွယ်နိုင်ပါတယ်။

ဒီသဘောအတိုင်းပါပဲ အခုလက်ရှိဖြစ်နေတဲ့ ကိုဗစ် – ၁၉ ရောဂါသည် ရောဂါအသစ်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ တစ်ခါမှမပေါ်ဖူးသေးတဲ့ ရောဂါ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါကို ဖြစ်စေတဲ့ Sars–CoV–2 ဗိုင်းရပ်စ်သည် ရောဂါပိုးအသစ် ဖြစ်ပါတယ်။ သို့သော် ရောဂါအသစ်တွေအတွက် ထုတ်လုပ်ထားတဲ့ ကိုဗစ် – ၁၉ ကာကွယ်ဆေးတွေသည် အလွန်ထိရောက်ပြီး ကောင်းမွန်ပါတယ်၊ စိတ်ချရပါတယ်။ ဒါကြောင့် ကာကွယ်ဆေး ထိုးနှံခံရသူတွေမှာ ပြင်းထန်စွာဝေဒနာခံစားရမှုတွေ၊ ဆေးရုံတက်ရမှုတွေ၊ သေဆုံးမှုတွေကနေ ကာကွယ်နိုင်တယ်ဆိုတာ အသေအချာပဲ ဖြစ်ပါတယ်။ သို့သော် ကာကွယ်ဆေးက ၁၀၀ မှာ ၁၀၀ လုံး မကာကွယ်နိုင်ဘူး ဖြစ်တတ်တဲ့အတွက်ကြောင့် တချို့သောသူတွေမှာ ကာကွယ်ဆေးထိုးနှံပြီးပေမယ့်လို့ သာမန်လက္ခဏာတွေဖြစ်တဲ့ ဖျားတယ်၊ ချောင်းဆိုးတယ်၊ အနံ့အရသာ ပျောက်တယ် စသဖြင့် ဒီလိုမျိုးတွေ ရှိနေနိုင်ပါတယ်။ သေချာတာ တစ်ခုက ကာကွယ်ဆေးထိုးနှံခံရပြီးသူမှာ ရောဂါပိုး ပြန်တွေ့တယ်ဆိုတာက တချို့သူတွေမှာ ရောဂါလက္ခဏာ ပေါ်လို့ ပေါ်မှန်းတောင် မသိပါဘူး။ သူ့ကို ပိုးရှိတဲ့သူနဲ့ ထိတွေ့ခဲ့လို့ စမ်းသပ်ကြည့်လိုက်မှသာ ပိုးတွေ့တာမျိုးတွေ၊ သာမန်လက္ခဏာလောက်ပဲ ခံစားနေရတာမျိုးတွေ ရှိပါတယ်။ ဒါကြောင့် ကိုဗစ်ရောဂါ ကာကွယ်ဆေးကို ဘာကြောင့်ထိုးနှံသင့်သလဲဆိုတာကို သိနိုင်ပြီဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံတဲ့နေရာမှာ ဘယ်လောက်အထိ ထိရောက်သလဲ၊ တစ်ကြိမ်ထိုးရင်တောင် ဘယ်လောက်အထိ ထိရောက်သလဲဆိုတာနဲ့ ပတ်သက်လို့ သုတေသနပြုလုပ်ချက်တွေမှာလည်း ရှိပြီးသားဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ကာကွယ်ဆေးထိုးနှံတဲ့အခါမှာ ကာကွယ်ဆေးရဲ့ အကျိုးရလဒ်အနေနဲ့ ဘယ်လောက်အထိ ထိရောက်မှုတွေ ရှိသလဲဆိုတာကို သိပါရစေ။**

**ဒေါက်တာခင်ခင်ကြီး** ။ ။ ကာကွယ်ဆေး က ထိုးနှံပြီးပြီဆိုရင် ကာကွယ်ဆေးရဲ့ ထိရောက်မှုက တကယ့်ကို အစွမ်းရှိတယ်ဆိုတာကို သုတေသနပြုချက်တွေအရ ပေါ်ထွက်လာခဲ့ပြီး ဖြစ်ပါတယ်။ Sars–CoV–2 ဆိုတဲ့ ကိုဗစ် – ၁၉ ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ကို တိုက်ခိုက်နိုင်ဖို့အတွက် ကာကွယ်ဆေးတစ်ခုကို အသိအမှတ်ပြုဖို့၊ သုံးစွဲခွင့်ပြုဖို့အတွက် ကာကွယ်ဆေးတွေ ထုတ်လုပ်တဲ့အခါမှာ ကာကွယ်ဆေးရဲ့ ထိရောက်မှုကိုလည်း အများကြီးကြည့်ပါတယ်၊ ချိန်ညှိပါတယ်၊ စဉ်းစားပါတယ်။

ဒီနေရာမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေသည် တစ်ကြိမ်ထိုးပြီးရင် ၆၀ ရာခိုင်နှုန်းအထက် ကာကွယ်ပါတယ်။ နှစ်ကြိမ်ထိုးပြီးပါက ၇၀ နဲ့ ၉၀ ရာခိုင်နှုန်းကြား ကာကွယ်ပါတယ်။ သို့သော် ရောဂါကြောင့် ပြင်းထန်စွာနာမကျန်းဖြစ်မှုနဲ့ ဆေးရုံတက်ရောက်ရမှုတွေကို ဒီကာကွယ်ဆေးတွေက ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်နိုင်ပါတယ်။ ဒီနေရာမှာ ကူးစက်မြန်တဲ့ ဗီဇပြောင်းပိုးဖြစ်တဲ့ ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်ပိုး အပါအဝင် အမျိုးမျိုးသော မျိုးဗီဇပြောင်းပိုးတွေကိုပါ ဒီကာကွယ်ဆေးတွေက အကျုံးဝင်ပါတယ်။

**ဒါဆိုရင် ကာကွယ်ဆေးတွေ ထိရောက်တယ်ဆိုတာ ကာကွယ်ဆေး ထိုးပြီးသားသူတွေကို ပြင်းထန်နာမကျန်းဖြစ်မှုတွေ၊ ဆေးရုံတက်ရောက်ရတဲ့အထိ ဆိုးရွားစွာခံစားရမှုတွေ၊ အောက်ဆီဂျင်ရှူရတာတွေ၊ သေဆုံးတာတွေကနေ ကာကွယ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကာကွယ်ဆေးထိုးပြီးသားသူမှာ ကိုဗစ် – ၁၉ ဗိုင်းရပ်စ်က အကြောင်းကြောင်းကြောင့် ဝင်လာလို့ရှိရင် ဗိုင်းရပ်စ်က ခန္ဓာကိုယ်ထဲရောက်ပြီဆိုရင် ပွားများဖို့လုပ်ပါတယ်။ ဒါက ဗိုင်းရပ်စ်အနေနဲ့ သူ့ရဲ့ မျိုးရိုးဗီဇ တည်တံ့ဖို့အတွက် ကြိုးစားမှုရဲ့ ပြယုဂ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီလိုဗိုင်းရပ်စ်က ခန္ဓာကိုယ်ထဲ ရောဂါပိုးပွားများနေပြီဆိုရင် ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုယ်ခံအားစနစ်က ချက်ချင်းသိပြီး ရောဂါပိုး ဆက်လက် ပွားများမှု မလုပ်နိုင်အောင်၊ ပွားများနေတဲ့ ရောဂါပိုးတွေကနေ ခန္ဓာကိုယ်ကို ဒုက္ခမပေးနိုင်အောင် လူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ ကိုယ်ခံအားစနစ်ကနေ တိုက်ထုတ်ဖို့အတွက် ပဋိဇီဝပစ္စည်းတွေ ထုတ်လုပ်ပါတယ်။ ဒီပဋိဇီဝပစ္စည်းကနေ ရောဂါပိုးကို တိုက်ထုတ်ပါတယ်။ ဒါကြောင့် ရောဂါပြင်းထန်စွာ ခံစားရမှုတွေ မဖြစ်ပါဘူး။**

ရောဂါပြင်းထန်စွာ မခံစားရတဲ့အတွက်ကြောင့် သာမန်ရောဂါ လက္ခဏာပေါ်ချင်မှလည်း ပေါ်မယ်၊ အသင့်အတင့် ရောဂါလက္ခဏာလည်း ပေါ်ချင်ပေါ်မယ်၊ အသင့်အတင့် ရောဂါလက္ခဏာကနေ နည်းနည်းပြင်းထန်လာပေမယ့် ဆိုးရွားပြင်းထန်တဲ့ အခြေအနေ၊ အောက်ဆီဂျင်ပေးရတဲ့ အခြေအနေတွေအထိ ရောက်ချင်မှရောက်မှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၀၁ ဦးနှင့် အမျိုးသမီး ၇၉ ဦး စုစုပေါင်း ၁၈၀ ကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၂၆ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၈၂ ဦးနှင့် အမျိုးသမီး ၁၆၂ ဦး စုစုပေါင်း ၃၄၄ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့ လူနာအမျိုးသား ၅၄ ဦးနှင့် အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၇၆ ဦးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ နယ်မြေခံသင်တန်းကျောင်းနှင့် တပ်နယ်အားကစားခန်းမတို့၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့ လူနာအမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၈ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်းနှင့် ယနေ့တွင် ကျန်းမာရေးကောင်းမွန်လာသည့် စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း အမျိုးသား ၈၀၊ အမျိုးသမီး ၅၅ ဦး စုစုပေါင်း ၁၃၅ ဦးတို့ကို သက်ဆိုင်ရာ ရပ်ကွက်များသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချမ်းမြသာစည်မြို့နယ်၌ အသက် ၆၀ နှင့်အထက်ရှိသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**မန္တလေး ဇူလိုင် ၂၅**

**မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း အသက် ၆၀ နှင့်အထက်ရှိသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့ နံနက် ၉ နာရီခွဲမှစ၍ စုရပ်များ နေရာလေးနေရာခွဲ၍ ထိုးနှံပေးသည်။**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသော စုရပ်များမှာ အထက (၃၀) - ၆၄ လမ်း၊ ၁၀၈ နှင့် ၁၀၉ လမ်းကြား၊ မြို့သစ်(၃) ရပ်ကွက်ရှိ အမှတ် (၃၀) အခြေခံပညာအထက်တန်းကျောင်း၊ ၆၆ နှင့် ၆၇ လမ်းကြား၊ ၁၁၁ နှင့် ၁၁၁ (A)လမ်းကြား၊ မြို့သစ်(၅) ရပ်ကွက်ရှိ အမှတ် (၂၆) အခြေခံပညာအထက်တန်းကျောင်း၊ ၆၆ လမ်း၊ ၁၀၇ နှင့် ၁၀၈ လမ်းကြား၊ မြို့သစ်(၂)ရပ်ကွက်ရှိ အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ၁၀၆ လမ်း၊ ၆၅ နှင့် ၆၆ လမ်းကြား၊ မြို့သစ်(၁) ရပ်ကွက်ရုံးတို့ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံရာနေရာများသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး လူဦးရေ ၂၀၀ ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ခရိုင်**

(ပြန်/ဆက်)





## ကျောက်တံခါးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

ကျောက်တံခါး ဇူလိုင် ၂၅

**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပညာရေးဝန်ထမ်းများအား ယနေ့ နံနက် ၈ နာရီက ကျောက်တံခါးမြို့ စည်ပင်သာယာခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသည်။**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု အစီအစဉ်တွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်စန်းစန်းထွေးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူ၍ မြို့နယ်ကျန်းမာရေးကြီးကြပ်ရေးမှူး ဆရာ ဦးထွန်းထွန်းအောင်နှင့် ကျန်းမာရေး ဝန်ထမ်းများက တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပညာရေးဝန်ထမ်း ပထမအကြိမ် လာရောက်ထိုးနှံသူ ၁၅၈ ဦးနှင့် ဒုတိယအကြိမ် လာရောက်ထိုးနှံသူ ၁၂၀ စုစုပေါင်း ၂၇၈ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

*စာမျက်နှာ ၁၆ မှ*

တချို့သုတေသနတွေအရ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးထားတယ်။ နှစ်ကြိမ်ထိုးရတဲ့ ကာကွယ်ဆေးတွေဆိုရင် ဒုတိယအကြိမ်ထိုးပြီး နှစ်ပတ်အကြာနဲ့ တစ်ကြိမ်တည်းထိုးရတဲ့ ကာကွယ်ဆေးတွေဆိုရင် ဆေးထိုးပြီး နှစ်ပတ်အကြာမှာ ကာကွယ်ဆေး အပြည့်အဝရရှိတယ်လို့ သတ်မှတ်ပါတယ်။ ကာကွယ်ဆေး အပြည့်အဝရရှိပြီးချိန်ကစပြီး ရောဂါကာကွယ်နိုင်မှု အာနိသင်အနေနဲ့ ကောင်းမွန်ပါတယ်။ ပြင်းထန်စွာရောဂါဖြစ်ပွားမှုနဲ့ ဆေးရုံတက်ရောက်ရမှုတွေကို ရာနှုန်းပြည့်နီးပါး ကာကွယ်နိုင်တယ်လို့ ပြောထားတာရှိပါတယ်။

ဒီနေရာမှာ ကာကွယ်ဆေးထိုးနှံထားသူက မိမိသာမက မိမိရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့သူတွေကိုပါ ကာကွယ်ပေးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကာကွယ်ဆေးထိုးနှံထားသူက ကာကွယ်နိုင်မှုအာနိသင်ရသွားတယ်။ ရောဂါပိုးဝင်ရောက်လာရင်တောင် ကိုယ်ခံအားနဲ့ တိုက်ထုတ်တယ်။ တိုက်ထုတ်တဲ့အတွက် သူ့မှာ ဗိုင်းရပ်စ်ပိုးကောင်ရေ ပမာဏအများကြီးမရှိနိုင်တော့ဘူး။ ဗိုင်းရပ်စ်ပိုးကောင်ရေ အများကြီးမရှိတဲ့အတွက် သူကနေ ဗိုင်းရပ်စ်ပိုးကောင်ရေ အများကြီး မထုတ်နိုင်တဲ့အတွက်ကြောင့် သူ့ရဲ့ ဘေးပတ်ဝန်းကျင်ကို ကာကွယ်ပြီးသား ဖြစ်ပါတယ်။ ဒါဟာ အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးနှံပြီးသား တချို့တွေမှာ ကာကွယ်ဆေးထိုးနှံထားသော်လည်း ရောဂါပိုးတွေ့ရှိမှုတွေ ရှိနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်ကာကွယ်ဆေးကမှ ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်တယ်ဆိုတာ ကမ္ဘာပေါ်မှာ မရှိသေးပါဘူး။ သို့သော် ပြင်းထန်စွာနာမကျန်းဖြစ်မှု၊ ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုတွေကနေ ကာကွယ်နိုင်ပါတယ်။ ဒါပေမယ့် သာမန်ရောဂါလက္ခဏာနဲ့ အသင့်အတင့်ရောဂါလက္ခဏာရှိမှုက ရှိနိုင်ပါတယ်။ ဒါကလည်း ကာကွယ်ဆေးထိုးနှံတဲ့သူရဲ့ အသက်အရွယ်၊ နောက်ခံရောဂါ ရှိ/ မရှိ၊ ကိုယ်ခံစွမ်းအားတက်မှုတွေက တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့အတွက် ဒါတွေကိုမူတည်ပြီး သူ့အနေနဲ့ ရောဂါပြင်းထန်စွာခံစားရမှု၊ အောက်ဆီဂျင်ပေးရမှုနဲ့ သေဆုံးမှုတွေ ဖြစ်ပေါ်ဖို့အတွက် အခွင့်အလမ်း အလွန်နည်းသွားပါတယ်။

ကာကွယ်ဆေးတွေ မကြာမီ ရောက်ရှိတော့မှာဖြစ်ပါတယ်။ ရောက်ရှိလာမယ့် ကာကွယ်ဆေးတွေကို ထိုးနှံသင့်တဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ရောဂါပြင်းထန်စွာ ခံစားရနိုင်တဲ့၊ သေဆုံးနိုင်တဲ့ လူအုပ်စုတွေကို ဦးစားပေး ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒီအခါမှာ ကာကွယ်ဆေးရဲ့ အာနိသင်တွေကို ပြည့်ပြည့်ဝဝရရှိပြီး ကိုဗစ် - ၁၉ ရောဂါကြောင့် ပြင်းထန်စွာခံစားရမှုတွေ၊ ဆေးရုံတက်ရောက်ရမှုတွေ၊ သေဆုံးမှုတွေကနေ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကာကွယ်ဆေးရဲ့ အကျိုးကျေးဇူးတွေကို အကျဉ်းချုပ်ပြောရရင် ကာကွယ်ဆေးတွေသည် စိတ်ချရပါတယ်။ ဘေးကင်းလုံခြုံပါတယ်။ မိမိအနေနဲ့ ကာကွယ်ဆေးထိုးနှံထားရင် မိမိပတ်ဝန်းကျင်မှာရှိတဲ့ သူတွေကိုလည်း ကာကွယ်နိုင်တဲ့ အာနိသင်ရတဲ့အပြင် မိမိရဲ့ ပုံမှန်လုပ်ငန်းဆောင်တာတွေကို ပိုပြီး ပုံမှန်အတိုင်းလုပ်ဆောင်လို့ရပါတယ်။ ကာကွယ်ဆေးက မိမိရဲ့ ကိုယ်ခံအားကို တည်ဆောက်ဖို့ စိတ်ချရတဲ့၊ ဘေးကင်းလုံခြုံတဲ့ နည်းလမ်းဖြစ်ပါတယ်။

ကိုဗစ် - ၁၉ ဖြစ်ပြီးလို့ ကိုယ်ခံအားရတယ်ဆိုရင် သူကလည်း ကာကွယ်နိုင်တဲ့ အာနိသင် အတိုင်းအတာတစ်ခုအထိ ရရှိပါတယ်။ ဒီနေရာမှာ ဘယ် ကိုဗစ် - ၁၉ ကာကွယ်ဆေးကြောင့် ကိုဗစ် - ၁၉ ရောဂါ မဖြစ်ဘူးလို့ ပြောချင်ပါတယ်။ ကျွန်မတို့ရဲ့ ဦးစားပေးအုပ်စုတွေက အသက် ၆၀ အထက် သက်ကြီးရွယ်အိုတွေ၊ နောက်ခံရောဂါရှိတဲ့သူတွေ၊ ဘဏ်ဝန်ထမ်းတွေ၊ ပုဂ္ဂလိကကျန်းမာရေး စောင့်ရှောက်မှုလုပ်နေတဲ့ ဝန်ထမ်းတွေ၊ စက်ရုံအလုပ်ရုံတွေမှာရှိတဲ့ ဝန်ထမ်းတွေ၊ လူအုပ်စုအလိုက် စုစည်းနေထိုင်တဲ့ အကျဉ်းထောင်တွေ၊ ဘိုးဘွားရိပ်သာတွေ စတာတွေကို ဦးစားပေးထိုးနှံပေးဖို့အတွက် ရည်မှန်းထားပါတယ်။ ဒီလိုဦးစားပေး ထိုးနှံနိုင်မယ့် အခွင့်အရေးရတဲ့သူတွေအနေနဲ့ ကာကွယ်ဆေး ထိုးနှံခံရမယ့် အခွင့်အရေးရှိရင် အမြန်ဆုံးထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

# စိုးရိမ်စိတ်တွေ လွန်ကဲပြီးလုပ်ရင် ကောင်းကျိုးထက် ဆိုးကျိုးဖြစ်ဖို့များ

ဒေါက်တာဇော်မင်းထွန်း

## ❒ တွေ့ဆုံမေးမြန်း - ခင်စန္ဒာဆွေ (ခရိုင် ပြန်/ဆက်)

**ရောဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ကာကွယ်ရမည့် နည်းလမ်းများနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို သိရှိနိုင်ရန် ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းနှင့် တွေ့ဆုံမေးမြန်းထားပါသည်။**



ဒေါက်တာဇော်မင်းထွန်း
(ကျန်းမာရေးဦးစီးဌာနမှူး)

မေး ။ ။ ဧရာဝတီတိုင်းဒေသကြီးမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ခံရမှု အခြေအနေနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ ။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဇူလိုင်လ ၂၁ ရက်နေ့အထိ ကိုဗစ် - ၁၉ လူနာအသစ် ၄၇၇ ဦး ရှိပါတယ်။ သေဆုံးမှုအနေနဲ့ဆိုရင်တော့ ဒီရက်အတွင်းမှာ ၆၃ ဦး ရှိပါတယ်။ လူနာ ၄၃၇၃ ဦးက ကုသဆဲဖြစ်ပါတယ်။

မေး ။ ။ အခုအချိန်မှာတွေ့ရတဲ့ ကိုဗစ်-၁၉ ရောဂါလက္ခဏာဟာ ရာသီတုပ်ကွေး ရောဂါနဲ့ အလားသဏ္ဌာန်တူတယ်လို့ သိရပါတယ်။ ရာသီတုပ်ကွေးနဲ့ ကိုဗစ်-၁၉ ရောဂါဟာ ဘယ်လိုမျိုး ကွဲပြားခြားနားမှုရှိပါသလဲ။ ရောဂါဝင်လာပြီဆိုရင် ဘယ်လိုမျိုးပြုမူနေထိုင်ရမယ်ဆိုတဲ့ ဆောင်ရန် ရှောင်ရန် အချက်လေးတွေကိုလည်း ရှင်းပြပေးပါဦး ဆရာ။

ဖြေ ။ ။ အဓိကကွဲလွဲမှုကတော့ အားလုံးသိကြတဲ့ အနံ့ပျောက်တဲ့ လက္ခဏာပါ။ နှာပိတ်လို့ အနံ့ပျောက်တာ မဟုတ်ဘဲနဲ့ အနံ့ပျောက်လာမယ်ဆိုရင်တော့ ကိုဗစ်ဖြစ်ဖို့များပါတယ်။ စစ်လိုက်ရင်လည်း ကိုဗစ်ဖြစ်တာများပါတယ်။ ဒါပေမယ့် အနံ့ပျောက်တဲ့သူတွေ အတော်များများအတွက် ကောင်းတာကတော့ အနံ့ပျောက်တဲ့သူတွေဟာ ကိုဗစ်အနေနဲ့တော့ ဆိုးဆိုးရွားရွား မဖြစ်ပါဘူး။ နောက်တစ်ခုကတော့ အစားအသောက်ပျက်တာနဲ့ နုံးချည့်တာပါ။ ဒီကိုဗစ်မှာတော့ နုံးချည့်တာနဲ့ အစားအသောက်ပျက်တာက ပိုဆိုးတာကို တွေ့ရပါတယ်။ နောက်တစ်ခုကတော့ ဒီရာသီတုပ်ကွေးမှာ ဖြစ်လေ့ဖြစ်ထမရှိဘဲနဲ့ ကိုဗစ်မှာဖြစ်နေတာကတော့ ဝမ်းလျှောတာတွေ တွေ့ရှိရပါတယ်။ ပြီးတော့ ပြည်သူလူထုအနေနဲ့ သတိထားသင့်တာက ကိုယ်ပူမယ်၊ လည်ချောင်းနာမယ်၊ ပြီးရင် အနံ့ပျောက်မယ် အစရှိတာတွေ ဖြစ်ပြီဆိုရင် အပြင်မထွက်ဖို့၊ မိသားစုနဲ့ ခွာခွာလေးနေဖို့၊ အမြဲတမ်း နှာခေါင်းစည်းကို တပ်ထားဖို့၊ အစားအသောက် အနေအထိုင် တစ်ဦးတည်းစားပြီးတော့ ကိုယ့်အိမ်ကမိသားစုဝင်တွေ မကူးအောင် ဂရုစိုက်ဖို့ အကြံပြုလိုပါတယ်။

မေး ။ ။ လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့အခါ ကျန်းမာရေးအဆင့်ခွဲထားတာမျိုး ရှိပါသလား။ ကိုဗစ်လက္ခဏာပြနေပေမယ့် လူနာတွေကို နေအိမ်မှာပဲ ကျန်းမာရေးစောင့်ရှောက်မှု ခံယူစေတယ် ဆိုတာရယ်၊ ဘယ်လိုအခြေအနေမျိုးမှာတော့ ကျန်းမာရေးဌာနမှာ လာရောက်ကုသမှု ခံယူရမယ်ဆိုတဲ့ ညွှန်ကြားထားတာမျိုးရှိရင် ရှင်းပြပေးပါဦး။

ဖြေ ။ ။ ဆရာတို့အနေနဲ့ ကိုဗစ်နဲ့ ပတ်သက်ရင်တော့ လူနာတွေမှာ ကိုဗစ် ပိုးတွေ့တယ်၊ ရောဂါလက္ခဏာ သိပ်မရှိဘူးဆိုရင် Positive Center တွေမှာ ထားပါတယ်။ ဆေးရုံ မတင်ပါဘူး။ အဲဒီမှာပဲ လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးပါတယ်။ လိုအပ်တဲ့အခါကျမှ အဲဒီလူတွေကို ဆေးရုံကို လွှဲပြောင်းပြီးတော့ ကုသပေးဖို့ စီစဉ်ထားရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆေးရုံမှာ ဝန်နဲ့အားမမျှဘဲနဲ့ လူနာများနေတဲ့အတွက်ပါ။ ဆေးရုံမှာလည်း အောက်ဆီဂျင် ပေးနိုင်မှု၊ နေရာပေးနိုင်မှုအပေါ် မူတည်ပြီးတော့ လူနာလက်ခံတာကို လုပ်ရပါတယ်။



မေး ။ ။ လူနာတွေအတွက် အောက်ဆီဂျင် ပြတ်လပ်မှုမရှိအောင် ဘယ်လိုမျိုးစီမံဆောင်ရွက်ထားပါသလဲ၊ ကိုဗစ်ကုသရေးစင်တာတွေမှာလည်း အောက်ဆီဂျင်နဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားမှုတွေရှိရင်လည်း ပြောပြပေးပါ ဆရာ။

ဖြေ ။ ။ လောလောဆယ် ဆရာတို့အနေနဲ့ ဆေးရုံတွေမှာ အောက်ဆီဂျင် မပြတ်လပ်အောင်တော့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်အဆင့် ဆေးရုံကြီးတွေမှာ အောက်ဆီဂျင်ထုတ်လုပ်တဲ့ စက်ရုံတွေ ရှိပါတယ်။ သိပ်အများကြီးမဟုတ်ပေမယ့် ခရိုင်အဆင့်ဆေးရုံတိုင်းမှာ ရှိပါတယ်။ ပုသိမ်ဆေးရုံကြီးမှာဆိုရင် နှစ်ခုရှိပါတယ်။ ဟင်္သာတဆေးရုံကြီးမှာ နှစ်ခုနဲ့ ကျန်တဲ့ခရိုင်ဆေးရုံကြီးတွေမှာ တစ်ခုစီ ရှိပါတယ်။ ဒါပေမယ့် အချို့စက်ရုံတွေကတော့ နည်းနည်းအရွယ်ပမာဏ သေးငယ်ပါတယ်။ လုံလောက်မှုတော့မရှိသေးဘူး၊ ဒါပေမယ့် ထွက်တော့ ထွက်နေတယ်ပေါ့။

နောက်တစ်ခုက တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုကောင်စီရဲ့ အစီအစဉ်အနေနဲ့ ရန်ကုန်မှာရှိတဲ့ ဆင်မလိုက်စက်ရုံတွေရယ်၊ နောက်တစ်ခုက လှိုင်သာယာရွှေလင်ပန်းမှာရှိတဲ့ စက်ရုံတွေကို သွားရောက်သယ်ဆောင်ပြီးတော့ တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ဆေးရုံတွေကို ဖြန့်ဖြူးတာကို လုပ်ပါတယ်။ တိုင်းစစ်ဌာနချုပ်ရဲ့ လမ်းညွှန်ကြီးကြပ်မှုနဲ့ ညောင်ခြေထောက်မှာရှိတဲ့ ကပစ (၆) ကနေပြီးတော့ အောက်ဆီဂျင်ကို သွားရောက်သယ်ယူတာရှိပါတယ်။

မြို့နယ်တွေ၊ တိုက်နယ်တွေ၊ ဆေးရုံကြီးတွေ အနေနဲ့လည်း ကိုယ့်ရဲ့မြို့က မြို့မိမြို့ဖတွေ၊ လုပ်ငန်းရှင်တွေ၊ ပရဟိတအဖွဲ့အင်အားတွေနဲ့ သက်ဆိုင်ရာ မြို့နယ်ရဲ့ လိုအပ်ချက်ကို ရန်ကုန်မှာရှိတဲ့ စက်ရုံတွေ၊ တစ်နိုင်ငံလုံး တချို့နေရာတွေမှာဆိုရင် ရှမ်းပြည်နယ်အထိ သွားယူပြီး အောက်ဆီဂျင်ရရှိရေး လုပ်ဆောင်နေကြတာတွေရှိပါတယ်။

မေး ။ ။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားအောင် ဘယ်လိုပြုမူနေထိုင်ရမယ်၊ ဆောင်ရန်၊ ရှောင်ရန် ဆိုတာအပြင် အခြားထပ်ပြီးတော့ အသိပေးချင်တာရှိရင် ဖြည့်စွက်ပြီး ပြောကြားပေးပါရှင့်။

ဖြေ ။ ။ **အခုလက်ရှိအခြေအနေကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဒီကာလကြီးကိုတော့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ဖြတ်ကျော်ရမှာပါပဲ။ အဲဒီတော့ အားလုံးက ကိုယ့်ဆီကနေတစ်ဆင့် သူများဆီကို ရောဂါကူးမသွားအောင်၊ ဆောင်ရန် ရှောင်ရန်တွေ လိုက်နာကြဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ အကြောက်တရား မကြီးကြဖို့ပေါ့နော်၊ ကြောက်ရင် ကိုယ့်ဘက်က ရှုံးမှာပဲ။ အဲဒီတော့ ဒီရောဂါဖြစ်ပြီဆိုရင် အတတ်နိုင်ဆုံး မစိုးရိမ်ပါနဲ့။ ကိုယ်က စိုးရိမ်စိတ်တွေများရင် အကျိုးမရှိပါဘူး။**

အခုဆိုရင် တိုင်းဒေသကြီးတစ်ခုလုံးမှာရှိတဲ့ ပရဟိတအဖွဲ့တွေ၊ မြို့မိမြို့ဖတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတွေ၊ ကျန်းမာရေးပိုင်းကတာဝန်ရှိသူတွေအားလုံးက စုစုစည်းစည်းနဲ့ ရောဂါအန္တရာယ်က သက်သာလျော့ပါးဖို့အတွက် ဝိုင်းဝန်းဆောင်ရွက်နေကြပါတယ်။ အကောင်းဆုံးနည်းနဲ့ ကျော်ဖြတ်သွားကြဖို့ လိုပါတယ်။ စိုးရိမ်စိတ်တွေ လွန်ကဲပြီးလုပ်ရင် ကောင်းကျိုးထက် ဆိုးကျိုးဖြစ်ဖို့ များပါတယ်လို့ပဲ ပြောကြားလိုပါတယ်။

ကျေးဇူးအထူးတင်ပါတယ်ရှင်။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကြော်ငြာချက်တွေ၊ လူစုလူဝေးရှောင်ဖို့၊ အပြင်မထွက်ကြဖို့ လိုက်နာမယ်ဆိုရင် ကူးစက်မှုနှုန်း ကျဆင်းလာပြီး ပြန့်ပွားမှုနှုန်းတွေလည်း နည်းပါးလာမှာပဲဖြစ်

ဒေါက်တာ သန်းဦး

ဘီးလင်းမြို့နယ်၌ ကိုဗစ်-၁၉ရောဂါနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းဦးနှင့် တွေ့ဆုံမေးမြန်းထားပါသည်။

မေး ။ ။ ဘီးလင်းမြို့နယ်မှာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူနဲ့ ပိုးရှိသူနဲ့ ထိတွေ့ထားသူတွေကို ဘယ်လိုဆောင်ရွက်ပေးနေလဲဆိုတာ သိပါရစေ။

ဖြေ ။ ။ မြို့နယ်မှာ ကိုဗစ်-၁၉ စစ်ဆေးလို့ Positive တွေ့ရင် ဆေးရုံမှာ သီးသန့်ထားထားပါတယ်။ ပိုးရှိသူနဲ့ ထိတွေ့တဲ့သူတွေကိုလည်း စမ်းသပ်စစ်ဆေးမှု ပြုလုပ်ပေးပါတယ်။

မေး ။ ။ ကိုဗစ်-၁၉ရောဂါပိုးတွေ့လူနာတွေထားရှိဖို့အတွက် ဘယ်လို စီစဉ်ဆောင်ရွက်ထားရှိပါသလဲ ။

ဖြေ ။ ။ တိုးချဲ့ဆောင်မှာ လူနာ ၄၀ စာ ရည်မှန်း ထားပါတယ်။ Positive တွေ့တဲ့ လူနာများလာတဲ့ အတွက် နောက်တစ်ဆောင်မှာတော့ ၆၀ စာ လျာထားပါတယ်။ လောလောဆယ် ဘီးလင်းမြို့နယ် ပြည်သူ့ဆေးရုံမှာ ပိုးတွေ့လူနာ ၁၀၀ စာအတွက် စီစဉ်ထားရှိပါတယ်။ ဇုတ်သုတ်တိုက်နယ် ဆေးရုံမှာလည်း လူ ၂၀ စာအတွက် ကြိုတင်ပြင်ဆင်ထားပါတယ်။

မေး ။ ။ ကိုဗစ်-၁၉ရောဂါလျော့နည်း ကျဆင်းစေရေး အတွက် ပြည်သူများအနေဖြင့် ဆောင်ရန်၊ ရှောင်ရန် အချက်လေးတွေကိုလည်း အသိပညာပေး ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ အာဏာပိုင်အဖွဲ့အစည်းများက ကန့်သတ်ထားတဲ့ အမိန့်တွေ၊ ကြော်ငြာချက်တွေကို လိုက်နာရပါမယ်။ အဓိကအားဖြင့် နှာခေါင်းစည်း (Mask) တပ်တာတို့၊ လက်ကိုဆပ်ပြာနဲ့ မကြာမကြာဆေးတာတို့၊ လူစုလူဝေး ရှောင်ဖို့၊ မလိုအပ်ဘဲ အပြင်မထွက်ကြဖို့၊ ခရီးသွားလာတာမလုပ်ကြဖို့ပါ။ အဲဒီလို လိုက်နာမယ်ဆိုရင် ကူးစက်မှုနှုန်းကျဆင်းလာပြီး ပြန့်ပွားမှုနှုန်းတွေလည်း နည်းပါးလာမှာပဲ ဖြစ်ပါတယ်။

ထူးနောင်( ပြန်/ဆက်)



ဒေါက်တာသန်းဦး
(ကျန်းမာရေးဦးစီးဌာနမှူး)

# မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၇-၂၀၂၁ တနင်္လာနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** ရာဇဝင်ထဲက သမိုင်းအနုပညာ
**၁၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ **'ပေါက်အင်းဒေသမှ သခွားမွေးပင်လယ်'**
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၀** ပြည်သူ့နီတိ **'အသိမဲ့လမ်း'**
**၁၇:၁၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ပထဝီဝင်ဘာသာရပ်'**
**၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
**၁၇:၀၅** This Week's Special Interest
**၁၇:၁၀** ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** ပုလဲကောရိမှ အဖိုးတန်ပုလဲရတနာလေးများ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားခေါ်ဆောင်ရာ'** (အပိုင်း-၃၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဝဿန်ခါမိုးတေးသံသီ ဖျော်ဖြေမှုအစီအစဉ်
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပဉ္စတ်ချက်များ'** (အပိုင်း-၁၁)

### mitv

**07:01** News
**07:27** Unique Art of Stucco Work
**07:43** Ecotourism: Pyarswal Elephant Camp And Mawlaik Golf Course
**07:55** Dances of Myanmar: Rvwang Traditional Dance
**08:01** Myanmar Masterclass: Artist Win Pe
**08:13** The Largest Nunnery In Myanmar
**08:43** Myanma Thanakha
**09:01** Winkabar Festival
**09:24** Trend of Kachin Dress
**09:50** The Art of Sand Painting
**10:23** Today Myanmar: Bamboo Products
**10:32** Myanmar's Traditions and Culture: Caves of Myanmar
**11:01** Clam Farming
**11:49** A Tea Business Pankwan (Part-2)

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
သဘာဝရဲ့လက်ဆောင်
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ဒေါဝယ်ရောရွာကလေးနှင့်လူနေမှုဘဝ
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
မုန့်ဟင်းခါးချက်စားရအောင်
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဝေါ်ရန်ဂျီ(အပိုင်း-၃)
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မြန်မာ့မြေမှစိုက်ပျိုးစီးပွားလူမှုဘဝများ (ကရင်မောင်နှမနှင့်မဲဒေါက်ချောင်းတံတား)
**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
တောင်ဇလပ်ရဲ့ ရိုးရာအလှ(အပိုင်း-၁)
**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
အုံ့ပွယ်ရုံးပတီသီးအကြောင်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း-၄)
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ပြုံးပဒေသာ(အပိုင်း-၁)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ထင်ရှူးတန်းကရှိုက်ခံပန်း(အပိုင်း-၂)ဇာတ်လမ်း
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လူငယ်နှင့်လူ့ပတ်ဝန်းကျင်

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလဲ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ကိုယ်နှင့်မဆိုင်သော်လည်း'**
**၁၁:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# တောင်ငူခရိုင် မြို့နယ်များတွင် အောက်ဆီဂျင်ထုတ်စက်ရုံများ တည်ဆောက်မည်

**တောင်ငူ ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်များ အောက်ဆီဂျင်ရရှိနိုင်ရေးအတွက် ခရိုင်အတွင်း မြို့နယ်ငါးမြို့နယ်တွင် အောက်ဆီဂျင်ထုတ် စက်ရုံများတည်ဆောက်မည်ဖြစ်ကြောင်း ဇူလိုင် ၂၃ရက်က ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထက်ထံမှ သိရသည်။

တောင်ငူမြို့နယ် အတွင်း တစ်နေ့လျှင် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလုံး ၂၅၀ ဖြည့်တင်း ထုတ်လုပ်နိုင်သော စက်ရုံတစ်ရုံကို ပဲခူးတိုင်းဒေသကြီး အစီအစဉ်ဖြင့် အမှတ်(၂၀) ရပ်ကွက် မိုင်ဒါကွင်းတွင်လည်းကောင်း၊ စီဘီဘဏ် ဥက္ကဋ္ဌကြီး ဦးခင်မောင်အေးက လှူဒါန်းသည့် တစ်နေ့လျှင် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလုံး ၂၅၀ ဖြည့်တင်း ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို တောင်ငူမြို့ ကေတုမတီ စက်မှုဇုန်တွင်လည်းကောင်း စုစုပေါင်း စက်ရုံနှစ်ရုံကို ထားရှိ တည်ဆောက်မည်ဖြစ်သည်။

ဆက်လက်၍ ရေတာရှည်မြို့နယ်အတွင်း အလှူရှင် ဦးမျိုးဝင်း (သုခရွှေပြည့်စုံကုမ္ပဏီ) နှင့်မြို့မိ မြို့ဖ အလှူရှင်များက တစ်နေ့လျှင် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလုံး ၆၀ ဖြည့်တင်းထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို တောင်နန်ချွန်ကျေးရွာ၌လည်းကောင်း၊ အုတ်တွင်းမြို့နယ်အတွင်း ရင်ခုန်သံရှင်ရေးကူညီမှု အသင်းဥက္ကဋ္ဌ ဆရာတော်နှင့် မြို့ခံ စေတနာရှင် အလှူရှင်များက တစ်နေ့လျှင် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလုံး ၆၀ ဖြည့်တင်း ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို ဈေးရပ်ကွက်အတွင်း၌ လည်းကောင်း၊ ဖြူးမြို့နယ်တွင်ဦးဇော်လှမြင့် (ပိုင်အိုးနီးယားစားသောက်ဆိုင်)၊ ဦးဖိုးတီ (အာရှရေသန့်စက်)၊ ဦးသူရ (သူရနှင့်ညီအကိုများ စက်သုံးဆီအရောင်းဆိုင် )တို့က ဦးဆောင်၍ မြို့မိ မြို့ဖ အလှူရှင်များနှင့်အတူ တစ်နေ့လျှင် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလုံး ၂၀၀ ဖြည့်တင်း ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို ဖြူးမြို့နယ် ပြည်သူ့ ဆေးရုံကြီးတွင် လည်းကောင်း၊ ကျောက်ကြီးမြို့နယ်တွင် မြို့မိမြို့ဖ အလှူရှင်များ စုပေါင်း၍ တစ်နေ့လျှင် အောက်ဆီဂျင် ၄၀ လီတာဆံ့ အိုးအလုံး ၆၀ ဖြည့်တင်း ထုတ်လုပ်နိုင်သည့် စက်ရုံတစ်ရုံကို သိန်တန်းရပ်ကွက် ကြက်ခြေနီရုံးဝင်း၌ လည်းကောင်း တည်ဆောက်မည် ဖြစ်ကြောင်း သိရသည်။

တောင်ငူခရိုင် အတွင်း မြို့နယ်များတွင် တည်ဆောက်မည့် အောက်ဆီဂျင်ထုတ် စက်ရုံများကို ဩဂုတ်လအတွင်း အပြီး တည်ဆောက်မည် ဖြစ်ကာ လာမည့်ဩဂုတ်လကုန်၌ အဆိုပါစက်ရုံများ စတင်လည်ပတ်နိုင်မည်ဖြစ်ကြောင်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ခရိုင် (ပြန်/ဆက်)

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၇ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း ဘေးဘယာတွေဝေးကွာပြီး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာလည်း Singular နဲ့ Plural Nouns နာမ်အနည်းကိန်းနဲ့ အများကိန်းပုံစံပြောင်းလဲတာတွေကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ နမူနာဝါကျတွေနဲ့ ဆက်လက်ရှင်းလင်း ဖော်ပြပေးသွားဦးမှာဖြစ်ပါတယ်။ ပြီးတော့လည်း ဗဟုသုတအလို့ငှာ လက်တင်နဲ့ ဂရိကဆင်းသက်လာတဲ့ စကားလုံးတွေကို အနည်းကိန်းနဲ့အများကိန်းပြောင်းလဲပုံတွေနဲ့တကွ ထပ်မံဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင်စကားပြောခန်းမှာလည်း "Shortest way to talk about likes" ကို နမူနာဝါကျများ၊ စကားပြောခန်းများနဲ့ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း အဓိပ္ပာယ်တူဝေါဟာရတွေကို ဖော်ပြပေးထားပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းလိုက်ပါတယ်။

*(ယခင်အပတ်မှအဆက်)*

## GRAMMAR

### Basic to Pre-Intermediate

4 တချို့ "o" နဲ့ဆုံးလည်း Noun ပါပဲ "s" ပဲပေါင်းရမယ်။ ဥပမာ။

bamboo (ဝါး) — bamboos (ဝါးများ)
piano (စန္ဒရား) — pianos (စန္ဒရားများ)
radio (ရေဒီယို) — radios (ရေဒီယိုများ)
banjo (ဘင်ဂျို) — banjos (ဘင်ဂျိုများ)
photo (ဓာတ်ပုံ) — photos (ဓာတ်ပုံများ)

dynamo (စက်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းပေးသော စက်–ဒိုင်နမို)

dynamos(စက်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းပေးသော စက်များ–ဒိုင်နမိုများ)

"y" နဲ့ဆုံးရင် အများပြောင်းချင် "y" ကို "i" ပြောင်း "es" ပေါင်း။ ဥပမာ။

baby — babies
lady — ladies
story — stories
fly — flies
cry — cries
lorry — lorries
city — cities
army — armies

တချို့ "y" နဲ့ဆုံးသော်လည်း "y" ရဲ့ရှေ့မှာ သရ (vowel) ပါ "s" ပဲပေါင်းရမှာ။ ဥပမာ။

monkey — monkeys
way — ways
day — days
valley (တောင်ကြား) — valleys (တောင်ကြားများ)

boy — boys
key — keys

"f" နဲ့ "fe" ဆုံးပါက "f" နဲ့ "fe" ဖြုတ်ပစ်ကာ "ves" ကိုပေါင်းရမှာ၊ မှတ်ပါ အများပြောင်းဖို့။ ဥပမာ။

loaf — loaves
leaf — leaves
thief — thieves
shelf — shelves
calf — calves
half — halves
wolf — wolves
life — lives
wife — wives
knife — knives

တချို့ "f" နဲ့ "fe" ဆုံးသော်လည်း "s" ပဲပေါင်းရမှာ။ ဥပမာ။




chief — chiefs
hoof — hoofs
roof — roofs
proof — proofs
dwarf — dwarfs
safe — safes
reef — reefs
gulf — gulfs

ဖော်ပြပါ ပြောင်းလဲပုံ ဥပဒေသများအတိုင်း ပြောင်းလဲလို့မရသော Noun များကို အနည်းမှ အများပြောင်းလဲရာတွင် အတွင်းပိုင်း သရ (vowels) များပြောင်းလဲပေးရသည်။ ဥပမာ။

man — men
goose — geese
mouse — mice
tooth — teeth
foot — feet
woman — women
louse (သန်း) — lice (သန်းများ)
dormouse (ရှဉ့်တူတိရစ္ဆာန်) — dormice (ရှဉ့်တူတိရစ္ဆာန်များ)

တချို့ Noun များကို အများကိန်းပြောင်းရာတွင် "en" ပေါင်းပေးရသည်။ ဥပမာ။

ox — oxen
child — children

တချို့ Noun များသည် အနည်းကိန်းနဲ့ အများကိန်း အတူတူပင်ဖြစ်သည်။ ဥပမာ။

sheep — sheep
cod (ငါးကြီးဆီထုတ်ယူရသော ပင်လယ်ငါးကြီး) — cod (ငါးကြီးဆီထုတ်ယူရသောပင်လယ်ငါးကြီးများ)
deer — deer
fish — fish (es)
swine — swine
yoke — yoke

*(ဆက်လက်ဖော်ပြပါမည်)*

## VOCABULARY

| | | | |
|---|---|---|---|
| aid | = | help | အကူအညီ |
| alive | = | lively | အသက်ရှိသော၊ သက်ဝင်လှုပ်ရှားသော |
| ally | = | friend | မဟာမိတ်၊ မိတ်ဖက် |
| altitude | = | height | အမြင့် |
| ample | = | plentiful | လုံလောက်ပိုလျှံသော |
| ancient | = | old | ရှေးဟောင်းဖြစ်သော |
| annually | = | yearly | နှစ်စဉ် |

## CONVERSATION



### Shortest way to talk about likes




ကိုယ်ကြိုက်တဲ့အကြောင်းပြောရင်

I like . . .

I like gardening.

I like crime fiction.

I like Bob. He's a good friend to me.

တစ်ခုခုကို အလွန်ကြိုက်တဲ့အကြောင်းပြောရင်

I like + … + very much or a lot./I do like + …

I like dancing very much.

I like that dress a lot.

I do like travelling by train.

ကိုယ်ကြိုက်တဲ့အကြောင်းကို အထူးပြုပြီးပြောချင်ရင်

I really like + . . .

I really like seaside holidays.

I really like Tom, but I'm not sure I trust him.

အားလုံးထဲမှာ အကြိုက်ဆုံးကို ပြောချင်ရင်

I like … best

I have several good friends, but I like Sally best.

There are quite a few good restaurants in the town, but I like the Tai Kitchen best.

အရမ်းကြိုက်တဲ့အကြောင်း နောက်တစ်မျိုးပြောချင်ရင်

I love …

I love freesia. I'm going to buy a large bunch of it.

I love gold jewellery. I much prefer it to silver.

**ဘာသာစကားရှုထောင့်**

မေတ္တာသက်ဝင်တယ်၊ ချစ်ခင်တယ်၊ သံယောဇဉ်ကြီးတယ်ဆိုရင်လည်း love ကိုပဲသုံးပါတယ်။ ဥပမာ။

I love my grandmother.

I love Jim and I'm going to marry him, despite my parents' disapproval.

တစ်စုံတစ်ဦး တစ်စုံတစ်ခုကို အလွန်တရာ ချစ်မြတ်နိုးတယ်၊ တန်ဖိုးထားတယ်ဆိုရင်တော့ adore နဲ့သုံးပါတယ်။ ဥပမာ။

I adore my aunt Jane, but she sometimes irritates me a good deal.

I adore chocolate cake, but it's so fattening!

တစ်ခုခုကိုသဘောကျတယ်၊ တစ်ယောက်ယောက်ကိုသဘောကျတယ်ဆိုရင်

I'm fond of …

I don't mind making the meals. I'm fond of cooking, actually.

**ဘာသာစကားရှုထောင့်**

I'm fond of ကို *quite, rather, very, extremely* ဆိုတဲ့ Adverb များနဲ့တွဲပြီးတော့လည်း ကိုယ်ဘယ်လောက်အတိုင်းအတာအထိ သဘောကျတယ်ဆိုတဲ့အကြောင်း ပြောလို့ရပါတယ်။ ဥပမာ။

*I'm quite fond of* Jane's children, but I find them quite tiring.

*I'm very fond of* Tom, I shall miss him when he leaves the company.

စိတ်ဝင်တစားနဲ့ကြိုက်တဲ့အကြောင်း နောက်တစ်မျိုးပြောရင်

*I'm keen on*

*I was keen on* art when I was at school.

**ဘာသာစကားရှုထောင့်**

I'm keen on ကို *quite, rather, very, extremely* စတဲ့ Adverb များနဲ့လည်း ဘယ်လောက်အတိုင်းအတာအထိ စိတ်ဝင်တစားရှိတယ်ဆိုတဲ့အကြောင်း ပြောတဲ့အခါမှာ သုံးပါတယ်။ ဥပမာ။

*I'm quite keen on* opera actually.

*I'm rather keen on* Mexican food, but, fortunately, there's no Mexican restaurant in the area.

စိတ်ကိုဆွဲဆောင်တယ်။ အာရုံကိုဆွဲဆောင်တယ်ဆိုရင်တော့

… appeals to me

I'm not sure where to go on holiday. Greece appeals to me, but it's too hot for me at this time of year.

တစ်ခုခုအပေါ်မှာ ရူးသွပ်တယ်ဆိုရင်တော့

I'm mad about …

I'm mad about Chinese food, but I hardly ever get to eat it.

**ဘာသာစကားရှုထောင့်**

I'm mad about ကို *really, absolutely* ဆိုတဲ့ Adverb များနဲ့တွဲပြီးတော့လည်း ဘယ်လောက်အတိုင်းအတာအထိ ရူးသွပ်သလဲဆိုတာကို ဖော်ပြပြောဆိုနိုင်ပါတယ်။ ဥပမာ။

Of course I'm going to the concert. *I'm absolutely mad about* jazz.

### Where to eat

Mum: Dad's taking us all out for a meal tonight. We'll have to decide where to go. What do you think?

Jane: I adore Chinese food. Let's go to that Chinese place on the High Street. It's supposed to be very good.

Sam: I really love Indian food, especially if it's really spicy. Let's go to the Indian Palace.

Amy: I absolutely love Italian food, though.

Dad: I like Italian food a lot as well. Most of you do, too. Let's go to The Milano.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# သမိုင်းဒေဝီ - ဆရာမကြီးဒေါ်ကြန်

မှုန်ရွှေရည် (စာပေဗိမာန်)

*(ဇူလိုင် ၂၄ ရက်မှအဆက်)*

၁၉၇၈ ခုနှစ်အတွက် အမျိုးသားစာပေဆုကို မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆) စာအုပ်ဖြင့် ဆုရရှိသောအခါ ကြေးမုံသတင်းစာက ဆရာမကြီးနှင့် အင်တာဗျူးပြုလုပ်ပါသည်။ ဆရာမကြီးဒေါ်ကြန်က -

"မြန်မာ့သမိုင်းကို မြန်မာ့အမြင်ဖြင့် မြန်မာတို့က ရေးသားမှုနည်းပါးသေးကြောင်း၊ နိုင်ငံခြားသား သုတေသီများ ရေးသမျှနှင့်သာ တင်းတိမ်နေခဲ့ရကြောင်း၊ ယခုကဲ့သို့ မြန်မာ့သမိုင်းနှင့်ပတ်သက်၍ ကြိုးစားပြုစုခဲ့သော စာအုပ်ဆုရသဖြင့် ဂုဏ်ယူပါကြောင်း..." ပြောကြားခဲ့ပါသည်။

ဆရာမကြီးနှင့် နှစ်ပေါင်း ၆၀ ကျော်ရင်းနှီးခဲ့သည့် ဆရာကြီးဒေါက်တာသော်ကောင်းက "... ဆရာမကြီးသည် ပညာကိုတန်ဖိုးထားလျက် ဖွဲလုံ့လအပြည့် မလျှော့သောကြိုးစားမှုဖြင့် သမိုင်းဘာသာရပ် မဟာဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးနိုင်သူ..." ဟု ဂုဏ်ပြုရေးသားခဲ့ပါသည်။ ဆရာကြီးဦးသော်ကောင်း၏ဖခင် ပညာမင်းကြီး ဦးကောင်းသည် ၁၉၃၄ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ပညာဝန်အဖြစ် တာဝန်ယူစဉ် ဆရာမကြီးဒေါ်ကြန်က အထက်တန်းကျောင်းသူဘဝဖြင့် ဆုံတွေ့ခဲ့ဖူးသကဲ့သို့ ဆရာကြီးဦးကောင်း သမိုင်းကော်မရှင်ဥက္ကဋ္ဌတာဝန်ယူသောအခါတွင်လည်း ဆရာမကြီးက သမိုင်းကော်မရှင်၌ ကျမ်းပြုအရာရှိ ဖြစ်လာခဲ့ပြန်ပါသည်။ ထို့ပြင် ၁၉၅၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆရာမကြီး အင်္ဂလိပ်စာနည်းပြလုပ်ခဲ့စဉ် ဆရာဦးသော်ကောင်းက ဒုတိယနှစ်ကျောင်းသားအဖြစ် ဆုံတွေ့ခဲ့ရသည်ဟု သိရှိရပါသည်။

### သုတဘဏ်ရတနာသိုက်

စာပေဗိမာန်သို့ ကျွန်မ စတင်အလုပ်ဝင်စဉ် ဆရာမကြီးကို အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီဝင်၊ မြန်မာ့စွယ်စုံကျမ်းများထုတ်ဝေရေးကော်မတီဝင်အဖြစ် မိတ်ဆက်ခွင့်ရရှိသည်။ ၁၉၈၄ ခုနှစ်တွင် မြန်မာ့ရည်ညွှန်းစာအုပ် စာတမ်းဖတ်ပွဲကျင်းပသောအခါ စာပေဗိမာန်သို့ မကြာခဏလာရောက်သဖြင့် သူနှင့် ပိုမိုရင်းနှီးလာခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေစာပေဆု ဖြစ်ပေါ်လာသောအခါ ဆရာမကြီးသည် စာပေဗိမာန်၏ ဝန်ထမ်းသဖွယ် ဖြစ်လာခဲ့ပါသည်။ ပခုက္ကူဦးအုံးဖေစာပေဆုကော်မတီတွင် ဆရာကြီး ဒေါက်တာသော်ကောင်း၊ ဆရာဦးသန်းထွတ် (တိုက်စိုး)၊ ဆရာဦးကျော်အောင် (ကျော်အောင်) တို့နှင့်အတူ ဆရာမကြီးသည် တက်ကြွပျော်ရွှင်စွာ ပါဝင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများနှင့် ယခင်က ဌာနတူလုပ်ကိုင်ခဲ့သဖြင့် ချစ်ခင်ရင်းစွဲရှိပြီး စည်းဝေးပြီးသည့်အခါ ချက်ချင်းမပြန်ကြဘဲ ရေးဟောင်းနှောင်းဖြစ်များ ပြောမဆုံးဖြစ်သည်ကို တွေ့ရပါသည်။ သူတို့၏ ပြောဆိုငြင်းခုံမှုများက ကျွန်မတို့အတွက် သုတဘဏ်ရတနာသိုက် ဖြစ်ခဲ့ရသည်။

သူတို့အဖွဲ့သည် ကျမ်းနှင့် သုတေသနပြိုင်ပွဲဝင်စာမူများကို လိုအပ်သည်ထက်ပို၍ စိစစ်ရွေးချယ်ကြပါသည်။ စာမူအကြောင်းရပ်၊ အရေးအသား၊ အကိုးအကား မည်မျှပြည့်စုံစေကာမူ ဆရာမကြီးဒေါ်ကြန် ဖတ်ရှုစိစစ်လျှင် ဟာကွက်တွေ့သည်ချည်း။ ကျမ်းကိုးမှာ ဟိုစာအုပ်ကျန်နေတယ်၊ အက္ခရာဝလိမပြည့်စုံဘူး၊ အောက်ခြေမှတ်စုထည့်သင့်တယ် စသည်ဖြင့်။

"တခြားဘာသာရပ်ဆိုရင်တော့ လျစ်လျူရှုလို့ရတယ်။ ကျမ်းဘာသာရပ်၊ သုတေသနဘာသာရပ်မှာတော့ အင်္ဂါပြည့်စုံစေချင်တယ်။ သူများရေးတာကို စုစည်းဖော်ပြတာမျိုးမဟုတ်ဘဲ အမှန်တကယ် ကိုယ်တိုင်သုတေသနပြုတာလည်း ပါရမယ်။"

### စာအုပ်လက်ရာကောင်းများစွာ ထွက်ပေါ်

ထို့ကြောင့်ပင် ထိုအချိန်က ပခုက္ကူဦးအုံးဖေစာပေဆုမှ ကျမ်းသုတေသနဆိုင်ရာ စာအုပ်လက်ရာကောင်းများစွာ ထွက်ပေါ်ခဲ့သည်။

စာပေဆုများတွင် ဆရာမကြီး ဖတ်ရှုစိစစ်သည့် စာမူစာအုပ်သည် ဆုချီးမြှင့်ခံရဖို့ မလွယ်ကူလှ။ သူက သုတေသနသမားဖြစ်သဖြင့် စိစစ်သည်။ တိကျသည်။ အကိုးအကားအမှားများကို မကျော်လွှားချင်၊ စုတုပြုလျှင် မကြိုက်၊ ကိုယ်တိုင်အားထုတ်မှု ပါဝင်စေချင်သည်။ အဖွဲ့ဝင်များ ဖတ်ရှုရန် စာမူများကို ခွဲဝေသည့်အခါ ဆရာမကြီးထံ ရောက်ရှိသွားသည့် စာမူလေးများကို ကြည့်ရင်း ကျွန်မစိတ်ထဲတွင် သနားနေမိလေ့ရှိခဲ့သည်။

အထူးသဖြင့် ကျမ်းကိုးပြည့်စုံစွာ မဖော်ပြခြင်းကို ကန့်ကွက်သည်။ "ကျမ်းကိုးတွင် မဖော်ပြဘဲ သူတစ်ပါးစာကို ကူးယူလျှင် Plagiarism ပဲ။" ဟု တွင်တွင်ပြောတတ်သည်။ စာမူစိစစ်ရေးအဖွဲ့အတွင်းရေးမှူး ဆရာမောင်ဆုရှင်က "အချို့စာမူလေးတွေမှာ အားနည်းချက်ရှိရင် စာအုပ်ထုတ်တဲ့အခါ စာတည်းများက တည်းဖြတ်ပြုပြင်နိုင်ပါတယ်။ စာရေးလက်သင်တွေကို အားပေးကြတာပေါ့ မမရယ်"ဟု ဆွေးနွေးသည်။



### အလျှော့ပေးတတ်သူ မဟုတ်

"ရှင်တို့ကြိုက်ရင် ရွေးလေ။ ကျွန်မကတော့ စာမူအရည်အသွေးမမီရင် မရွေးချင်ဘူး။ ပြိုင်ပွဲဝင်သူတွေကို ကျမ်းသုတေသနကို ဖြစ်သလိုမရေးဘဲ စာပေဘယ်လိုရေးရတယ်ဆိုတာ နားလည်စေချင်တယ်။ ကြိုးစားရေးသားစေချင်တယ်။ သူတို့ကို လမ်းညွှန်ပေးချင်တယ်" ဟု ပြန်၍တုံ့ပြန်တတ်သည်။ ဆရာမကြီးသည် သူမှန်တယ်ထင်လျှင် အလျှော့ပေးတတ်သူမဟုတ်။

ဆရာမောင်ဆုရှင်က "ဒါဆို အဲဒီအကြောင်းကို မမစာတမ်းရေးပေးပါ" ဟု အကြံပြုသဖြင့် ဆရာမကြီး သည် ကျမ်းသုတေသနပြုခြင်းစာတမ်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ပြုလုပ်သည့် သုတဘဏ်စာပေ စာတမ်းဖတ်ပွဲတွင် ရေးသားဖတ်ကြားပြီး စာအုပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

ဆရာမကြီး၏ အသက် ၁၀၀ နေနည်းမှာ စည်းစနစ်ကျခြင်း ဖြစ်ပါသည်။ နေထိုင်မှု၊ စားသောက်မှု၊ ဝတ်စားဆင်ယင်မှုအားလုံးတို့ စနစ်တကျရှိသည်။ စာပေဗိမာန်အစည်းအဝေးများတွင် ရေနွေးကြမ်းသာ သောက်သည်။ ကော်ဖီ၊ လက်ဖက်ရည်မသောက်။ ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါး စသည့် အပြင်စာကို လုံးဝမစား။ ပေါင်မုန့်မီးကင် ထောပတ်သုတ်သာ စားသည်။ ရုံးတွင်သာမဟုတ်၊ အိမ်တွင်လည်း ထွေလီကာလီစားသည်ကိုမတွေ့။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း နံနက်ပိုင်းတွင် ကွေကာအုတ်နှင့် Ensure သောက်ပြီး ညစာကို ကြာဆံပြုတ်၊ ဆန်ပြုတ်သာ သောက်သည်။ အသီးအနှံ အနည်းငယ်စားသည်။ တစ်သက်လုံးစားလာခဲ့ပြီမို့ ကိုယ့်ကိုဒုက္ခဖြစ်စေနိုင်သည့်အရာများကို ရှောင်နိုင်သည်ဟု ဆိုပါသည်။

နေထိုင်မှုတွင်လည်း ပြောစရာမရှိ။ အားလုံး အသိပင် ဖြစ်ပါသည်။ ဝတ်စားဆင်ယင်မှုတွင်လည်း ရင်ဖုံး၊ လက်ရှည်၊ လက်စကနှင့် ချည်ထည်များကို မြတ်နိုးစွာ စွဲမြဲဝတ်ဆင်သည်။ ခေတ်မီပေါ်ပင်ကို မသုံးသော်လည်း ဆရာမကြီးကိုမြင်ရတိုင်း အမြဲသပ်ရပ်ဝင်းလက်လျက်ရှိသည်။ ဝင့်ဝါပလွှားမှု မရှိသည့် တည်ငြိမ်မှုအလှသည် အေးချမ်းပါသည်။

### နှစ်စဉ်အလည်သွားရောက်

သူ၏ အပန်းဖြေမှုမှာ စာရေးစာဖတ်ခြင်း ဖြစ်သည်။ သူ့ကို စာရေးစားပွဲတွင် အမြဲလိုလိုတွေ့ရ၏။ Historical Dictionary ကို အလွန်ပြုစုချင်သည်။ ကွယ်လွန်ခါနီးအထိ "ရွှေတိဂုံဘုရားရှိ ကြေးအုတ်




များ" စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးဆဲဖြစ်သည်။ မြန်မာစာအဖွဲ့ နေပြည်တော်သို့ ပြောင်းသည့် အချိန်တွင်လည်း ဆရာမကြီး လိုက်ပါတာဝန်ထမ်းခဲ့သည်။ မြန်မာစာအဖွဲ့တွင် အသက် ၉၅ ကျော်အထိ ရုံးတက်သည်။ အသက် ၉၀ ကျော်သည် အထိ အမေရိကန်နိုင်ငံတွင် နေထိုင်သည့် မွေးစားသားဖြစ်သူထံ နှစ်စဉ်အလည်သွားရောက်ပါသည်။

### မိမိဘာသာ ခွန်အားဖြည့်တင်း

ဆရာမကြီး၏ အားသာချက်တစ်ခုမှာ ဖွဲသတ္တိနှင့် ကြံ့ခိုင်စွမ်းရည် ပြည့်ဝခြင်းဖြစ်သည်။ ဘဝတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အချိုးအကွေ့လှိုင်းတံပိုးများကို အောင်မြင်စွာ ဖြတ်ကျော်နိုင်သည်။ သမိုင်းသုတေသနပညာရှင်က မြန်မာစာအဖွဲ့တွင် တာဝန်ထမ်းဆောင်နေရသည်။ မာန်မာနထောင်လွှားမှုမရှိ။ စိတ်သဘောထားချင်း မတိုက်ဆိုင်သူများကို ရှောင်လွှဲနေထိုင်သည်။ ယုတ်စွအဆုံး သူတကာထက်ထူးစွာ သက်တမ်းရှည်ကြာနေခွင့်ရသည့် မိမိဘဝကို အားယူနေထိုင်သည်။ အထီးကျန်ခြင်းကို မိမိဘာသာ ခွန်အားဖြည့်တင်းသည်။

တစ်ခါတစ်ရံတွင်မူ "ကိုယ့်ကားကိုယ်မောင်းပြီး ရုံးတက်လာတဲ့ မကြန်တစ်ယောက် အခု မပျံနိုင်တော့ဘူး။ အတောင်ကျိုးနေပြီ။ လုပ်ချင်တာတွေလည်း မလုပ်နိုင်တော့ဘူး၊ ရေးစရာရှိတာတွေလည်း မရေးနိုင်ဘူး" ဟု ညည်းတွားလေ့ရှိသည်။

### ဝမ်းမြောက်ပီတိဖြစ်ခဲ့

၂၀၁၈ ခုနှစ်တွင် အသက် ၁၀၀ ပြည့်မြောက်သည့် ဆရာမကြီး၏ ရာပြည့်မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလျက် အမှတ်တရစာအုပ်ထုတ်ဝေရန် ဆရာဦးအေးချို (မဟာဝိဇ္ဇာ)၊ ဆရာသူရဇော်နှင့် ဆရာဦးမြင့်ကြိုင် (အောင်မိုးဆောင်း) တို့ စီစဉ်ခဲ့ကြသည်။ ရာပြည့်မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို၇-၇-၂၀၁၈ ရက်တွင် စာပေဗိမာန်၌ ကျင်းပခဲ့ရာ ဆရာမကြီးကိုယ်တိုင် တက်ရောက်လျက် မွေးနေ့မှဒိတာစကား ပြောကြားခဲ့ပြီး ထိုအချိန်က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဆရာမကြီး၏ စာပေမိတ်ဆွေများ တက်ရောက်ချီးမြှင့်ခဲ့ကြသည်။ သမိုင်းပညာရှင် စာရေးဆရာမကြီး မကြန် အသက် ၁၀၀ ပြည့် မွေးနေ့အမှတ်တရစာများကို စုစည်း၍ "ရာပြည့်သမိုင်းဒေဝီ" စာအုပ်ကို စိတ်ကူးချိုချိုစာပေတိုက်မှ ဦးစန်းဦးက ထုတ်ဝေပေးခဲ့သည်။ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် သမိုင်းသုတေသီတစ်ဦး၏ အသက်ရာပြည့်အခမ်းအနားကို ကျင်းပခွင့်ရသည့်အတွက် တပည့်သားမြေးများက ဝမ်းမြောက်ပီတိဖြစ်ခဲ့ကြလေသည်။

သူတတ်မြောက်သောပညာဖြင့် သမိုင်းဘာသာရပ်ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည့် သာမက မြန်မာနိုင်ငံ၏ သမိုင်းဘာသာရပ်နယ်ပယ် ဖွံ့ဖြိုးရေးကို နှစ်ပေါင်း ၆၀ နီးပါး မနားတမ်း တာဝန်ထမ်းဆောင်ခဲ့သည့် သမိုင်းဒေဝီ ဆရာမကြီးဒေါ်ကြန်သည် အသက် ၁၀၂ နှစ်၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၁၆ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

**"ရွှေလိပ်ပြာ မအိပ်ပါ၊**
**တစ်ဆိတ်စာ ဘယ်ခါမှတစ်မေး။**
**တဖျပ်ဖျပ်ကယ်နဲ့ အတောင်ခတ်ကာ၊**
**စုဖွေနှောရတယ် သုတေတောမှာ**
**မောလှပြီလေး။"**

ဟု ဆရာမကြီးကိုယ်တိုင် စပ်ဆိုခဲ့သည့် ကဗျာလေးကို အမှတ်ရပြီး ကောင်းမွန်ရာ ဘုံဘဝမှာ အမောပြေနားနေလျက်ရှိသည့် သမိုင်းဒေဝီ ဆရာမကြီးကို လေးမြတ်စွာ ကန်တော့လျက် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

**ကိုးကားသည့် စာအုပ်စာရင်း**

၁။ ရာပြည့်သမိုင်းဒေဝီ၊ သမိုင်းပညာရှင်စာရေးဆရာမကြီးမကြန် အသက် ၁၀၀ ပြည့်မွေးနေ့အမှတ်တရစာများ၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၈။
၂။ ဆရာမကြီး ရေးသားသည့် စာအုပ်များ။

**"ရှင်တို့ကြိုက်ရင် ရွေးလေ။ ကျွန်မကတော့ စာမူအရည်အသွေး မမီရင် မရွေးချင်ဘူး။ ပြိုင်ပွဲဝင်သူတွေကို ကျမ်းသုတေသနကို ဖြစ်သလိုမရေးဘဲ စာပေဘယ်လိုရေးရတယ်ဆိုတာ နားလည်စေချင်တယ်။ ကြိုးစားရေးသားစေချင်တယ်။ သူတို့ကို လမ်းညွှန်ပေးချင်တယ်" ဟု ပြန်၍ တုံ့ပြန်တတ်သည်။ ဆရာမကြီးသည် သူမှန်တယ်ထင်လျှင် အလျှော့ပေးတတ်သူမဟုတ်**

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဘူရိဒတ်ဇာတ်တော်



**မြတ်မင်းလိုင်**

*(ဇူလိုင် ၂၃ ရက်မှအဆက်)*

သားတော်သုဒဿန၊ သုဘောဂနှင့် ကာဏာရိဋ္ဌတို့သည် မယ်တော်ခမည်းတော်တို့ကို တစ်လတစ်ကြိမ် အဖူးအမြော်ရောက်ကြပြီး အလောင်းတော် ဒတ္တနဂါးသည်မူ တစ်လခွဲတစ်ကြိမ် လာရောက်၏။ နဂါးပြည်၌ တစ်စုံတစ်ခုသော ပြဿနာရှိလျှင် ဘုရားအလောင်းဒတ္တနဂါးသာလျှင် ဖြေရှင်းပေးရသည်။ ခမည်းတော်မင်းကြီးနှင့် စတုမဟာရာဇ် ဝိရူပက္ခ နတ်မင်းကြီးထံ ခစားသောအခါ နတ်ပြည်တွင် ပေါ်ပေါက်သော ပြဿနာကိုလည်း ဘုရားလောင်းသာ ဖြေရှင်းပေးရသည်။

တစ်နေ့သောအခါ ဝိရူပက္ခနတ်မင်းကြီးသည် နဂါးပရိသတ်နှင့်တကွ တာဝတိံသာနတ်ပြည်သို့ သွား၍ သိကြားမင်းကြီးထံ ခစား၏။ ထိုနဂါးသိကြားပရိသတ်တို့၌ တစ်ခုသောပြဿနာ ဖြစ်ပေါ်နေသည်။ ထိုပြဿနာကို မည်သူမျှဖြေနိုင်ကြခြင်းမရှိ၍ ဘုရားလောင်း ဒတ္တသည် မြတ်သောပလ္လင်ထက်၌ နေရာယူ၍ ဖြေကြားလေသည်။ ထိုအခါ သိကြားမင်းသည် ဘုရားလောင်း ဒတ္တအား မြေကြီးနှင့်အမျှ ပညာကြီးမား ပြည့်စုံသည်ဟု ချီးကျူးကာ ဘူရိဒတ္တအမည်ကို ပေးတော်မူမည်ဟု ဘုရားလောင်းအား ဘူရိဒတ်ဟူသော အမည်ကိုမှည့်၏။ ထိုနေ့မှစ၍ ဘုရားလောင်းသည် သိကြားမင်းထံ မပြတ်ခစားရ၏။ ထိုသို့ခစားသောအခါ နတ်ပြည်သို့ရောက်ကြောင်း ကောင်းမြတ်သည့် ဥပုသ်သီတင်း ဆောက်တည်ခြင်းပြုရန် ကြံရွယ်မိလေသည်။ နဂါးပြည်သို့ ရောက်သောအခါ မယ်တော်၊ ခမည်းတော်တို့ကို ခွင့်ပန်ကာ ထိုနဂါးပြည်၏ ဆိတ်ငြိမ်ရာ အရပ်တစ်ခုရှိ ဥယျာဉ်တော်၌ ဥပုသ်ဆောက်တည်၍နေ၏။ နဂါးမငယ်တို့သည် သီဆိုတီးမှုတ်မြူးထူးခြံရံကြ၏။ ဘူရိဒတ်လည်း ဥပုသ်သီတင်း ပြည့်စုံလိုသောကြောင့် မယ်တော်၊ ခမည်းတော်တို့ထံ ခွင့်ပန်ကြားခြင်းမရှိဘဲ မိမိမယားကိုသာခေါ်၍ လူ့ပြည်ယမုံနာ မြစ်နားသို့သွား၍ ဥပုသ်ဆောက်တည်မည်၊ ဥပုသ်နေ့ကျော်လွန်မှ အဖော်များဖြင့် နဂါးပြည်သို့ ခေါ်ဆောင်ကြရန် မှာကြားခဲ့သည်။ ထိုအရပ်၌ ထွန်တုံးဖျား ပမာဏရှိသော ကိုယ်ကိုဖန်ဆင်းလျက် မိမိ၏အရေ၊ အကြော၊ အရိုး၊ အသွေးအသားတို့ကို ယူလိုက ယူကြစေသတည်းဟု အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဥပုသ်ကို ဆောက်တည်၏။ နေအရုဏ်တက်လျှင် နဂါးမတို့သည် မှာခဲ့သည့်အတိုင်း ဘုရားလောင်းကို နဂါးပြည်သို့ ဆောင်ယူကုန်၏။ ဤသို့နည်းဖြင့် ဘုရားလောင်းသည် နေ့လရှည်စွာ ဥပုသ်သီတင်း ဆောက်တည်တော်မူ၏။

ထိုအချိန်အခါ၌ ဗာရာဏသီပြည် တံခါးအနီးရွာတွင် နေထိုင်သည့် နေသာဒဟုခေါ်သော ပုဏ္ဏားတစ်ယောက်သည် သောမဒတ်အမည်ရှိသော သားငယ်နှင့်အတူ သမင်များကို ဖမ်း၍သတ်ဖြတ် ရောင်းချကာ အသက်မွေးမြူလျက်ရှိသည်။ တစ်နေ့သ၌ ပုဏ္ဏားသည် သမင်သားကို မရ၍ လက်ချည်းသက်သက်ပြန်ပါက ဇနီးဖြစ်သူ စိတ်ဆိုးမည်ကို စိုးရိမ်ကာ ဆက်လက်ရှာဖွေသည်။ ထိုအခါ ရေသောက်လို၍ ဘုရားလောင်းနေထိုင်ရာ ယမုံနာမြစ်သို့ ရေသောက်ဆင်းလာသော သမင်များကိုတွေ့၍ လိုက်လံပစ်ခတ်လေသည်။ ပုဏ္ဏားပစ်လိုက်သော သမင်တစ်ကောင်သည် ပစ်ရာအရပ်၌မလဲဘဲ မြားအဟုန်ကြောင့် ကြောက်လန့်တကြား ပြေးလေ၏။ ထိုသမင်နောက်သို့ လိုက်ရင်းဖြင့် ဘုရားလောင်းဘူရိဒတ်၏နေရာ တောင်ပို့အနီး ညောင်ပင်ကြီးသို့ ရောက်ရှိလာလေသည်။ ပုဏ္ဏားသားအဖသည် သင့်တင့်ရာ၌ သမင်ကိုထားပြီး သစ်ပင်ထက်သို့တက်ပြီးလျှင် သစ်ပင်ခွကြားတွင် အိပ်ကြ၏။

ထိုအခိုက် နဂါးမတို့သည် ဘုရားလောင်းအတွက် ပန်းမွှေ့ရာကို လာခင်းကြ၏။ ဘုရားလောင်းဘူရိဒတ်သည် နတ်၏ကိုယ်ကို ဖန်ဆင်း၍ သိကြားမင်း၏ တင့်တယ်ခြင်းဖြင့် ပန်းမွှေ့ရာ၌ နေလေ၏။ နဂါးမတို့လည်း တီးမှုတ်ဖျော်ဖြေကာ ဘုရားလောင်းအားခစားကြ၏။ ထိုအသံကို ကြားလျှင် ပုဏ္ဏားသည် သစ်ပင်မှဆင်း၍ ဘုရားလောင်းအား မေးမြန်းစုံစမ်းလေသည်။ ဘုရားလောင်းလည်း မိမိသည် တန်ခိုးကြီးသော နဂါးဖြစ်ကြောင်း ပြောပြသည်။ ထို့နောက် နဂါးမင်းဘူရိဒတ်သည် ဤပုဏ္ဏားသည် ရန့်ရင်းကြမ်းတမ်းသူဖြစ်၍ မြွေသမားခေါ်၍ ဘုရားလောင်းအား ပြပါက ဥပဒ်အန္တရာယ်ဖြစ်တော့မည်ဟု တွေးမိကာ ပုဏ္ဏားကို နဂါးပြည်သို့ ခေါ်သွားမည်ဖြစ်ကြောင်း ပြောကြားလေသည်။ ပုဏ္ဏားသည် သဘောတူညီကာ နဂါးပြည်သို့ လိုက်ပါ၍ စည်းစိမ်ခံစားလေသည်။

> ❖ ဝိရူပက္ခနတ်မင်းကြီးသည် နဂါးပရိသတ်နှင့်တကွ တာဝတိံသာနတ်ပြည်သို့ သွား၍ သိကြားမင်းကြီးထံ ခစား၏။ ထိုနဂါးသိကြားပရိသတ်တို့၌ တစ်ခုသောပြဿနာ ဖြစ်ပေါ်နေသည်။ ထိုပြဿနာကို မည်သူမျှဖြေနိုင်ကြခြင်းမရှိ၍ ဘုရားလောင်းဒတ္တသည် မြတ်သောပလ္လင်ထက်၌ နေရာယူ၍ ဖြေကြားလေသည်။ ထိုအခါ သိကြားမင်းသည် ဘုရားလောင်းဒတ္တအား မြေကြီးနှင့်အမျှ ပညာကြီးမား ပြည့်စုံသည်ဟု ချီးကျူးကာ ဘူရိဒတ္တအမည်ကို ပေးတော်မူမည်ဟု ဘုရားလောင်းအား ဘူရိဒတ်ဟူသော အမည်ကိုမှည့်၏

ဘုရားလောင်းဘူရိဒတ်သည် ဥပုသ်မပြတ် ဆောက်တည်၍ တစ်လခွဲတစ်ကြိမ် မယ်တော်၊ ခမည်းတော်တို့ထံ ပြန်၍ ခစားဝင်ကာ တရားစကားပြောဆိုသည်။ ထို့နောက် ပုဏ္ဏားသားအဖတို့ကို တွေ့ဆုံမေးမြန်းလျက် အလိုရှိသည်တို့ကို ဖြည့်ဆည်းကာ မိမိနေရာသို့ ပြန်လေ့ရှိသည်။ ပုဏ္ဏားသည် ဘုန်းနည်းသောကြောင့် နဂါးပြည်၌ တစ်နှစ်ကြာနေထိုင်ပြီးသည့်အချိန်တွင် ပျော်ပိုက်ခြင်းမရှိတော့။ ပျော်မွေ့နေသော သား သောမဒတ်ကို အကြိမ်ကြိမ်စည်းရုံးပြီး သားက သဘောတူညီသောအခါ ဘူရိဒတ်နဂါးမင်းထံ လူ့ပြည်ပြန်ခွင့် တောင်းလေသည်။ ဘူရိဒတ်နဂါးမင်းသည် မိမိဥပုသ်ဆောက်တည်ရာ အရပ်ကိုသူတစ်ပါးကို ပြောဆိုခြင်း မပြုစေရန်အတွက် အလိုရှိသော ဥစ္စာကိုရရှိနိုင်သည့် ပတ္တမြားရှင်ကို ပုဏ္ဏားအား ပေးလေသည်။ ပုဏ္ဏားသည် မိမိမှာ အသက်ကြီးပြီဖြစ်၍ လူ့ပြည်သို့ရောက်က ရဟန်းပြုမည်ဖြစ်ကြောင်းပြော၍ ပတ္တမြားကို လက်မခံချေ။ ထိုအခါ ဘူရိဒတ်မင်းက ရဟန်းအဖြစ် မကျင့်နိုင်၍ လူထွက်ချိန်တွင် အလိုရှိသမျှကို လာရောက်တောင်းဆိုရန် မှာကြားပြီး နဂါးလုလင်လေးယောက်တို့ကို ပုဏ္ဏားကို လူ့ပြည်သို့ လိုက်ပါပို့ဆောင်စေသည်။ နဂါးလုလင်လေးယောက်တို့သည် ပုဏ္ဏားသားအဖကို ဗာရာဏသီပြည်ခရီးသို့ ပို့ဆောင်ပြီး နဂါးပြည်သို့ ပြန်ကြလေသည်။

ပုဏ္ဏားသားအဖသည် ခရီးစဉ်အတိုင်း သွားကြရာ ခရီးအကြား၌ ရေကန်တစ်ကန်ကိုမြင်၍ ရေချိုးကြရန်အတွက် နဂါးပြည်မှ ဆင်မြန်းလာသော နတ်ဝတ်တန်ဆာကို ချွတ်၍ ထုပ်ပိုးလျက် ရေကန်နား၌ထားပြီး ရေကန်တွင်းသို့ သက်ဆင်းရေချိုးကြလေသည်။ ထိုခဏ၌ ထိုအဝတ်တန်ဆာတို့သည် ပျောက်ကွယ်၍ နဂါးပြည်သို့ ပြန်ရောက်သွားလေသည်။ ပုဏ္ဏားသားအဖတို့ကိုယ်၌ အိမ်မှပါလာရင်းဖြစ်သော ဖန်ရည်ဆိုးသော ပုဆိုးညစ်သည် လာစွပ်လေသည်။ သားသောမဒတ်သည် ဖခင်ကိုကြည့်ပြီး မြတ်သောစည်းစိမ်တို့ ဆုံးရှုံးပျက်စီးရလေပြီဟု ငိုကြွေးလေသည်။ ထိုအခါ ပုဏ္ဏားသည် တော၌သမင်ပေါသည်ဖြစ်၍ သမင်တို့ကိုသတ်၍ အသက်မွေးကြမည်ဟု နှစ်သိမ့်ကာ နေအိမ်သို့ ပြန်လာကြလေသည်။

နေအိမ်သို့ရောက်လျှင် ပုဏ္ဏားသည်ပင်ပန်းသည်ဖြစ်၍ အိပ်ပျော်လေသည်။ ပုဏ္ဏားအိပ်နေစဉ် ပုဏ္ဏေးမသည် သားတော်သောမဒတ်ကို နေအိမ်မှ အချိန်ကြာမြင့်စွာ ပျောက်ဆုံးနေရခြင်းကို မေးမြန်းလေသည်။ သားသောမဒတ်က နဂါးပြည်သို့ ရောက်ရှိသွားသည်ကို အစအဆုံး ပြန်လည်ပြောပြ၏။ ပုဏ္ဏေးမက နဂါးပြည်မှအပြန် မည်သည့်ရတနာမျိုး ပါရှိလာသည်ကို မေးသောအခါ နဂါးမင်းက အလုံးစုံကိုရနိုင်သော ပတ္တမြားကိုပေးသော်လည်း ဖခင်က လူ့ပြည်ရောက်လျှင် ရဟန်းပြုမည် ဖြစ်သောကြောင့် လက်မခံသည်ကိုလည်း ပြောပြ၏။ ထိုအခါ ပုဏ္ဏေးမသည် လွန်စွာဒေါသထွက်ပြီး ပုဏ္ဏားကိုအပြစ်တင် ပြောဆိုလေသည်။ ပုဏ္ဏားလည်း တော၌သမင်ပေါများ၍ မုဆိုးလုပ်ကျွေးမွေးမည်ဟုဆိုကာ သားနှင့်အတူ တောသို့သွား၍ ယခင်နည်းတူ မုဆိုးလုပ်လျက် အသက်မွေးကြ၏။

ထိုအချိန်တွင် တောင်သမုဒ္ဒရာလက်ပံတော၌နေသော ဂဠုန်တစ်ကောင်သည် သမုဒ္ဒရာရေကို ၎င်း၏တောင်ပံခတ်သော လေအဟုန်ဖြင့် ကွဲစေပြီး သမုဒ္ဒရာအောက်၌ရှိသော နဂါး၏ဦးခေါင်းကို ဆွဲသုတ်၍ ဟိမဝန္တာတောသို့ ပျံသွားလေသည်။

ထိုအခါ၌ ကာသိကရာဇ်တိုင်း၌နေသော ပုဏ္ဏားတစ်ယောက်သည် ရသေ့ရဟန်းပြုလျက် ဟိမဝန္တာတော၌နေရာ သင်္ခမ်းတည်ဆောက် သီတင်းသုံးလျက်ရှိသည်။ ထိုရသေ့သည် စင်္ကြံဦး၌ရှိသော ကြီးမားသည့် ပညောင်ပင်ကြီးအောက်တွင် သီတင်းသုံးနေစဉ် ဂဠုန်သည် နဂါးကို ထိုပညောင်ပင်ပေါ်မှ ဖြတ်သန်းသယ်ဆောင်လာသည်။ နဂါးသည် အမြီးဖြင့် ပညောင်ပင်ကို ရစ်ပတ်လိုက်လေသည်။ ဂဠုန်သည် နဂါးက ပညောင်ပင်ကို အမြီးဖြင့် ရစ်ခွေလိုက်သည်ကို မသိရှိဘဲ မိမိ၏ ခွန်အားဖြင့် ကောင်းကင်ကို ပျံလေလျှင် ဂဠုန်သည် နဂါးကို လက်ပံပင်သို့ သယ်ဆောင်လာပြီး ဝမ်းကိုခွဲ၍ နဂါးဆီကိုစားပြီးလျှင် နဂါးအကောင်ကို သမုဒ္ဒရာသို့ ပစ်ချလေသည်။ ပညောင်ပင်သည် သည်းစွာအသံမြည်၍ ဖရိုဖရဲဖြင့် ကျလေသည်ကို ဂဠုန်လည်း မိမိ၌အပြစ်ရှိ၊ မရှိသိလို၍ လုလင်ပျို့အသွင်ဖြင့် ရသေ့ထံပါး ချဉ်းကပ်မေးမြန်းလေသည်။ ရသေ့က ပညောင်ပင်ကျွတ်စေလိုသော စေတနာမပါ၍ အပြစ်မရှိကြောင်း ပြောကြားလျှင် ဂဠုန်သည် လွန်စွာကျေနပ်နှစ်သက်လှသည်ကြောင့် မြွေ နဂါးတို့ဘေးမှ တားမြစ်နိုင်သော မန္တန်ကိုပေးလေသည်။ ရသေ့က ငြင်းဆိုသဖြင့် အဖန်တလဲလဲတောင်းပန်လျက် အလမ္ပာယ်အတတ် မန္တန်ကို သင်ပေးပြီး မိမိနေရာသို့ ပြန်သွားလေသည်။

ထိုအခိုက်ဝယ် ဗာရာဏသီပြည်၌နေသော ဆင်းရဲသားပုဏ္ဏား တစ်ယောက်သည် ကြွေးထူလှသဖြင့် တော၌သေမည်ဟု ကြံရွယ်ပြီး မြို့မှထွက်လာခဲ့သည်။ ရှင်ရသေ့နေသော သင်္ခမ်းသို့ ရောက်လျှင် ထိုဆင်းရဲသားပုဏ္ဏားသည် ရှင်ရသေ့၏ ဝတ်ကြီးဝတ်ငယ်တို့ကိုပြု၍ နေလေသည်။ ရသေ့လည်း ကျေးဇူးတင်သဖြင့် မန္တန်ကိုသင်ပေးမည်ဟု ဆိုသော်လည်း ထိုပုဏ္ဏားက လက်မခံပေ။ ရသေ့လည်း အဖန်တလဲလဲ တိုက်တွန်းဖန်များမှ မန္တန်နှင့် မြွေအလမ္ပာယ် အတတ်ပညာကို သင်ယူလေသည်။ ပုဏ္ဏားသည် အသက်မွေးရန် အတတ်ပညာရပြီဖြစ်၍ တစ်ရက်နှစ်ရက်နေပြီးလျှင် ရသေ့ထံမှ ခွင့်တောင်းကာ တောမှထွက်လာခဲ့ရာ ယမုံနာမြစ်နားသို့ ရောက်ရှိလေသည်။ ထိုအချိန်တွင် ဘူရိဒတ်နဂါးမင်း၏ အလုပ်အကျွေး နဂါးမတစ်ထောင်ခန့်သည် အလိုဟူသမျှ ပေးနိုင်သော ပတ္တမြားကို ယမုံနာမြစ်နား သဲပြင်ပေါ်ဝယ်ထား၍ ထိုပတ္တမြားအရောင်ဖြင့် ညဉ့်သုံးယံပတ်လုံး ရေကစားနေကြ၏။ အရုဏ်တက်သောအခါ၌ နဂါးမတို့သည် အဝတ်တန်ဆာဆင်ပြီး ထိုပတ္တမြားကိုယူ၍ ပြန်ရန်ပြင်ဆင်ချိန်တွင် ထိုဆင်းရဲသား ပုဏ္ဏားသည် မန္တန်ကိုရွတ်ဖတ်ရောက်ရှိလာ၏။ နဂါးမတို့သည် မန္တန်ရွတ်သံကို ကြားလျှင် ဂဠုန်လာသည်ဟု မှတ်ယူပြီး ပတ္တမြားကိုပင် မယူနိုင်တော့ဘဲ မြေ၌ငုပ်ပြီးလျှင် နဂါးပြည်သို့ ပြေးကြလေ၏။ ပုဏ္ဏားသည် ပတ္တမြားကိုမြင်လျှင် ဝမ်းမြောက်ဝမ်းသာဖြင့် ယူသွားလေသည်။

ထိုခဏ၌ နေသာဒပုဏ္ဏားနှင့် သားသောမဒတ်တို့သည် သမင်ရှာရန် တောသို့ဝင်လာသည်။ ထိုဆင်းရဲသားပုဏ္ဏားနှင့် တွေ့ဆုံကြရာတွင် ပုဏ္ဏားလက်၌ ပတ္တမြားကိုမြင်လျှင် ၎င်းတို့အား ဘူရိဒတ်နဂါးမင်းကပေးသော ပတ္တမြားဖြစ်သည်ကိုသိရှိလေသည်။ နေသာဒပုဏ္ဏားသည် ပတ္တမြားကို ထိုပုဏ္ဏားမည်သို့ ရရှိခဲ့ကြောင်း မေးမြန်းစုံစမ်း သိရှိရလေသည်။ ထိုအခါ နေသာဒပုဏ္ဏားသည် ပတ္တမြားရတနာကို ဆောင်ရမည့် အစီအစဉ်ကို မသိက အကျိုးမရှိနိုင်၍ အစီရင်ကိုသိသော မိမိအား ရွှေအချိန်တစ်ရာဖြင့် ရောင်းချရန် ပြောဆိုသည်။ ထိုဆင်းရဲသား ပုဏ္ဏားကရောင်းချခြင်း မပြုလိုကြောင်း ငြင်းဆိုလေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အကြမ်းဖက်ခြင်း သင်နှင့် အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

အကြမ်းဖက်ခြင်း သင်နှင့် အနီးဆုံးမှာနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ဆောင်းပါးများ စာအုပ်ထွက်ရှိလာပြီ ဖြစ်သည်။

ယင်းစာအုပ်တွင် ဒေါက်တာ ရင်ရင်နွယ်၊ ကနောင်၊ ကိုထွန်းခင်၊ ကိုသာယာ၊ မေ၊ နေခြည်သွေး၊ ကြိုင်သင်း၊ စာချစ်သူ၊ မောင်မိုးမြင့်၊ မိုးဦးဝေ၊ သမားအို၊ ဒေါင်၊ ကိုရင်မောင်၊ ငြိမ်းချမ်းမောင်၊ စွန်ရဲ၊ ထွန်းထွန်း(ခရေရိပ်)၊ မောင်ပြည်ချစ် စသည့် ကလောင်စုံတို့၏ ဆောင်းပါးများ ပါဝင်သည်။

အဆိုပါ စာအုပ်တွင် ဆောင်းပါးရှင် မိုးဆွေက **“အကြမ်းဖက်လုပ်ရပ်မှန်သမျှ ပူးပေါင်းတိုက်ဖျက်”** ဆောင်းပါးတွင် **အာရပ်နွေဦးလို မြန်မာ့နွေဦးကို သွေးစွန်းအောင် ကြံစည်ကြသည်။ နွေဦးတော်လှန်ရေးဟု နာမည်တပ်ကြသည်။ ယခု နွေဦးတော်လှန်ရေးအမည်ခံ အကြမ်းဖက်လုပ်ရပ်များသည် မြန်မာပြည် မတည်မငြိမ်ဖြစ်ရေးကိုသာ ဦးတည်နေသည်။ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများ၏ ဆန္ဒများကို လျစ်လျူရှုကြပြီး နွေဦးတော်လှန်ရေးကို အများ ကြိုက်ဟုသာ နာမည်ခံကြသည်။ သို့သော် အများ အတွက် ကောင်းကျိုးမရှိသည့် ဥပဒေနှင့် ငြိစွန်းသည့် လူသတ်၊ မီးရှို့၊ ဖျက်ဆီး စသည့် တိုင်းပျက်ပြည်ပျက် လုပ်ငန်းများကိုသာ ဦးတည်လုပ်ဆောင်နေခြင်း ဖြစ်သည်** ဟု ထောက်ပြထားသည်။

အလားတူ ဆောင်းပါးရှင် ကိုဖြိုးက **ဒီနေ့ဖြစ်နေတဲ့ အဖျက်သမားအကြမ်းဖက်လုပ်ရပ်တွေပေါ်မှာ ကျွန်တော်တို့ ပြည်သူတွေ သုံးသပ်ဆင်ခြင်ကြဖို့ လိုအပ်နေပြီ။ အဆိုးအကောင်းဝေဖန်ပိုင်းခြားတတ်ဖို့ လိုအပ်နေပါပြီ။ မကောင်းတဲ့ အဖျက်အမှောင့် လုပ်ရပ်တွေကို ဆန့်ကျင်တွန်းလှန်သင့်ကြပါပြီ**ဟု အကြမ်းဖက်လုပ်ရပ်ကို ဆန့်ကျင့်ရေးအတွက် **“ပြည်သူ့အားကို အများကြီးလိုသည်”** ဆောင်းပါးတွင် ရေးသားတင်ပြထားသည်။

ထို့အတူ ဆောင်းပါးရှင် ရဲယံက **နိုင်ငံမတည်ငြိမ်မှုဖြစ်စေရန် လှုံ့ဆော်ဖန်တီးခြင်း၊ ဆူပူအကြမ်းဖက် တိုက်ခိုက်ခြင်းတို့ကြောင့် ပြည်သူတို့၏ လူမှုစီးပွား အခက်အခဲဖြစ်လာကြသည်။ ထို့ကြောင့် နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ ရည်ရွယ်ချက် မပြည့်ဝနိုင်စေရန် မှားယွင်းသည့် သတင်းအချက်အလက်များကို ဆင်ခြင်သတိပြုရမည်ဖြစ်သည်**ဟု **“အစွန်းရောက်နိုင်ငံရေးအကြမ်းဖက်သမားများ လက်တွဲဖယ်ရှား”** ဆောင်းပါးတွင် အသိပေးဖော်ပြထားသည့် ဆောင်းပါး အပါအဝင် ဆောင်းပါး ၆၉ ပုဒ်ကို တစုတစည်းတည်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါစာအုပ်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင် အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၁-၈၂၄၈ ၁၀၂ သို့ ဆက်သွယ်၍ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

မြန်မာ့အလင်း






အလှူရှင် ဦးကျော်နေဝင်းက အောက်ဆီဂျင် Plant တည်ဆောက်ရန် အလှူငွေပေးအပ်ရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ လက်ခံရယူစဉ်။

❒ *ကျောဖုံးမှ*

ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝန်ထမ်းများအား ရွေ့လျားစစ်ဆေးရေးယာဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး ဝန်ထမ်းများနှင့် မှီခိုသူများကို ယနေ့နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်းကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆောင်ရွက်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိဝန်ထမ်းများသည် အကြောင်းအမျိုးမျိုးဖြင့် အများပြည်သူများနှင့် ၂၄ နာရီ အမြဲထိတွေ့နေရခြင်း၊ ဝန်ထမ်းအိမ်ရာများတွင် စုပေါင်းနေထိုင်ရခြင်းစသည့် အခြေအနေများကြောင့် ရောဂါပိုးပျံ့နှံ့မှုအား အမြန်ဆုံးကာကွယ်၊ ထိန်းချုပ်နိုင်ရန် စစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ဌာန ၁၈ ခု ရှိပြီး ဝန်ထမ်းပေါင်း ၈၀၀၀ ကျော်ရှိကြောင်း၊ ဇူလိုင် ၂၂ ရက်ကစ၍ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိကို လူတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စစ်ဆေးပေးခဲ့ရာ ဇူလိုင်၂၂ ရက်မှ ၂၄ ရက်အထိ ပိုးတွေ့လူနာ ဝန်ထမ်း ၁၃ ဦး၊ မှီခို ၃၈ ဦး စုစုပေါင်း၅၁ ဦးရှိခဲ့ကြောင်း။



အဆိုပါ ပိုးတွေ့လူနာများကို မအူကုန်း ကိုဗစ်ကုသရေးစင်တာသို့တိုက်ရိုက်ပို့ဆောင် ကုသပေးလျက်ရှိကာ မအူကုန်းစင်တာတွင် လူနာဦးရေ ၁၀၀ ကို ကုသပေးနိုင်ပြီး အောက်ဆီဂျင်အခမဲ့ရရှိရေး ဆောင်ရွက်ထားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဆက်ဆံ/ပြန်ကြား) ဌာနမှူး ဒေါက်တာတိုးအောင်က ပြောသည်။

အောင်မြင့် (ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

နေပြည်တော် ဇူလိုင် ၂၅

**ကိုဗစ်-၁၉ ရောဂါခံစားခဲ့အတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) သို့ အောက်ဆီဂျင်အိုးအလုံး ၅၀ ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၊ ငပုတောမြို့နှင့် ဇလွန်မြို့တို့ရှိ ပြည်သူ့ဆေးရုံများသို့ အောက်ဆီဂျင်အိုး ၂၅ လုံးကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မင်းလှမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၅၀ နှင့် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၅၀ တို့ကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများကလည်းကောင်း သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။



ဇလွန်မြို့ပြည်သူ့ဆေးရုံသို့ နယ်မြေခံတပ်မတော်သားများက အောက်ဆီဂျင်အိုး သွားရောက်ပို့ဆောင်စဉ်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အသက်တစ်ချောင်း သေသွားဖို့မပြောနဲ့ သူတို့ သာမန်နေမကောင်းဘူး၊ ကျန်းမာရေး မကောင်းဘူး၊ နှာစေးချောင်းဆိုး ဖြစ်တာကအစ ကျွန်တော်တို့က ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ ပေးရပါတယ်

ဦးချမ်းအေးကျော်

နေပြည်တော် ဇူလိုင် ၂၅
အင်းစိန်ထောင်အတွင်း အခြေအနေများနှင့်ပတ်သက်၍ လူမျိုးတုံးသတ်ဖြတ်ခြင်းဖြစ်ကြောင်း ဒေါက်တာဆာဆာ၏ ပြောကြားချက်ကို ဒီဗွီဘီသတင်းဌာနမှ ဖော်ပြခဲ့မှုနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အမှန်ကို အကျဉ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချမ်းအေးကျော်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ဇူလိုင် ၂၅ ရက်တွင် ဆက်သွယ်မေးမြန်းခဲ့မှုကို ပြန်လည်ဖော်ပြလိုက်ပါသည် -

ဦးချမ်းအေးကျော် ။ ။ ညှိနှိုင်းမှုရဲ့ နောက်ပိုင်းမှာ ဒီဆူပူဆန္ဒပြမှုထဲမှာပါတဲ့ အဖွဲ့တွေကို မတရားရိုက်နှက်တယ်လို့ သတင်းတွေ ထွက်လာပါတယ်။ ဒါကလုံးဝ မဟုတ်ဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။ ဘာကြောင့် ဒီလိုပြောနိုင်လဲဆိုရင် အကျဉ်းထောင်ရဲ့ သဘောတရားအရ အကျဉ်းထောင်ထဲကို ဝင်မယ်ဆိုရင် အကျဉ်းထောင်က တာဝန်ရှိတဲ့သူတွေကပဲ ဝင်လို့ရပါတယ်။

တာဝန်ရှိတဲ့သူတွေ ဝင်လို့ရတယ်ဆိုတာကို ဘယ်လိုသဘောနဲ့ ပြောလဲဆိုရင် အကျဉ်းထောင်အတွင်းကို အကျဉ်းထောင်မှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေရှိပါတယ်။ ဥပမာ-တချို့ ဝန်ထမ်းတွေက အကျဉ်းထောင်ရဲ့ အပြင်မှာတာဝန်ကျတယ်။ တချို့ဝန်ထမ်းတွေက အကျဉ်းထောင်အတွင်းမှာ တာဝန်ကျတယ်။ အကျဉ်းထောင်ရဲ့ အတွင်းမှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေက အကျဉ်းထောင်အတွင်းကို ဝင်ခွင့်ရှိပေမယ့်၊ အကျဉ်းထောင်ရဲ့ အပြင်ဘက်မှာ တာဝန်ကျတဲ့ ဝန်ထမ်းတွေက အကျဉ်းထောင်အတွင်းကို တာဝန်မရှိဘဲ ဝင်ခွင့်မရှိပါဘူး။

ကျွန်တော်တို့ ဝန်ထမ်းတွေတောင် အကျဉ်းထောင်အတွင်းကို တာဝန်မရှိရင် ဝင်လို့မရတဲ့အတွက် အကျဉ်းထောင်ဝန်ထမ်းမဟုတ်တဲ့ ကျန်တဲ့ ပြင်ပအဖွဲ့အစည်းဖြစ်တဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အပါအဝင် ကျန်တဲ့အဖွဲ့အစည်းတွေက ဝင်မယ်ဆိုရင် ဝင်လို့မရပါဘူး။ အကျဉ်းထောင်အတွင်းကို လက်နက်ကိုင်ဆောင်ပြီး ဝင်လို့မရဘူး ဆိုတာကို ဥပဒေမှာ တစ်ခါတည်း ပြဋ္ဌာန်းထားပြီးသား ဖြစ်ပါတယ်။

ဒါကို ဘာကြောင့်ပြောရလဲဆိုရင် ဒီအကျဉ်းထောင်ထဲကို ကျန်တဲ့သူတွေကဝင်ပြီး ရိုက်နှက်တယ်လို့ ပြောကြပါတယ်။ အမှန်တကယ်က အကျဉ်းထောင်အတွင်း ဆူပူမှုတွေဖြစ်ပြီး နောက်ပိုင်းပြီးသွားတယ်။ ညနေပိုင်းမှာလည်း ထောင်ပိတ်လိုက်ပါတယ်။ ထောင်ပိတ်လိုက်ရင် ထောင်ထဲမှာရှိတဲ့ အကျဉ်းသား၊ အချုပ်သားတွေကို သူတို့ရဲ့သက်ဆိုင်ရာ အခန်းတွေထဲထည့်ပြီး တံခါးကို ပိတ်ချလိုက်တာ၊ သော့ခတ်လိုက်တာပါ။ သော့ခတ်လိုက်ပြီဆိုရင် အကျဉ်းထောင် ဝန်ထမ်းတောင် အဲဒီအခန်းတွေထဲမှာ မရှိပါဘူး။ အကျဉ်းထောင်ဝန်ထမ်းကလည်း ပိတ်ထားတဲ့ အခန်းတွေရဲ့ အပြင်ဘက်ပဲ စောင့်ရပါတယ်။ ဒီတော့ သူတို့ကို ကိုယ်ထိလက်ရောက် ရိုက်နှက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ဒါကို ကျွန်တော်က ရှင်းပြချင်တာပါ။





အင်းစိန်အကျဉ်းထောင်ကြီးရဲ့ အရှေ့ဘက်မှာ လမ်းမကြီးတစ်ခု၊ နောက်မှာဆိုရင် လမ်းမကြီး တစ်ခုရှိပါတယ်။ သီးသန့်အကျဉ်းထောင်ရဲ့ နောက်မှာ၊ စီအိုင်ဒီဝင်းရဲ့နောက်မှာ၊ ရထားလမ်းရဲ့ဘေးမှာ ကားလမ်းမကြီးရှိတယ်။ ဒီလိုလမ်းမတွေနဲ့ နီးတဲ့အခါကျတော့ လူတွေက သူတို့ရဲ့ အမြင်တွေ၊ အကြားတွေကို တကယ်ထင်ပြီး မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်အောင်၊ ဘာမှမသိတဲ့သူတွေကို ထင်ယောင်ထင်မှားဖြစ်အောင် သူတို့ကလျှောက်ပြောတာပါ။ ဒါကြောင့် ဒီသတင်းတွေက ထွက်ပေါ်လာတယ်လို့ ကျွန်တော် ယူဆပါတယ်။

တိုက်ပိတ်တယ်ဆိုတာ သာမန်အားဖြင့် အကျဉ်းထောင်လက်စွဲမှာ ပါရှိပါတယ်။ အကျဉ်းထောင်လက်စွဲနဲ့ ကျွန်တော်တို့က ဆောင်ရွက်ရပါတယ်။ ဥပမာ-သူတို့ကို ဒါမျိုးတွေလုပ်လို့ တိုက်ပိတ်တယ် ဆိုတာမျိုး မရှိပါဘူး။ လိုလားချက်တွေကို တောင်းဆိုတဲ့ ဆူပူဆန္ဒပြတဲ့ အဖွဲ့တွေထဲမှာ သူတို့ရဲ့ ခေါင်းဆောင်ပိုင်း တချို့ရှိပါတယ်။ သူတို့ကို ခေါ်ပြီး လိုလားချက်က ဘာလဲ၊ ဒါကို ဥပဒေအရ ဘယ်လိုဖြေရှင်းပေးနိုင်မလဲ ဒါမျိုးညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ သူတို့ကို မတရားရိုက်နှက်တာ၊ မတရားတိုက်ပိတ်တာ ဒါမျိုးတွေ တစ်ယောက်မှ မရှိပါဘူး၊ ဒီလိုမျိုး ကျွန်တော်တို့လုပ်လည်း မလုပ်ပါဘူး။

လူသေတာနဲ့ပတ်သက်ပြီး သူတို့က လူ ၂၀ လောက် သေတယ်၊ တချို့ကလည်း လူ ၈ ယောက်လောက်သေတယ်၊ အဲဒီလိုမျိုး သတင်းတွေ ပြောပါတယ်။ တကယ်တမ်းကျတော့ ကျွန်တော်တို့မှာ လူသေတာ လုံးဝမရှိပါဘူး။ ဘာကြောင့်လဲဆိုရင် အကျဉ်းထောင်မှာ ထိန်းသိမ်းရတဲ့ပုံစံက ကျွန်တော်တို့ လက်ခံထားတဲ့ အကျဉ်းသား၊ အချုပ်သားတွေ အကုန်လုံး အကျဉ်းထောင်ကို ရောက်လာပြီဆိုတာနဲ့ စပြီးသူတို့ရဲ့ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး အကုန်လုံးကို အစစအရာရာ တာဝန်ယူရပါတယ်။ ဆိုလိုတာက အသက်တစ်ချောင်း သေသွားဖို့ မပြောနဲ့ သူတို့ သာမန်နေမကောင်းဘူး၊ ကျန်းမာရေး မကောင်းဘူး၊ နှာစေးချောင်းဆိုး ဖြစ်တာကအစ ကျွန်တော်တို့က ကျန်းမာရေး စောင့်ရှောက်မှုကို အပြည့်အဝ ပေးရပါတယ်။

သူတို့ပြောတဲ့ လူသေတယ် ဆိုတာတွေက ကောလာဟလတွေပါ၊ လျှောက်ပြောတာပါ။ တကယ်တမ်း သေတယ်ဆိုရင် ကျွန်တော်တို့ကို တင်ပြရပါတယ်။ ကျွန်တော်တို့ကလည်း ချက်ချင်းသတင်းပို့ရပါတယ်။ လက်ရှိဇူလိုင် ၂၅ ရက် အခြေအနေက အကျဉ်းထောင်လုပ်ငန်းတွေကို အကျဉ်းထောင်လက်စွဲအတိုင်း ပုံမှန်စနစ်တကျ လုပ်ကိုင်နေပါတယ်။ ဒါက ရုံးပိတ်ရက်ဆိုရင် ရုံးပိတ်ရက်အတိုင်း ကျွန်တော်တို့ လုပ်ကိုင်ပါတယ်။ ပြီးရင် စားသောက်မှု၊ နေထိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုတွေကလည်း အကျဉ်းထောင်ရဲ့ ပုံမှန်လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပေးနေပါတယ်။

ဆူပူမှုလုပ်တဲ့အတွက် သူတို့ကို သီးခြားအပြုံးအတေးနဲ့ အပြစ်ပေးတာတွေ၊ ဆူပူတာတွေ မရှိပါဘူး။ ဒါပေမယ့် အကျဉ်းထောင်ထဲမှာ နေတယ်ဆိုရင် အကျဉ်းထောင်ရဲ့ စည်းမျဉ်းဥပဒေအတိုင်း အကျဉ်းသား၊ အချုပ်သားနဲ့ ဝန်ထမ်းတွေကပါ နေထိုင်ရပါတယ်။ အကျဉ်းထောင်ရဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်တယ်ဆိုရင် အကျဉ်းသားဖြစ်ဖြစ်၊ အချုပ်သားဖြစ်ဖြစ်၊ အကျဉ်းထောင်ဝန်ထမ်းဖြစ်ဖြစ် ဥပဒေနှင့်အညီ အရေးယူတာကို ခံရပါတယ်။

**အောင်မျိုး**

# မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေ ကျဆင်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅
မွန်ပြည်နယ်အတွင်း ယနေ့တွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျချောင်းရေများ ကျဆင်းလာမှုကြောင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး အများပြည်သူအသုံးပြုသော ကားလမ်းများနှင့် ကျေးရွာအဝင်များတွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက် ဆောင်ရွက်ပေးသည်။



တောင်ကျချောင်းရေ ကျဆင်းမှုကြောင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သက္ကောကျေးရွာအဝင်ကားလမ်း၊ မုဒုံမြို့နယ်အတွင်း နီးပဒေါချောင်း ရေလျှံမှုကြောင့် နီးပဒေါကျေးရွာအနီးရှိ သံဖြူဇရပ်-မုဒုံသွားကားလမ်းမကြီးနှင့် ရေးမြို့နယ် ဟံဂံချောင်း ရေလျှံမှုကြောင့် ကိုးမိုင်ကျေးရွာအနီးရှိ မော်လမြိုင်-ထားဝယ် သွားကားလမ်းမတို့၌ (အပေါ်ပုံ) ရေအနက် တစ်ပေခန့်မှ ခန့်မှန်း နှစ်ပေခွဲခန့်အထိ ရေကျော်ဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်များ သွားလာနိုင်မှုမရှိသဖြင့် အများပြည်သူဘေးအန္တရာယ်ကင်းလွတ်စေရေးအတွက် လမ်းပိတ်ဆို့မှု ဖြစ်ပွားသော နေရာများ၌ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၅
စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးသေဆုံး

**နေပြည်တော် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် ည ၁၀ နာရီခွဲက ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့ ကြို့ရပ်သာကျေးရွာနေ ဦးကံသိန်း(၅၅ နှစ်) (ဘ)ဦးစံတင်၏နေအိမ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အမျိုးသားနှစ်ဦး ဒဏ်ရာရရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၏ အနောက်ဘက် မီးဖိုချောင်အတွင်း ဦးကံသိန်း၏ သားဖြစ်သူ တင်ကိုဝင်း(၂၅ နှစ်) နှင့် ရှိုင်းကိုကို(၂၃ နှစ်) တို့သည် လက်လုပ်မိုင်းပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ရင်ဘတ်၊ ဝဲမျက်လုံး၊ ပေါင်၊ ယာလက်မောင်းနှင့် ကျောကုန်း မီးလောင်ပေါက်ပြဲဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရပြီး အခင်းဖြစ်နေရာအနီးမှ ဆူပူအကြမ်းဖက်မှုနှင့် အဖျက်အမှောင့်လုပ်ငန်းများတွင် အသုံးပြုသည့် အသုံးအဆောင်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသူ တင်ကိုဝင်းနှင့် ရှိုင်းကိုကိုတို့အား ဆေးဝါးကုသနိုင်ရေးအတွက် ဆင်မြီးဆွဲမြို့ တိုက်နယ်ဆေးရုံသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပို့ဆောင်ပေးစဉ် ၎င်းတို့နှစ်ဦးမှာ သေဆုံးသွားခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်မည့် ငွေကျပ်သိန်း ၁,၁၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၉၂ ကီလိုနှင့် ဘိန်း ၂၈၈ ကီလိုဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်မည့် ငွေကျပ်သိန်း ၁,၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၉၂ ကီလိုနှင့် ဘိန်း ၂၈၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း




မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ ဇူလိုင် ၂၂ ရက် ည ၁၀ နာရီခွဲက ရွာငံမြို့နယ် ကျောက်ကူပြင်ကျေးရွာ ရွာငံ-ကျောက်ဆည်သွား ကားလမ်းအနီးတွင် ရွာငံဘက်မှ ကျောက်ဆည်ဘက်သို့ ယာဉ်မောင်း သန်းဝင်း(၄၀ နှစ် )မောင်းနှင်ပြီး ကျော်ဆန်း(၃၃ နှစ်) လိုက်ပါလာသည့် နစ်ဆန်းကွန်ဒေါ် ၆ ဘီး ရေသယ်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၁၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၉၂ ကီလိုနှင့် ဘိန်း ၂၈၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး၊ စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲအပါအဝင် အဓိကပြိုင်ပွဲများ၌ မြန်မာလှေလှော်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာလှေလှော်အဖွဲ့သည် ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် အာရှအားကစားပြိုင်ပွဲ၊ ဆီးဂိမ်းပြိုင်ပွဲအပါအဝင် အဓိကနိုင်ငံတကာအားကစားပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲများ ရွှေ့ဆိုင်းမှုများရှိနေပြီး လာမည့်နှစ်တွင် ပုံမှန်ကျင်းပရမည့်ပြိုင်ပွဲများ၊ ရွှေ့ဆိုင်းထားသည့်ပြိုင်ပွဲများကြောင့် ယှဉ်ပြိုင်ရမည့်ပြိုင်ပွဲများစွာရှိနေ၍ မြန်မာလှေလှော်အဖွဲ့မှာလည်း လှေလှော်အားကစားနည်း ပါဝင်သည့် အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ၂၀၂၂ ခုနှစ်တွင် အာရှအားကစားပြိုင်ပွဲ၊ (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲအပါအဝင် အခြားနိုင်ငံတကာဖိတ်ခေါ် လှေလှော်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲတွင် ကနူးကယက်နှင့် အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲသာ ပါဝင်မည်ဖြစ်ပြီး ရိုးရာလှေပြိုင်ပွဲ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

အာရှအားကစားပြိုင်ပွဲနှင့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင်မူ လှေလှော်ပြိုင်ပွဲအမျိုးအစားသုံးမျိုးစလုံး ပါဝင်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့အနေဖြင့် အဓိကနိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်၍ အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

အာရှအားကစားပြိုင်ပွဲကို ၂၀၂၂ ခုနှစ် စက်တင်ဘာတွင် ကျင်းပမည်ဖြစ်ပြီး ဆီးဂိမ်းပြိုင်ပွဲနှင့် အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲ ကျင်းပမည့်ရက်များကိုမူ ထုတ်ပြန်ခြင်းမရှိသေးပေ။

မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သည် ရိုးရာလှေ၊ ကနူး/ကယက်နှင့် အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲအမျိုးအစားများအတွက် ပဏာမ ကစားသမားများရွေးချယ်ကာ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။ မြန်မာလှေလှော်အဖွဲ့သည် ပဏာမကစားသမား ၅၀ ကျော်ဖြင့် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် ကနူးကယက်ကစားသမားများမှာ ပြည်ပနိုင်ငံ၌ သွားရောက်လေ့ကျင့်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲများ မယှဉ်ပြိုင်ရသော်လည်း လာမည့်နှစ်တွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်တွင် ကျင်းပရန် စီစဉ်ထားသည့် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများမှာ လာမည့်နှစ်သို့ ရွှေ့ဆိုင်းသွားသဖြင့် မြန်မာလှေလှော်အဖွဲ့အနေဖြင့် ယခုနှစ်တွင် နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရန်မရှိဘဲ လေ့ကျင့်မှုများသာ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာလှေလှော်အဖွဲ့သည် ၂၀၁၉ ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက နိုင်ငံတကာပြိုင်ပွဲများ မယှဉ်ပြိုင်ရတော့ခြင်း ဖြစ်သည်။

**ရဲရင့်လွင်**

○ *ကျောဖုံးမှ*

အဆိုပါ အုပ်စု (M)တွင် အင်ဒိုနီးရှားအားကစားသမားသည် ကမ္ဘာ့ အဆင့် (၂၀) ရှိပြီး ယခုပြိုင်ပွဲတွင် နိုင်ခြေအဆင့် (၁၄)သတ်မှတ်ခံရသူဖြစ်ကာ မြန်မာနိုင်ငံမှ သက်ထားသူဇာသည် ကမ္ဘာ့အဆင့် (၅၆) ရှိ သူဖြစ်သည်။ အုပ်စုတွင်း အခြားပြိုင်ဘက်မှာ ဘယ်လ်ဂျီယံနိုင်ငံသူTan Lianne ဖြစ်၍ ကမ္ဘာ့အဆင့် (၄၂) ရှိသူဖြစ်သောကြောင့် မြန်မာနိုင်ငံမှ သက်ထားသူဇာနှင့် ဇူလိုင် ၂၇ ရက် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဆတ်-တာချီလိတ် ကားလမ်း၊ လွယ်တော်ခမ်းကျေးရွာအုပ်စု လွယ်တော်ခမ်းကျေးရွာအနီးတွင် လီညာ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီခန့်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် သီပေါ-နောင်ချို သွားကားလမ်း နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ရန်နိုင်ဆွေ မောင်းနှင်ပြီး ခိုင်လင်း(ခ)ကိုလေး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူသုည ဒသမ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# တိုက်စစ်ကစားသမား မာရှယ်အား မန်ယူအသင်း ရောင်းထုတ်လို

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် အိုးထရက်ဖို့ဒ်သို့ ဆန်ချိုကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီးနောက် အသင်းမှ တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ အန်သိုနီ မာရှယ်အား ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၅ နှစ်အရွယ်ရှိ မာရှယ်သည် နည်းပြ ဆိုးလ်ရှားလက်ထက်တွင် ပထမအသင်း၌ ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေသည့် ကစားသမားတစ်ဦးဖြစ်သည်။ ထို့အပြင် နည်းပြဆိုးလ်ရှားသည် ရာသီအကြိုချစ်ကြည်ရေး ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် ကစားသမားစာရင်းမှလည်း မာရှယ်ကို ချန်လှပ်ထားခဲ့သည်။

မာရှယ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ၄၈ ပွဲကစားထားပြီး ခုနစ်ဂိုးသွင်းယူပေးထားနိုင်သည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် မိုနာကိုအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၅၈ ပွဲ ပါဝင်ကစားခွင့်ရရှိထား၍ ၇၈ ဂိုးသွင်း ယူပေးထားနိုင်သည်။

စပါးအသင်းသည် မာရှယ်အား ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း မန်ယူအသင်းက သတ်မှတ်ထားသော ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ကို ပေးချေရမည်ဖြစ်သည်။ မန်ယူအသင်းသည် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသော ပေါင်သန်း ၁၅၀ ရှိ စပါးအသင်းမှ တိုက်စစ်ကစားသမား ဟယ်ရီကိန်းကို ခေါ်ယူရာတွင် အပြောင်းအရွှေ့ တစ်စိတ်တစ်ပိုင်းအဖြစ် မာရှယ်အား အသုံးပြုဖွယ်ရှိနေသည်။ သို့သော်လည်း စပါးအသင်းသည် မာရှယ်၏ တစ်ပတ်လုပ်အားခ ပေါင် ၂၅၀၀၀၀ ကို ပေးချေရန် အခက်အခဲဖြစ်နေသည်။

မန်ယူအသင်းသည် ရီးရဲမက်ဒရစ်ခံစစ်ကစားသမား ရာဖေးလ်ဗာရာနီကို ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူရန် နီးစပ်နေပြီး လက်ရှိတွင် အဆိုပါ ခံစစ်ကစားသမားနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိရန် ဆွေးနွေးနေပြီဖြစ်ကြောင်း သိရသည်။

နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ နည်းပြ ဆိုးလ်ရှားသည် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာကို အိုးထရက်ဖို့ဒ်တွင် ဆက်လက်နေစေလိုကြောင်း သိရသည်။ မန်ယူအသင်းသည် ရာသီအကြို ခြေစမ်းပွဲအဖြစ် နှစ်ပွဲယှဉ်ပြိုင်ကစားထားရာ ဒါဘီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကျူပီအာရ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ လာမည့် ခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၉ ရက်တွင် ဘရန့်ဖို့ဒ်အသင်းနှင့် ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့် ဆေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီး မှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက် မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ၂၅-၇-၂၀၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၉၄ ခုမှ Oxygen Concentrator ၂၆၇၆ ခု၊ Oximeter ၂၂၀၉၀၊ Oxygen Regulator ၁၅၉၀၊ NILRISE FAVIPIRAVIR TABLET ၁၀၀၊ Test Kit ၄၇၂၉၃ ခု၊ Nasal Cannula ၁၂၀၊ Testing Reagent ၃၃၂၀၀၊ Flow Meter ၄၀၀၊ Oxygen Inhalator ၅၁၅ ခု၊ Oxygen Mask ၁၀၀၀၊ ရန်ကုန် ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ်ကုသ ဆေးနှင့် အခြားဆေးမျိုးစုံ ၃၀ မျိုး ၅၅၁၉၇.၈၆ kg၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ ကော့သောင်း၊ မြဝတီ၊ တာချီလိတ်) တွင် ကုမ္ပဏီ ၃၃ ခုမှ Oximeter ၁၁၀၀၊ Oxygen Cylinder Kit15 L အစုံ ၁၀၀၊ Liquid Oxygen ၃၈.၃၂ တန်၊ Surgical Mask / Face Mask ၃၆၀၂၄ Kg၊ Liquid Oxygen ၁၅၃၈၈.၈၃ $m^3$၊ Oxygen Concentrator ၉၆ ခု၊ Disposable (PPE) ၅၄၀၀၊ Oxygen Flow Meter ၁၇၁ ခု၊ Oxygen Face Mask ၅၀၀၀၊ Oxygen Regulator ၂၄၀၀၊ Oxygen Cylinder ၃၇၈၅ခု၊ PPE ၅၄၀၀၊ ဆေးဝါးများနှင့် ဆက်စပ်လျှပ်ဒါန်းပစ္စည်းများ အထုပ် ၁၅၀ တို့ကို ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# လောက်ကိုင်မြို့၌ မိုးသည်းထန်စွာရွာသွန်း မြေပြိုကျမှုကြောင့် နေအိမ်အခန်းရှစ်ခန်း ရွှေ့ပြောင်းနေရာချ

**လောက်ကိုင် ဇူလိုင် ၂၅**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ် (၁) ရပ်ကွက် ကြယ်စင်လမ်းမကြီး ဘေးရှိ ဒေါ်လူဟိုက်ရင် နေအိမ်သည် ဇူလိုင် ၂၄ နှင့် ၂၅ ရက်တို့ တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ်တန်းလျား အနောက်ဘက်ခြမ်း မြေထိန်းနံရံဘက်မှ ရေများစိမ့်ဝင်၍ မြေထိန်း နံရံကာရံထားသည့် ကျောက်များ ပွဲထွက်ပြိုကျခဲ့ရာမှ တစ်ခန်းလျှင် ၁၀ ပတ်လည်ရှိ နေအိမ်အခန်း ရှစ်ခန်းအတွင်းသို့ အဆောက်အအုံ၏ နောက်ကျောဘက်မှ ကျောက်ကြီးများနှင့် မြေများပြိုကျခဲ့သည်။ မြေပြိုကျမှုကြောင့် အခန်း ရှစ်ခန်း၌ နေထိုင် သည့် အိမ်ထောင်စု ရှစ်စုအား မျက်နှာချင်းဆိုင် အခန်းလွတ်နေရာများသို့ ရွှေ့ပြောင်းနေရာချထားခဲ့ကြောင်း၊ ဒဏ်ရာရ သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားခဲ့၍ ပြောင်းရွှေ့နေရာချထားသော အိမ်ထောင်စု ရှစ်ခုမှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၀ ဦး၊ စုစုပေါင်း ၂၉ ဦးတို့အား ဇူလိုင် ၂၅ ရက်က လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရုံးမှ မြို့နယ်ရဲမှူး ငြိမ်းချမ်းအေးနှင့် တပ်ဖွဲ့ဝင်များက ဆန် သုံးအိတ်၊ ကုလားပဲ တစ်အိတ်၊ ဆီ ၂၅ ပိဿာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နန်းမြမြဝင်း**






## ဆန်စက်ရောင်းရန်ရှိသည်

တန် ၁၀၀ကျ (၂လိုင်း) ရွှေပြည်သာစက်မှုဇုန်တွင် ထိုင်ထား(အသစ်နီးပါး) ညှိနှိုင်းဈေးဖြင့် ရောင်းလိုပါသည်။ (မြေမပါ) ငွေပေးချေမှုကို Bank Transferဖြင့် ပေးချေနိုင်ပါသည်။ စိတ်ဝင်စားပါက ဆက်သွယ်ရန်-

ဖုန်း-၀၉-၉၈၀၁၁၉၈၀၇

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ(၂၂)လမ်း၊ အမှတ်(ဂ၉၅/က)၊ မြေကွက်ပေါ်ရှိ (၆)ထပ်တိုက်၏ ပဉ္စမထပ် (၆)လွှာတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်သည့် ဦးအောင်ဇော်ဇော် (၁၂/ပဇတ(နိုင်)၀၁၉၈၈၆)၊ ဦးမျိုးမင်းနိုင် (၁၂/သဃက(နိုင်)၁ဂဂ၅၆၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝဏ္ဏထွန်း (၁၂/ဒဂမ(နိုင်)၀၂၉၉၆၃)မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဒေါ်သီရိဝင်း(LL.B,D.B.L,D.I.L)** | **ဒေါ်ဇင်ဝေထိုက်(LL.M)** |
| **စဉ်-၁၀၁၁၀(၂၉-၇-၂၀၁၄)** | **စဉ်-၄၈၄၀၆(၂၈-၁၂-၂၀၁၆)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉၄၅၀၀၁၉ရ၄၅၊၀၉-၄၅၁၁၀၆ရ၁၃၊၀၉၆၉၁၉၂၈၄၆

**စာ အုပ် စာ ပေ လူ့ မိတ် ဆွေ**

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လစ်လပ်လျက်ရှိသော ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်းကို (၂၀/၂၁/၂၂/၇-၂၀၂၁) ရက်နေ့ထုတ် မြန်မာ့အလင်း နှင့် ကြေးမုံထုတ် သတင်းစာများတွင် ကြော်ငြာထည့်သွင်းခဲ့ပါသည်။

၂။ အဆိုပါ ကြော်ငြာစာပါ လျှောက်ထားလိုသူဝန်ထမ်းများ၏ အသက်ကန့်သတ်ချက်များအား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်-

(က) လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ အငယ်တန်းစာရေး၊ ဒုတိယလက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၁ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၂၆)နှစ်ထက်မကျော်စေရ၊
**(ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက်(၃၅)နှစ်ထက်မကျော်စေရ)**

**အစား**

၂၀-၇-၂၀၂၁ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်စေရ။
**(ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက်(၄၀)နှစ်ထက်မကျော်စေရ)**

(ခ) အမှုတွဲထိန်း၊ ယာဉ်မောင်း-၅၊ ရုံးအကူ၊ အစောင့် လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၁ ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်စေရ၊

**အစား**

၂၀-၇-၂၀၂၁ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၀)နှစ်ထက်မကျော်စေရ၊

၃။ ဝန်ထမ်းသစ်လျှောက်လွှာများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ရုံးအမှတ်(၄၈)၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများအပြင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိခရိုင်ဦးစီးမှူးရုံးများတွင်လည်း ရယူနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။



# ထားဝယ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိ

**ထားဝယ် ဇူလိုင် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့ နံနက်ပိုင်းက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ထားဝယ်မြို့ ဘုမ္မော်ရပ်ကွက် မြစ်ပယ်လမ်းတွင် အရှည် ပေ ၃၀၀ ခန့်နှင့် ရေအမြင့် တစ်ပေခန့် မြင့်တက်နေသဖြင့် ယာဉ်ငယ်နှင့် မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားလာ၍ ရနေပြီး ရှမ္မလည်ဆွဲရပ်ကွက် ဆေးရုံလမ်းတွင် အရှည် ပေ ၂၀၀ ခန့်နှင့် ရေအမြင့် တစ်ပေခွဲခန့် မြင့်တက် နေရာ ဆိုင်ကယ်နှင့် ယာဉ်ငယ်များ ဖြတ်သန်းသွားလာ၍မရရှိဘဲ ယာဉ်ကြီးများသာ ဖြတ်သန်းသွားလာ၍ရကြောင်း သိရသည်။

အလားတူ ထားဝယ်မြို့၊ ထားဝယ်-မေတ္တာလမ်းပိုင်း တလိုင်းတောင်ကျေးရွာနှင့် ကသန်းကျေးရွာ (မိုင်တိုင်အမှတ် ၇/၃နှင့်၀/၄ကြား) အရှည် ပေ ၄၀၀ ခန့် အမြင့် သုံးပေခွဲခန့်၊ ရေမြင့်တက်နေမှုကြောင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သတင်းရရှိသည်။

**ထားဝယ်(ခရိုင်ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၃။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၁၆ ခု | ၆၃၆ ခု |
| ၄။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၁ တိုင် | ၁၆၉ တိုင် |
| ၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၉ တိုင် | ၈၁ တိုင် |
| ၆။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၇။ | ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ခု | - | ၁၈ခု |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၁၃။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၄။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ ဇွန်လ အလှူရှင်စာရင်း

| | | | |
|---|---|---|---|
| ၈၄၃။ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုကောင်းမှု (မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး-၃ ခန်း ဒုတိယအကြိမ် လှူဒါန်း) | နေပြည်တော် | ၁၈၆၇၅၀၀ |
| ၈၄၄။ | ဦးအောင်မျိုးဟိန်း+ဒေါ်နီနီတင်ထွန်း (ဂန္ဓကုဋီတိုက်အဆောက်အဦ၊ ပန်းချီ၊ Sola ပထမအကြိမ်လှူဒါန်း) | ရန်ကုန်မြို့ | ၁၀၀၀၀၀၀၀၀ |
| ၈၄၅။ | ဒေါ်နန်းစန္ဒီ (Phoe La Pyae Kyaw Co.,Ltd) | ပုသိမ်မြို့ | ၅၀၀၀၀၀၀ |
| ၈၄၆။ | ကွယ်လွန်သူ ဦးရဲမြင့်အားရည်စူး၍ ဒေါ်နွဲ့နွဲ့ဝင်းမိသားစုကောင်းမှု | နေပြည်တော် | ၅၀၀၀၀ |
| ၈၄၇။ | ဆရာလေး ဒေါ်ခေမာစာရီ | တပ်ကုန်းမြို့ | ၃၀၀၀၀၀ |
| ၈၄၈။ | အင်းဝဘဏ်(ချမ်းမြသာစည်ဘဏ်ခွဲ) မှဝန်ထမ်းများ | မန္တလေး | ၇၆၀၀၀ |
| ၈၄၉။ | ဦးကျော်စွာစိုး | မန္တလေး | ၁၀၀၀၀၀ |
| ၈၅၀။ | ဦးကျော်ညွန့်+ဒေါ်ခင်သီ | မံစီ | ၅၀၀၀၀ |
| ၈၅၁။ | ကိုတင်ထွန်းအောင်+မနွယ်ဖြူဝင်း | ကန့်ဘလူ | ၁၀၀၀၀၀၀ |
| ၈၅၂။ | စွမ်းရည်ထက် | တောင်ကြီး | ၂၅၀၀၀၀ |
| ၈၅၃။ | ဂျိုးဖြူသာသနာပြုဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်းလှူဒါန်း) | တိုက်ကြီး | ၁၀၀၀၀၀၀ |
| ၈၅၄။ | ကွယ်လွန်သူအဘိုး ဦးသန်းမောင်+ အဘွား ဒေါ်မြလေးနှင့်မိခင် ဒေါ်သန်းသန်းဝင်း+ဦးကျော်မင်း တို့အားရည်စူး၍ (သမီး)မသန်းသန်းဦး၊ မအိအိသွယ်၊ (သား) မောင်ထွန်းနိုင်ဦး+မနှင်းယုအောင်၊ မြေး/မြစ် မောင်သန့်ထက်အောင်၊ မချမ်းမြစံ၊ မသဲရွှေရည်စံ မိသားစုကောင်းမှု | မန္တလေး | ၃၀၀၀၀ |
| ၈၅၅။ | ကွယ်လွန်သူအဘိုး ဦးပိုက်မောင်+ အဘွား ဒေါ်ခင်အုန်း၊ (သား) ဦးကျော်မင်းနှင့် ဒေါ်စိန်မြိုင်တို့အားရည်စူး၍ မြေး/သားသမီး(သမီး)မသန်းသန်းဦး၊ မအိအိသွယ်၊ သား/မြေး(သား)မောင်ထွန်းနိုင်ဦး၊ မနှင်းယုအောင်၊ မြေး/မြစ် မောင်သန့်ထက်အောင်၊ မချမ်းမြစံ၊ မသဲရွှေရည်စံ မိသားစု | မန္တလေး | ၂၀၀၀၀ |
| ၈၅၆။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်မြလှိုင်အား ရည်စူး၍ ဖခင်ကြီး ဦးသန်းဖေနှင့်မိသားစုကောင်းမှု | ရန်ကုန် | ၁၀၀၀၀၀ |
| ၈၅၇။ | အင်းဝဘဏ်(ခိုလမ်ဘဏ်ခွဲ)မှ ဝန်ထမ်းများ | ခိုလမ် | ၆၂၀၀၀ |
| ၈၅၈။ | ကွယ်လွန်သူ ဦးတင်မြင့်အားရည်စူး၍ ဒေါ်တင်လှမိသားစုကောင်းမှု (စကျင်ကျောက်ပြား-၁ ကျင်းလှူဒါန်း) | ရန်ကုန် | ၄၇၀၀၀၀ |
| ၈၅၉။ | ဦးထွန်းရွှေ+ဒေါ်ကြည်အေး | မြစ်ကြီးနား | ၁၁၀၀၀၀ |
| ၈၆၀။ | ဦးတင့်နိုင်+ဒေါ်ဝါဝါဦး(ခ)မမငြိမ်း၊ (သား)ကျော်ဇင်ဝင်း၊ (သမီး)သင်ဇာဝင်းမိသားစု | ပဲခူး | ၁၀၀၀၀၀ |
| ၈၆၁။ | တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များရှိ အရာရှိ/အရာခံ/အကြပ်/ စစ်သည် မိသားစုများ | တောင်ငူ | ၂၃၈၇၇၇၀၀ |
| ၈၆၂။ | ဒေါ်မိမိတင်နှင့်သားတစ်စု | ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၈၆၃။ | ဦးအောင်ကြီး+ဒေါ်ပြုံးနှင့် ဗိုလ်မှူးဖြိုးဝေစိုး+ဒေါ်အိအိကျော်မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၈၆၄။ | ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစိတ္တရ | စမ်းချောင်း | ၂၀၀၀၀၀ |
| ၈၆၅။ | ဒေါ်အေးအေးသင်း | ရန်ကုန်မြို့ | ၂၀၀၀၀ |
| ၈၆၆။ | ဒေါ်နုနုဝင်း | ပဲခူး | ၁၀၀၀၀၀ |
| ၈၆၇။ | (ဗိုလ်ကြီးရဲတင့်)+ဒေါက်တာလွင်လွင် (သား)ဗိုလ်ကြီးရဲမင်းသူ (သမီး)မမိုးမိုးလွင်မိသားစု | နေပြည်တော် | ၁၀၀၀၀၀ |
| ၈၆၈။ | ဒေါ်သင်းသင်းခိုင်(ဧက-၁၀၀၀) | နေပြည်တော် | ၆၀၀၀ |
| ၈၆၉။ | ဦးခင်မောင်ဦး+ဒေါ်လဲ့ရည်သင်း (သား)မောင်ကောင်းခန့်နိုင် မိသားစု | နေပြည်တော် | ၅၀၀၀၀ |
| ၈၇၀။ | ဒေါ်ယုဇနမြင့်လွင်မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၈၇၁။ | ဗိုလ်ကြီးထင်စိုးအောင် | တောင်ကြီးမြို့ | ၁၀၀၀၀ |
| ၈၇၂။ | ဗိုလ်ကြီးသန်းထိုက်ဦး+ဒေါ်ခိုင်ဝါစိုး | ပျဉ်းမနားမြို့ | ၂၀၀၀၀၀ |
| ၈၇၃။ | ကွယ်လွန်သူ ဦးကျော်နိုင်အားရည်စူး၍ ဇနီး ဒေါ်ခင်ပြုံးရီ၊ (သမီး)မေမိုး၊ (သား)ဇွဲမြတ်ပိုင် (စကျင်ကျောက်ပြား-၁ ကျင်းလှူဒါန်း) | ရန်ကုန် | ၄၇၀၀၀၀ |

## ဦးညွန့်လှိုင်
### ဒု/အင်ဂျင်နီယာချုပ်(ငြိမ်း) M.E.P.E
### အသက် (၉၃) နှစ်

ရန်ကုန်မြို့၊ မရန်းကုန်းမြို့နယ်၊ ၉မိုင်၊ ရွှေနှင်းဆီလမ်း၊ အမှတ် (၂၈၉)တွင် နေထိုင်သော (ဦးလှဖေ-ဒေါ်လှတင်)တို့၏သား၊ (ဦးနေလင်း-ဒေါ် မြကြည်)တို့၏သားသမက်၊ ဒေါ်တင်တင်လှ ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးညီညီ-ပါမောက္ခ ဒေါက်တာ သီဂီလှိုင် (ပါမောက္ခချုပ်၊ ငြိမ်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်)၊ ဦးမင်းသူ - ဒေါ်နီလာဝင်းမောင်၊ ဦးအောင်နိုင် - ဒေါ်မေမျိုးခိုင်၊ (ဦးအောင်တင်အေး) - ဒေါ်ခင်စုလှိုင်၊ ဦးသက်လှိုင် - ဒေါ်မေသန္တာအေး တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး (၉)ယောက်၊ မြစ် (၂) ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးညွန့်လှိုင်သည် ၂၅-၇-၂၀၂၂ရက်နေ့ နံနက် ၀၀:၃၀ နာရီတွင် လူကြီးရောဂါဖြင့် အထက်ပါနေအိမ်တွင် ဘဝတပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၆-၇-၂၀၂၂ရက် နံနက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစိုးဝင်း (တက်နေဝန်းပွဲရုံ)
### အသက် (၆၃) နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အမှတ်A/4Aဟံသာရိပ်မွန်လုံးချင်းအိမ်ရာ၊နေ (ဦးအခင်မိုင်-ဒေါ်ကျင်ခွေး)တို့၏သား ၊ ဒေါ်ရီရီချို ၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ကျော်စိုးဦး ၊ မောင်ဟန်လင်းစိုး၊ မအေးအေးပြုံး၊ မောင်နိုင်လင်းစိုး တို့၏ချစ်လှစွာသော မွေးသဖခင်သည် ၂၃-၇-၂၀၂၂ရက်(သောကြာနေ့) နံနက် ၉ : ၁၁နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သစ်တော
နှင့်
သစ်ပင်
ချစ်ခင်တဲ့
လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်
ကိုစိုး

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး၊ လမ်း(၉၀)၊ အမှတ်(၇)နေ၊ စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ ဦးချစ်ကိုကို (မန်နေဂျာ၊ စီမံအုပ်ချုပ်ရေးဌာန၊ Grand Royal Group International Co.,Ltd)၏ ဖခင် ဦးမန်းထွန်းကြည် အသက်(၇၈)နှစ်သည် ၂၄-၇-၂၀၂၂ရက် (စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ သူငယ်ချင်းမိသားစုများ**

## ဒေါ်ကေသီကြွယ်
### အသက်(၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိလောကရပ်ကွက်၊ မိတ္တာလမ်း၊ အမှတ်(၂၀)နေ ဦးသောင်းကြွယ်-ဒေါ်စိန်ဝင်းတို့၏သမီး၊ ဦးအေးလွင်-ဒေါ်မော်မော်တို့၏သမီးချွေးမ၊ ဦးခင်အောင်-ဒေါ်ချိုချိုနှင်းတို့၏ ညီမ၊ ဦးခင်မောင်ကြွယ်(စတသ-၃၇)-ဒေါ်ပြည့်ဖြိုးနိုင်တို့၏အစ်မ၊ ဦးဇင်အောင်အေး (ညွှန်ကြားရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ မောင်ရဲဇင်အောင်ဗိုလ်၊ မောင်ဇွဲထက်အောင်၊ မောင်ကောင်းခန့်မော် တို့၏ကျေးဇူးရှင်မိခင်သည် ၂၅-၇-၂၀၂၂ ရက်(တနင်္လာနေ့) နေ့လယ် ၁၁နာရီ ၃၀မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၂၂ရက်(စနေနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိလောကရပ်ကွက်၊ မိတ္တာလမ်း၊ အမှတ်(၂၀)နေ စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ ဦးဇင်အောင်အေး(ညွှန်ကြားရေးမှူး-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ကေသီကြွယ် အသက်(၅၂)နှစ်သည် ၂၅-၇-၂၀၂၂ရက်(တနင်္လာနေ့) နေ့လယ် ၁၁နာရီ ၃၀မိနစ်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ သူငယ်ချင်းမိသားစုများ**

## သတိပေးနှိုးဆော်ချက်

